# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ချမ်းသာ၏**

သီလရှိခြင်းသည် အိုသည့်တိုင်အောင် ချမ်းသာ၏။ သဒ္ဓါတရား တည်တံ့ခိုင်မြဲခြင်းသည် ချမ်းသာ၏။ ပညာကို ရခြင်းသည် ချမ်းသာ၏။ မကောင်းမှုကို မပြုခြင်းသည် ချမ်းသာ၏။

ခုဒ္ဒကနိကာယ်(ဓမ္မပဒ - ၃၃၃)


၁၃၇၈ ခုနှစ်၊ နတ်တော်လဆန်း ၁၀ ရက် | ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာ ၉ ရက်၊ သောကြာနေ့ | အတွဲ (၅၆)၊ အမှတ်(၀၇၀)


## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဘင်းမ်စတက်၏ အတွင်းရေးမှူးချုပ်အား တွေ့ဆုံ

# မြန်မာနိုင်ငံနှင့် ဘင်းမ်စတက်အဖွဲ့အကြား ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၈**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံအခြေစိုက် ဘင်္ဂလားပင်လယ်အော်ဒေသတွင်း ကဏ္ဍစုံ နည်းပညာနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဦးဆောင်ဦးရွက်ပြုမှု အစီအစဉ် (ဘင်းမ်စတက်)၏ အတွင်းရေးမှူးချုပ် မစ္စတာ ဆူမစ်နာ ကန်ဒလာ အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ဘင်းမ်စတက်အဖွဲ့အကြား ပူးပေါင်းဆောင်ရွက်ရေးနှင့် ဘင်းမ်စတက်အဖွဲ့၏ အနာဂတ်ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဘင်းမ်စတက် အတွင်းရေးမှူးချုပ် မစ္စတာ ဆူမစ်နာ ကန်ဒလာတို့ တွေ့ဆုံ ဆွေးနွေးစဉ်**

# ရခိုင်ပြည်နယ်စုံစမ်းစစ်ဆေးရေးကော်မရှင်က သတင်းထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်

**နေပြည်တော် ဒီဇင်ဘာ ၈**

ရခိုင်ပြည်နယ် မောင်တောဒေသတွင် ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်ခံရမှုများအပေါ် နောက်ခံအခြေအနေများနှင့် အဖြစ်မှန်ပေါ်ပေါက်စေရေး စုံစမ်းစစ်ဆေးရန် ဖွဲ့စည်းထားသည့် စုံစမ်းစစ်ဆေးရေးကော်မရှင်က ယနေ့ရက်စွဲဖြင့် သတင်းထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ပြန်လိုက်သည်။

အဆိုပါ သတင်းထုတ်ပြန်ချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် ၈၉/ ၂၀၁၆ ဖြင့် စုံစမ်းစစ်ဆေးရေးကော်မရှင်ကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် ဖွဲ့စည်းခဲ့သည်။ ယင်းကော်မရှင်၏ ပထမဦးဆုံးသော လုပ်ငန်းဆိုင်ရာ အစည်းအဝေးကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၈ ရက်နေ့တွင် နိုင်ငံတော် ဒုသမ္မတ(၁) ဦးမြင့်ဆွေက ဥက္ကဋ္ဌအဖြစ် ဦးဆောင်ပြီး ကျင်းပခဲ့ပါသည်။

မောင်တောဒေသ တိုက်ခိုက်ခံရခြင်း၏ အကြောင်းအရင်းများ၊ သေဆုံးမှု ဒဏ်ရာရရှိမှု ပျက်စီးဆုံးရှုံးမှုများနှင့် အခြားထိခိုက်မှုများ၊ ဒေသတည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ လုပ်ဆောင်မှုအခြေအနေ မှတ်တမ်းတင်ခြင်း၊ နယ်မြေရှင်းလင်းရေးလုပ်ငန်းများ လုပ်ဆောင်မှုအပေါ် စွပ်စွဲချက်များ မှန်ကန်မှု ရှိ/မရှိ၊ လုံခြုံရေးနှင့် အခြေခံလူ့အခွင့်အရေးများ အာမခံချက်ပေးနိုင်မှု အနေအထား၊ လူသားချင်းစာနာထောက်ထားမှုဖြင့် ကူညီပံ့ပိုးရေးအခြေအနေ၊ ပဋိပက္ခ ကာကွယ် တားဆီးရေးနှင့် နောင်အလားတူဖြစ်စဉ်မျိုး မဖြစ်စေရန် ဆောင်ရွက်ရမည့်လုပ်ငန်းများအတွက် အကြံပြုချက်များ ပေးအပ်သွားရေး စသည့်လုပ်ငန်းများအပါအဝင် ကော်မရှင်က ထမ်းဆောင်ရမည့် တာဝန်များသည် တိုတောင်းသော အချိန်အတွင်းမှာ ကြီးမားကျယ်ပြန့်မှုရှိသည်ကို ကော်မရှင်အဖွဲ့ဝင်များက ကောင်းစွာသတိပြုခံယူထားပါသည်။

ကော်မရှင်အဖွဲ့ဝင်များသည် အထက်ပါတာဝန်များကို ထမ်းဆောင်သည့်အခါ မိမိနိုင်ငံနှင့် နိုင်ငံတကာ စံနှုန်းများနှင့်အညီ မှန်ကန်မျှတစွာနှင့် ပွင့်လင်းမြင်သာစွာ ထမ်းဆောင်သွားမည်ဖြစ်သည်။ နောက်နောင်တွင် ယခုကဲ့သို့သော အခြေအနေနှင့် ပဋိပက္ခကို ရှောင်ရှားနိုင်ရန်အတွက် လုပ်ဆောင်သွားရမည့်နည်းလမ်းများ ဖော်ထုတ်ရာတွင် စစ်မှန်သော သတင်းအချက်အလက်များ ရရှိရေးအတွက် သက်ဆိုင်သောအမျိုးသားအဆင့်နှင့် ဒေသန္တရအဆင့်ရှိ အဖွဲ့အစည်းများနှင့် ထိခိုက်ခံစားရသည့် လူ့အသိုက်အဝန်းများအပါအဝင် လူပုဂ္ဂိုလ်များက ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် ကော်မရှင်အနေဖြင့် အားထားမျှော်လင့်ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ကော်မရှင်သည် တာဝန်ခံမှုရှိစွာဖြင့် အားသွန်ခွန်စိုက် လုပ်ကိုင်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**စုံစမ်းစစ်ဆေးရေးကော်မရှင်**

**ရက်စွဲ။ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်**


KBZ BANK

STRENGTH OF MYANMAR

သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

မြန်မာ့အလင်း

# ပြည်တွင်းငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု

မြန်မာနိုင်ငံသည် အိမ်နီးချင်းအာဆီယံနိုင်ငံများနှင့် တန်းတူရည်တူ ရပ်တည်ယှဉ်ပြိုင်နိုင်ရေးအတွက် ကဏ္ဍအသီးသီးတွင် ဖြည့်ဆည်းဆောင်ရွက်ရမည့်ကိစ္စရပ်များစွာရှိနေသည်မှာ အထင်အရှားဖြစ်ပါသည်။ မြန်မာနိုင်ငံသည် အာဆီယံစီးပွားရေးရပ်မြဲ (AEC) ကျင့်သုံးအကောင်အထည်ဖော်သည့်အချိန်တွင်ဖြစ်စေ၊ ပိုးလမ်းမစီမံကိန်းကို ကျင့်သုံးအကောင်အထည်ဖော်သည့်အချိန်တွင်ဖြစ်စေ တခြားနိုင်ငံတို့၏ ဈေးကွက်ကို ဝင်ရောက်ခွင့်ရမည်ဖြစ်သကဲ့သို့ မိမိနိုင်ငံ၏ဈေးကွက်ကိုလည်း တခြားနိုင်ငံတို့အား ဝင်ရောက်ခွင့်ပြုရမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် မိမိနိုင်ငံ၏ဈေးကွက်အား တခြားနိုင်ငံတို့အား ဖွင့်ပေးနေရချိန်၌ တခြားနိုင်ငံများသို့ တင်ပို့ရောင်းချရမည့်ကုန်ပစ္စည်းတို့ကို ထုတ်လုပ်နိုင်စွမ်းမရှိပါက တိုင်းပြည်၏စီးပွားရေးကို များစွာထိခိုက်စေမည် ဖြစ်ပါသည်။ ပစ္စုပ္ပန်ကာလ၌ပင် ပြည်ပပို့ကုန်သည်သွင်းကုန်နှင့်နှိုင်းယှဉ်ပါက သိသိသာသာနည်းပါးနေခြင်းသည် မြန်မာကျပ်ငွေ လဲလှယ်နှုန်းကျဆင်း နေရခြင်း၏ အခြေခံအကြောင်းရင်းတစ်ရပ်ဖြစ်နေပါသည်။ ပြည်ပပို့ကုန်တိုးမြှင့်ရေး (တစ်နည်းဆိုသော်) စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာ၌ ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးသည် မရှိမဖြစ်လိုအပ်ချက်ဖြစ်ပါသည်။ မည်သည့်အကြောင်းရင်း၊ မည်သည့်ပုဂ္ဂိုလ်၊ မည်သည့်အဖွဲ့အစည်းကြောင့် ငြိမ်းချမ်းရေးမရသည်ဖြစ်စေ၊ ငြိမ်းချမ်းရေးကင်းမဲ့မှု၏ ဆိုးကျိုးကို တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးက ခံစားရမည်ဖြစ်ပါသည်။

နှစ်ပေါင်း ၇၀ နီးပါးရှိပြီးဖြစ်သော ပြည်တွင်းစစ်ရပ်စဲရေးကြိုးပမ်းရာ၌ အခက်အခဲ၊ စိန်ခေါ်ချက်များစွာကို ရင်ဆိုင်ရမည်မှာ ပကတိအရှိတရားဖြစ်ပါသည်။ တခြားနိုင်ငံတို့၏ ပြည်တွင်းငြိမ်းချမ်းရေးကြိုးပမ်းမှုဖြစ်စဉ်များကိုသုံးသပ်ပါက အောင်မြင်မှုရလိုက်၊ နောက်ပြန်ဆုတ်လိုက်နှင့် ချောတိုင်တက်သကဲ့သို့ ကြိုးပမ်းမှုတို့ အကြိမ်ကြိမ်ပြုလုပ်ရသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။ အရေးကြီးသောအချက်မှာ ငြိမ်းချမ်းရေးကြိုးပမ်းမှုတံခါးတို့ကို အသေပိတ်လိုက်သည့်သဘော သက်ရောက်သည့် ခြေလှမ်းတို့ မလှမ်းမိစေရေးဖြစ်ပါသည်။နှစ်ပေါင်း ၇၀ နီးပါးရှိပြီးဖြစ်သော ပြည်တွင်းစစ်မီးငြိမ်းသတ်ရာ၌ တစ်ဖက်၏ သဘောထားရပ်တည်ချက်ကို အခြားတစ်ဖက်က အမှန်တကယ် သိမြင်နားလည်သဘောပေါက်လာစေရန် ကြိုးပမ်းရာတွင် တိုးသာဆုတ်သာရှိသော ရပ်တည်ချက်မျိုးကို ပါဝင်ပတ်သက်လျက်ရှိသော အင်အားစုအသီးသီးက ဆုပ်ကိုင်ရေးသည် မရှိမဖြစ် လိုအပ်ချက်တစ်ရပ်ဖြစ်ပါသည်။ တခြားအရေးကြီးသောအချက်မှာ ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်ရာ၌ ပြည်တွင်းစစ်တွင် ပါဝင်ပတ်သက်လျက်ရှိသော အင်အားစုအားလုံး အကျုံးဝင်ပါဝင်မှသာ စစ်မှန်သောပြည်တွင်းငြိမ်းချမ်းရေးကို ရရှိမည်ဖြစ်ပါသည်။ သို့ဖြစ်၍ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပြည်တွင်းစစ်၌ ပါဝင်ပတ်သက်လျက်ရှိသော အင်အားစုအားလုံးပါဝင်ရေးကို ကန့်သတ်ထားသည့် ကြိုတင်စည်းကမ်းချက် သတ်မှတ်ခြင်းမျိုးကို အင်အားစုအားလုံးက ရှောင်ကြဉ်ရေးသည်လည်း မရှိမဖြစ်လိုအပ်ချက်ဖြစ်ပါသည်။ ချုပ်၍တင်ပြရပါက စစ်မှန်သောပြည်တွင်းငြိမ်းချမ်းရေးကို ပြည်တွင်းစစ်တွင် ပါဝင်ပတ်သက်လျက်ရှိသော အင်အားစုအားလုံးပါဝင်မှသာ ရရှိနိုင်မည်ဖြစ်ကြောင်း လေးစားစွာဖော်ပြအပ်ပါသည်။ ။

# မွေးမြူရေး၊ တိရစ္ဆာန်အစာ၊ ဆေးဝါးနှင့်စိုက်ပျိုးရေးလုပ်ငန်း နိုင်ငံတကာပြပွဲကြီးပြသ




**ရန်ကုန်  ဒီဇင်ဘာ ၈**

မြန်မာ့အကောင်းဆုံး မွေးမြူရေးလုပ်ငန်း၊ တိရစ္ဆာန်အစာ၊ ဆေးဝါးနှင့်စိုက်ပျိုးရေးလုပ်ငန်းများဆိုင်ရာ နိုင်ငံတကာ ကုန်စည်ပြပွဲကြီးကို ဒီဇင်ဘာ ၇ ရက်က ရန်ကုန်မြို့ ဦးဝိစာရလမ်း တပ်မတော်ခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း တက်ရောက်ဖွင့်လှစ်ပေးပြီး ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။ **(ဓါတ်ပုံ)**

အဆိုပါ ပြပွဲကြီးတွင် မွေးမြူရေးလုပ်ငန်းသုံးပစ္စည်းများ၊ တိရစ္ဆာန်အစာနှင့် အစေ့အဆန် အခြောက်ခံစက်များ၊ သိုလှောင်စက်များ၊ တိရစ္ဆာန်ဆေးဝါးများနှင့် အစာကြိတ်စက်များ၊ အစာထုတ်လုပ်ရာ၌ လိုအပ်သောပစ္စည်းများနှင့်အခြားသော ထုတ်ကုန်မျိုးစုံတို့၏ အဆန်းသစ်ဆုံးနည်းပညာများ ပြသထားသည်။

ယင်းပြပွဲတွင် အမေရိကန်၊ ပြင်သစ်၊ အီတလီ၊ ဂျာမနီ၊ နယ်သာလန်၊ အိန္ဒိယ၊ တရုတ်၊ ဗီယက်နမ်နှင့် ကိုရီးယားနိုင်ငံတို့ အပါအဝင် နိုင်ငံပေါင်း ၁၈ နိုင်ငံမှ ကုမ္ပဏီပေါင်း ၂၀၀ ကျော် လာရောက်ပြသပြီး ပြပွဲကို ဒီဇင်ဘာ ၉ ရက်အထိ လာရောက်လေ့လာကြည့်ရှုနိုင်ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**

## ထင်သာမြင်သာ ပြုပြင်စရာ

# ရထားသံလမ်းကူး ဖွင့်/ ပိတ်တံခါး ပြုပြင်ပေးစေလို

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် အမှတ်(၉) ရပ်ကွက်နှင့် သာစုကန်စက်မှုဇုန်ကြားရှိ မီးရထားသံလမ်းကို ယာဉ်များဖြတ်သန်းမောင်းနှင်ရာတွင် အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် မြန်မာ့မီးရထားမှ သံလမ်းနှင့်အညီ ကွန်ကရစ်ဘလောက်တုံးများကို ချဉ်းကပ်လမ်းခင်းခြင်းဆောင်ရွက်ထားသည်ကို ဒီဇင်ဘာ ၆ ရက်က တွေ့မြင်ရသည်။

ယာဉ်နှင့်ရထားသွားလာမှုအန္တရာယ်ကင်းစေရေးအတွက် မီးရထားလာနေစဉ် ယာဉ်များဖြတ်သန်းခွင့်မပြုရန် တားမြစ်သည့် ဖွင့်/ ပိတ် သံပန်းတံခါး၏ အချို့အစိတ်အပိုင်းများ ကျိုးပဲ့ပျက်စီးနေပြီး တံခါးအား ဝါးလုံးဖြင့်ချည်နှောင်ကာ အရံအတားဆောင်ရွက်ထားသည့်မြင်ကွင်းကို တွေ့မြင်ရ၍ လမ်းလုံခြုံရေးအတွက် ရတက်မအေးရပါသဖြင့် လိုအပ်သလိုပြုပြင်ဆောင်ရွက်ပေးပါရန် ဒေသခံများလိုလားလျက်ရှိကြောင်း သိရသည်။

**မြင့်သန်းကြည်(ရွှေပြည်သာ)**



# ပလက်ဝမြို့နေပြည်သူများအတွက် သောက်သုံးရေရရှိရေး ဆောင်ရွက်နေမှုစစ်ဆေး

**ပလက်ဝ  ဒီဇင်ဘာ ၈**

ချင်းပြည်နယ် မင်းတပ်ခရိုင် ပလက်ဝမြို့နေ ဒေသခံပြည်သူများ သောက်သုံးရေရရှိရေးအတွက် ပလက်ဝမြို့မှ ၁၁ မိုင်အကွာရှိ မွန်ထောင့်ကျေးရွာအနီး မွန်ထောင့်ချောင်းရေပေးရေးစီမံကိန်း၏ ရေပိုက်လိုင်းသွယ်တန်းရေးလုပ်ငန်းကို သတ်မှတ်စံချိန်စံညွှန်းကိုက်ညီပြီး အချိန်မီပြီးစီးရေးနှင့် မြို့တွင်းရေလှောင်ကန်သို့ သောက်သုံးရေအမြဲမပြတ်ရောက်ရှိစေရေးတို့အတွက် ဒီဇင်ဘာလပထမပတ်က ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**မောင်မောင်ကျော်(ပလက်ဝ)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း  ၈-၁၂-၂၀၁၆

**ခင်ရတနာ-စုစည်းသည်။**

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၀၆၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၇၀၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၆၄၀/၆၅၀ ကျပ် |
| အောက်တိန်း ၉၂ | ၆၄၀/၆၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၈၀/၆၉၀ ကျပ် |
| ပရီမီယံဒီဇယ် | ၆၅၀/၆၇၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၁၀ · ၀ |
| ဥရောပ | တစ်ယူရို | ၁၄၀၉ · ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၂၃ · ၂၂ |
| ထိုင်း | တစ်ဘတ် | ၃၆ · ၇၁ |
| အိန္ဒိယ | တစ်ရူပီး | ၁၉ · ၀၃၃ |
| တရုတ် | တစ်ယွမ် | ၁၈၈ · ၈၉ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၂ · ၅၀ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၃၅၊ ငွေစာရင်း ၀၁-၅၄၄၃၃၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၃၇၊ Fax ၀၁-၈၆၀၄၅၄၆။

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တူရကီနိုင်ငံ သံအမတ်ကြီးအား တွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၈**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်အား မြန်မာနိုင်ငံဆိုင်ရာ တူရကီနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသည့် H. E. Mr. Kerem Divanhoglu သည် ယနေ့ နံနက် ၁၁ နာရီက နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

**(သတင်းစဉ်)**



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံဆိုင်ရာ တူရကီနိုင်ငံသံအမတ်ကြီး H. E. Mr. Kerem Divanhoglu အား လက်ခံတွေ့ဆုံစဉ် (သတင်းစဉ်)**

# မြန်မာနိုင်ငံ မီဒီယာလွတ်လပ်ခွင့် တိုးမြှင့်ခြင်း အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၈

**အကူးအပြောင်းများ ဆောင်ရွက်ရာတွင် ပုံစံကျလုပရန်၊ လုံခြုံမှုနှင့် တည့်မတ်မှုရှိရန်အတွက် အခြေခံအဆောက်အအုံပြင်ဆင်သည့်အပိုင်းကို လုပ်ဆောင်ရမည်ဖြစ်ပါ ကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပြောကြားသည်။** (အောက်ပုံ)

မြန်မာနိုင်ငံ မီဒီယာလွတ်လပ်ခွင့်တိုးမြှင့်ခြင်း အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီက နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန မြေညီထပ် စုဝေးခန်းမ၌ ကျင်းပစဉ် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

ထို့အပြင် ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနသည် အသွင်ကူးပြောင်းရေးကို ဖော်ဆောင်နေသည့်၊ Democratic Transition ကို လုပ်နေသည့် အစိုးရ၏ ဝန်ကြီးဌာနတစ်ခုဖြစ်ပြီး သက်ဆိုင်သည့်ကဏ္ဍတွင် ဒီမိုကရေစီအသွင်ကူးပြောင်းရေး အောင်မြင်ရန် ဆောင်ရွက်နေပါကြောင်း၊ လွတ်လပ်စွာပြောဆိုခွင့်သည် ဒီမိုကရေစီ၏ အနှစ်သာရတစ်ခုဖြစ်သည့်အတွက် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့်လည်း ဆောင်ရွက်ရမည့် အလုပ်တစ်ခုအနေဖြင့် တန်ဖိုးထားပြီး လုပ်ဆောင်နေပါကြောင်း။

သတင်းမီဒီယာဥပဒေ၊ ပုံနှိပ်ထုတ်ဝေရေးဥပဒေ စသည်ဖြင့် ဥပဒေများရေးဆွဲရာတွင် လွတ်လပ်ခွင့်ကို ဦးတည်ပါကြောင်း၊ သို့သော် ရှိနေသည့် အခြေအနေများနှင့်လည်း ဝေးကွာ၍ မရသည့်အတွက် ဥပဒေများသည် စိတ်တိုင်းကျ ရာနှုန်းပြည့် နိုင်ငံတကာ စံနှုန်းများနှင့် ချိန်ကြည့်ပါက လိုအပ်မှုများ၊ မဆီမလျော်၊ မညီညွတ်မှုများရှိနိုင်ပါကြောင်း ပြောကြားသည်။



တစ်ချိန်တည်းမှာပင် လက်တွေ့လုပ်ဆောင်သည့် အစိတ်အပိုင်းတွင်လည်း လိုက်လျောညီထွေပြောင်းလဲရန် လိုအပ်ပါကြောင်း၊ ပြောင်းလဲသည့်အခါတွင် ခြေလှမ်းညီညီဖြင့် သွားနိုင်ရန် အရေးကြီးပါကြောင်း။

သို့သော် ကျင့်သုံးနိုင်သည့်အဆင့်မဖြစ်ဘဲ ဥပဒေက အပြည့်အဝဆုံးအနေအထား ရောက်သွားပါက ဖြစ်လာနိုင်သည့်ပြဿနာများရှိပါကြောင်း၊ ထို့ကြောင့် ဥပဒေကို ပြင်ဆင်ရာတွင် ပီပီသသဖြစ်အောင် ပြင်စေချင်ပါကြောင်း၊ ဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်သည့်အခါတွင် အဆိုပါဥပဒေကို အမှန်တကယ်လက်တွေ့လိုက်နာကျင့်သုံးနိုင်သည့် အနေအထားဖြစ်အောင် ကြိုတင်ပြင်ဆင်သည့် အလုပ်များကိုလည်း တစ်ပြိုင်နက်တည်း ဆောင်ရွက်စေချင်ပါကြောင်း ပြောကြားသည်။

ယင်းနောက် Myanmar Journalists Association ၏ တွဲဖက်အတွင်းရေးမှူး ဒေါ်လတ်လတ်စိုးနှင့် Article 19 မှ စီမံကိန်းမန်နေဂျာ ဒေါ်ယဉ်ရတနာသိန်းတို့က ဆွေးနွေးပွဲ ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် Article 19 မှ Senior Legal Officer မစ္စတာ ပီယဲ ဒေ့ါကွီယာက ရုပ်သံလွှင့် မီဒီယာနှင့် စည်းကမ်းထိန်းသိမ်းခြင်း၊ ပြည်သူ့ဝန်ဆောင်မှုမီဒီယာနှင့် သတင်းမီဒီယာဥပဒေကို နိုင်ငံတကာစံနှုန်းများဖြင့် ချိန်ထိုးဆွေးနွေးခြင်း အစီအစဉ်များကို ဦးဆောင်ပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့မှ တာဝန်ရှိသူတို့က သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ဆက်လက်၍ မစ္စတာ ပီယဲ ဒေ့ါကွီယာနှင့် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများက သတင်းအချက်အလက် သိရှိခွင့်ဥပဒေနှင့် ပြည်သူလူထုသို့ ကျယ်ပြန့်စွာ မိတ်ဆက်ခြင်းအစီအစဉ်ကို အပြန်အလှန် ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၈**

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက ကြီးမှူး၍ စတုတ္ထမဏ္ဍိုင်ဆုပေးအပ်သည့် ဂုဏ်ပြုပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ ဗိုလ်တထောင်ဘုရားလမ်းရှိ Orchid Hotel ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌကိုယ်စား ဒုတိယဥက္ကဋ္ဌ(၁) ဦးအောင်လှထွန်းက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် အတွင်းရေးမှူး ဦးသီဟစောက စတုတ္ထမဏ္ဍိုင်ဆုပေးပွဲနှင့် ဂုဏ်ပြုပွဲကျင်းပရခြင်းကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒုတိယဥက္ကဋ္ဌ ဒေါက်တာမျိုးသန့်တင်က Myanmar Now News Agency မှ သတင်းထောက်ချုပ် ဦးဆွေဝင်းအား ဂုဏ်ပြုဆုငွေကျပ် သိန်း ၂၀၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုတံဆိပ်တို့ကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တွဲဖက်အတွင်းရေးမှူး ဒေါ်သင်းသင်းသာက မအက်စတာထုဆန်အား ဂုဏ်ပြုဆုငွေကျပ် ငါးသိန်း၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုတံဆိပ်တို့ကို ပေးအပ်ချီးမြှင့်သည်။ ယင်းနောက် ဂုဏ်ပြုဆုရရှိကြသူများက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြသည်။

ထို့နောက် သတင်းမီဒီယာကောင်စီဝင် ဟံသာဝတီဦးအုန်းကြိုင်က နိဂုံးချုပ်စကားပြောကြားသည်။

စတုတ္ထမဏ္ဍိုင်ဆုရရှိသည့် သတင်းထောက်ချုပ် ဦးဆွေဝင်းသည် ရန်ကုန်မြို့ အင်းဝအပ်ချုပ်ဆိုင်၌ ကျွန်ပြုနှိပ်စက်ခံရသော အိမ်အကူမိန်းကလေးငယ် နှစ်ဦး၏ ဘဝအကြောင်းကို စုံစမ်းဖော်ထုတ်သတင်းရေးသားခြင်းဖြင့် ဂုဏ်ပြုဆုရရှိခြင်းဖြစ်သည်။

ထို့အတူ သတင်းထောက် မအက်စတာထုဆန်သည် အရှေ့တောင်အာရှ ပင်လယ်ပြင်၌ ကျွန်ပြုခံရသော မြန်မာအများစုပါဝင်သည့် ရေလုပ်သားများအကြောင်းကို တစ်နှစ်ကျော်ကြာ စုံစမ်းဖော်ထုတ်ရေးသားခဲ့သည့်အတွက် မအက်စတာထုဆန် အပါအဝင် အမျိုးသမီးသတင်းထောက် လေးဦးပါအဖွဲ့ကို ပူလစ်ဇာဆု ချီးမြှင့်ခဲ့သည့်အတွက် ဂုဏ်ပြုဆုချီးမြှင့်ခြင်းဖြစ်ကြောင်း သိရသည်။

**အောင်သူရ**



**သတင်းထောက်ချုပ် ဦးဆွေဝင်းနှင့် သတင်းထောက် မအက်စတာထုဆန်**

# လွှတ်တော်သို့ အဆိုများတင်သွင်းရာ၌ လွှတ်တော်ဆိုင်ရာ နည်းဥပဒေနှင့်အညီတင်သွင်းရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြောကြား

**နေပြည်တော်　ဒီဇင်ဘာ ၈**

လွှတ်တော်အတွင်း လွှတ်တော်ကိစ္စများ ဆောင်ရွက်ရာတွင် ဥပဒေကို ကျေကျေညက်ညက် ဖတ်ရှုပြီး ညီညွတ်မှုတရန်နှင့် မညီညွတ်ပါက ဥက္ကဋ္ဌအနေဖြင့် ခွင့်ပြုမည်မဟုတ်ကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ယနေ့ကျင်းပသည့် အမျိုးသားလွှတ်တော်တွင် ပြောကြားသည်။

ရခိုင်ပြည်နယ်အတွင်း လက်ရှိဖြစ်ပွားနေသော ကိစ္စရပ်များနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်ဝင်း၏ အဆိုတင်သွင်းမှု မစတင်မီ လွှတ်တော်ဥက္ကဋ္ဌက အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ကျော်ဝင်းက **မောင်တောခရိုင်အတွင်းရှိ တိုင်းရင်းသားမျိုးနွယ်စုအားလုံး အသက်အန္တရာယ်ကင်းဝေးပြီး စားဝတ်နေရေး အဆင်ပြေစွာ ဘဝလုံလုံခြုံခြုံရပ်တည်နိုင်ရေး၊ အကြမ်းဖက်သမားများ ကျူးကျော်သူများ နောက်ထပ် မကျူးကျော်နိုင်ရေး စီမံဆောင်ရွက်ပေးပါရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို နိုဝင်ဘာ ၂၃ ရက်က အရေးကြီးအဆိုအဖြစ် တင်သွင်းခဲ့ခြင်းဖြစ်ပြီး လွှတ်တော်ဥက္ကဋ္ဌက အဆိုဆိုင်ရာ၊ ၂၀၁၅ ခုနှစ် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများနှင့် ကိုက်ညီမှု မရှိသည့်အတွက် ပထမအကြိမ် အဆိုတင်သွင်းစဉ်ကပင် ဆွေးနွေးခွင့်ပြုခဲ့ခြင်းမရှိကြောင်း သိရသည်။

လွှတ်တော်ကိုယ်စားလှယ်အနေဖြင့် အဆိုတင်သွင်းခွင့်မရသည့်အတွက် သတင်းမီဒီယာများနှင့်တွေ့ဆုံစဉ် ဥက္ကဋ္ဌက ဥပဒေနှင့်မညီကြောင်း ရှင်းလင်းချက်ကို မပြောကြားဘဲ မေးခွန်းအဖြစ် ပြောင်းလဲမေးရန်ပြောပါသည်ဟု ပြောကြားခဲ့သည့်အတွက် အဓိပ္ပာယ်ပြောင်းလဲပြီး လွှတ်တော်၏ ပုံရိပ်ကို ထိခိုက်ခဲ့ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်အနေဖြင့် မလုပ်သင့်သည့် ကိစ္စဖြစ်ပါကြောင်း၊ လွှတ်တော်ဥက္ကဋ္ဌ မပြောသောစကားကို ပြောပြီး ပြောသည့်စကားကို ထိမ်ချန်ထားပါကြောင်း၊ ထို့ကြောင့် ၎င်း၏ လုပ်ရပ်သည် မမှန်သတင်းပေးထဲတွင် ပါဝင်ပြီးမှန်သော အကြောင်းအရာများကို ထိမ်ချန်သည့်ကိစ္စဖြစ်ပါကြောင်း၊ ထို့ကြောင့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် သတိထားရန် ပြောကြားလိုပါကြောင်း လွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ပြောကြားသည်။

၂၀၁၅ ခုနှစ် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေပါ အရေးကြီးကိစ္စတစ်ရပ်ကို ဆွေးနွေးရန် အဆိုတင်သွင်းခြင်းနှင့် ဆွေးနွေးခြင်းကဏ္ဍ၏ နည်းဥပဒေ ၁၆၄(က) အပိုဒ်ခွဲ(၂) တွင် **အဆိုသည် လောလောဆယ် ပေါ်ပေါက်လာသော ကိစ္စလည်းဖြစ်၍ အများပြည်သူနှင့် အရေးတကြီး သက်ဆိုင်သော ကိစ္စလည်းဖြစ်ပြီးလျှင် လွှတ်တော်၏ ဆုံးဖြတ်ချက်ကို ရယူရန်လိုအပ်သော ကိစ္စလည်းဖြစ်ရမည်**ဟု ပါရှိပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ် တင်သွင်းသည့် အရေးကြီးအဆိုတွင် လောလောဆယ် ပေါ်ပေါက်လာသော ကိစ္စလည်းဖြစ်ရမည်ဆိုသည်နှင့် ကြည့်ပါက တင်သွင်းသည့် အဆိုသည် လောလောဆယ် ဖြစ်ပေါ်လာသော ကိစ္စမဟုတ်ဘဲ ဖြစ်သည့် အချိန်ကာလမှာ ကြာပြီဖြစ်ပါကြောင်း၊ အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ အစိုးရအဖွဲ့နှင့် တပ်မတော်တို့က ဆောင်ရွက်နေပြီး တပ်မတော်က ချက်ချင်းအရေးယူဆောင်ရွက်သည့်အတွက် လူ့အခွင့်အရေး ချိုးဖောက်ပါသည်ဟု အပြောခံနေရပါကြောင်း၊ တပ်မတော်အနေဖြင့် အားကြိုးမာန်တက် ဆောင်ရွက်နေသည့်အပြင် အထူးတပ်ဖွဲ့များကိုပါ ပေးပို့ထားပါကြောင်း၊ ထို့ကြောင့် ၎င်းကိစ္စသည် လောလောဆယ်ဖြစ်သောအချက်နှင့် မညီညွတ်ပါကြောင်း၊ အများပြည်သူနှင့် အရေးတကြီးသက်ဆိုင်သောကိစ္စနှင့် ကိုက်ညီသော်လည်း လွှတ်တော်၏ ဆုံးဖြတ်ချက်ကို ရယူသောကိစ္စနှင့် မညီညွတ်ပါကြောင်း၊ လုံခြုံရေးတာဝန် ထမ်းဆောင်နေသည့် တပ်မတော်နှင့် ရဲတပ်ဖွဲ့၏ ဆောင်ရွက်နေမှုများကို လွှတ်တော်၌ ဆုံးဖြတ်ချက်ယူရန်လည်း မလိုအပ်ပါကြောင်း၊ ၎င်းတို့၏ လုပ်ငန်းတာဝန်ကို ထမ်းဆောင်နေခြင်းဖြစ်၍ လွှတ်တော်၏ ဆုံးဖြတ်ချက် ရယူရန် မလိုအပ်သည့်အတွက် ယခုအချက်နှင့်လည်း မညီသည်ကို လွှတ်တော်ကိုယ်စားလှယ်အား အသေအချာ ရှင်းလင်းပြောကြားခဲ့ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌက ပြောကြားသည်။

ထို့ပြင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်ကိုယ်စားလှယ်ဆိုသည်မှာ ယခုကဲ့သို့ ပြည်သူလူထု အထင်မှားနိုင်မည့် ဥက္ကဋ္ဌ မပြောသည့်စကားကို အပြောလုပ်၍ ပြောသည့်စကားကို ထိမ်ချန်ခြင်းသည် လူကြီးလူကောင်းများ၏ လုပ်ရပ်မဟုတ်ပါကြောင်း၊ နောက်နောင် လူကြီးလူကောင်းပီသစွာ၊ ပြောဆိုလုပ်ကိုင်ရန် သတိပေးလိုပါကြောင်း၊ ယခုသာမန်အဆိုကို လွှတ်တော်ကိုယ်စားလှယ်က တင်သွင်းရာတွင် ဥက္ကဋ္ဌအနေဖြင့် ခွင့်ပြုပေးခဲ့ပါကြောင်း၊ ခွင့်မပြု၍လည်း ရပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်အနေဖြင့် အခွင့်အရေးများရှိသကဲ့သို့ တာဝန်များလည်း ရှိပါကြောင်း၊ သာမန်အဆိုကို ၂၀၁၅ ခုနှစ် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၆ အရ တင်၍ရပါကြောင်း၊ အဆိုများနှင့်ပတ်သက်ပြီး နည်းဥပဒေ ၁၅၈(စ)တွင် ဥက္ကဋ္ဌက ခွင့်မပြုသေးမီ မည်သည့်အဆိုကိုမျှ ထုတ်ပြန်ကြေညာခြင်း မပြုရဟု ပြဋ္ဌာန်းထားပါကြောင်း၊ ယခု ဥက္ကဋ္ဌက ခွင့်ပြုလိုက်ပါကြောင်း၊ ခွင့်မပြုမီကတည်းက မီဒီယာများတွင် ယခုအဆိုအတိုင်း သည်၊ ၏ မရွေးအကုန်ထုတ်ပြန်ထားပြီးဖြစ်ပါကြောင်း၊ နည်းဥပဒေ ၁၅၈(စ)နှင့် မညီညွတ်ဘဲ ငြိစွန်းနေပါကြောင်း၊ ဥက္ကဋ္ဌအနေဖြင့် လက်မခံပါက လွှတ်တော်၏ ပုံရိပ်ကို ထိခိုက်မည်ဖြစ်သည့်အတွက် လက်ခံပြီး လွှတ်တော်တွင် ရှင်းလင်းမှု လွှတ်တော်ကိုယ်စားလှယ်အနေဖြင့် လိုက်နာနိုင်မည်၊ လိုက်နာလိမ့်မည်ဟု ယူဆပြီး ယခု လွှတ်တော်သို့ တင်ပြရခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ထိုသို့ လွှတ်တော်ဥက္ကဋ္ဌ၏ ပြောကြားမှုအပြီးတွင် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ကျော်ဝင်းက အဆိုကို ရုပ်သိမ်းခွင့်ပြုရန် တင်ပြရာ လွှတ်တော်က ခွင့်ပြုခဲ့သည်။

**သူရဇော်(သတင်းစဉ်)**




တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နယ်မြေခံတပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် နယ်မြေခံတပ်နယ်မှ မိသားစုများအားတွေ့ဆုံ

**နေပြည်တော်　ဒီဇင်ဘာ ၈**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဖုန်းမြတ်နှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် မိုင်းရယ်မြို့နှင့် တန့်ယန်းမြို့တို့သို့ သွားရောက်ပြီး နယ်မြေခံတပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုများအား တွေ့ဆုံသည်။ **(အပေါ်ပုံ)**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် မိုင်းရယ်တပ်နယ်နှင့် တန့်ယန်းတပ်နယ်ရှိ နယ်မြေခံတပ်ရင်းခန်းမ၌ တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကား ပြောကြားသည်။ တွေ့ဆုံပွဲအပြီးတွင် မိုင်းရယ်တပ်နယ်နှင့် တန့်ယန်းတပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုများအတွက် တပ်တော်ကာကွယ်ရေးဦးစီးချုပ်က စားသောက်ဖွယ်ရာများကို ပေးအပ်ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှက တပ်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကို ပေးအပ်သည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများက စားသောက်ဖွယ်ရာများနှင့် အားကစားပစ္စည်းများကို ပေးအပ်ကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

**(သတင်းစဉ်)**

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့ ဖိလစ်ပိုင်နိုင်ငံမှ ပြန်လည်ရောက်ရှိ

**နေပြည်တော်　ဒီဇင်ဘာ ၈**

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ကျင်းပသည့် (၁၇)ကြိမ်မြောက် အာဆီယံ ကြည်းတပ်ဦးစီးချုပ်များအစည်းအဝေး 17th ASEAN Chiefs of Army Multilateral Meeting (17th ACAMM) နှင့် 26th ASEAN Armies Rifle Meet (26th AARM) ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည့် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီးနှင့် မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် ဖိလစ်ပိုင်နိုင်ငံဆိုင်ရာ မြန်မာစစ်သံမှူးနေအိမ်၌ စစ်သံမှူး ဗိုလ်မှူးကြီး ဝင်းမြတ်နှင့်ဇနီး၊ စစ်သံရုံးမိသားစုများအား တွေ့ဆုံ၍ အားပေးစကားပြောကြားကာ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြသည်။

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးနှင့် မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့သည် ဒေသစံတော်ချိန် နံနက် ၁၁ နာရီ မိနစ် ၄၀ တွင် ဖိလစ်ပိုင်နိုင်ငံမှ ပြန်လည်ထွက်ခွာကြရာ ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိကြသည်။

ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် လင်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ ပြန်လည်လိုက်ပါလာကြပြီး လေဆိပ်၌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မျိုးဇော်သိန်းနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

# အီဂျစ်နိုင်ငံဆိုင်ရာ သံအမတ်ကြီး ဦးမြင့်လွင်အား အယ်လ်ဂျီးရီးယားသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**နေပြည်တော်　ဒီဇင်ဘာ ၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အီဂျစ်အာရပ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမြင့်လွင်အား ၎င်း၏လက်ရှိတာဝန်ဝတ္တရားများအပြင် အယ်လ်ဂျီးရီးယား ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ရုရှားသံအမတ်ကြီးနှင့် API မှ ဒါရိုက်တာအား တွေ့ဆုံ

**နေပြည်တော်　ဒီဇင်ဘာ ၈**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုသည် မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး H.E . Kr. Nikolay Listopadov အား ယနေ့ နံနက် ၁၀ နာရီတွင်လည်းကောင်း၊ အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့အခြေစိုက် AJC´s Asia Pacific Institute (API) မှ ဒါရိုက်တာ Shira Loewenberg နှင့် အဖွဲ့အား မွန်းလွဲ ၁၂ နာရီခွဲတွင် လည်းကောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၌ သီးခြားစီ လက်ခံတွေ့ဆုံသည်။

မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီးနှင့်ဆွေးနွေးစဉ် သာသနာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ လည်းကောင်း၊ အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့အခြေစိုက် AJC´s Asia Pacific Institute (API) မှ ဒါရိုက်တာ Shira Loewenberg နှင့်အဖွဲ့အား တွေ့ဆုံဆွေးနွေးစဉ် နှစ်နိုင်ငံအကျိုးတူကိစ္စများ၊ မြန်မာနှင့် အမေရိကန်တို့အကြား သံတမန်နှင့် စီးပွားရေးအပါအဝင် နှစ်နိုင်ငံဆက်ဆံရေး၊ မြန်မာနှင့် အစ္စရေးနှစ်နိုင်ငံဆက်ဆံရေး၊ ဒေသတွင်းနှင့် ကမ္ဘာ့လုံခြုံရေးရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ လည်းကောင်း ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းစည်းဝေး

**နေပြည်တော်　ဒီဇင်ဘာ ၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော်စိုက်ပျိုးရေးဦးစီးမှူးရုံး၌ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် မျိုးကောင်းမျိုးသန့် စိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဒီဇင်ဘာ ၅ ရက်နှင့် ၆ ရက်တို့တွင် ကျင်းပရာ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ဦးစီးမှူးများနှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ရှိ သီးနှံကာကွယ်ရေး၊ မြေအသုံးချရေးနှင့် မျိုးစေ့တာဝန်ခံများ တက်ရောက်ကြသည်။

ရှေးဦးစွာ နေပြည်တော်တိုင်းဦးစီးမှူး ဦးတင်ဦးကြိုင်က ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအား ရှင်းလင်းပြီး ခရိုင်၊ မြို့နယ်ဦးစီးမှူးများနှင့် သီးနှံကာကွယ်ရေး၊ မြေအသုံးချရေးနှင့် မျိုးစေ့တာဝန်ခံများက ပြန်လည်ဆွေးနွေးကြသည်။ ပြည်ထောင်စု နယ်မြေအတွင်း လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ မျိုးကောင်းမျိုးသန့် စိုက်ပျိုးနိုင်ရေး၊ ထုတ်လုပ်မှုကုန်ကျစရိတ်လျှော့ချနိုင်ရေးနှင့် အရည်အသွေးကောင်းသီးနှံများ ထုတ်လုပ်နိုင်ရေးတို့ကို ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

**မောင်ကျော်ကြီး**

❖ *ကျော်ဖုံးမှ*

စုံစမ်းစစ်ဆေးရေးကော်မရှင် ဥက္ကဋ္ဌ က ကော်မရှင်အနေဖြင့် အောက်တိုဘာ ၉ ရက်က ဖြစ်ပွားခဲ့သည့် ဖြစ်စဉ် ၃ ခု၊ အောက်တိုဘာ ၁၀ ရက်မှ နိုဝင်ဘာ ၉ ရက်အထိ နောက်ဆက်တွဲဖြစ်ပွားခဲ့သည့် ဖြစ်စဉ် ၁၂ ခု၊ နိုဝင်ဘာ ၁၂ ရက်က ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်သုံးခု၊ နိုဝင်ဘာ ၁၃ ရက်က ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်နှစ်ခုတို့နှင့် ပတ်သက်၍ ဖြစ်စဉ်နေရာများသို့သွားရောက်ပြီး ဖြစ်စဉ်အသေးစိတ်ကို မြေပြင်တွင်သွားရောက် စစ်ဆေးဖော်ထုတ်၍ အစီရင်ခံစာရေးသားကြရမည်ဖြစ်ကြောင်း။ ထို့ကြောင့် ဘူးသီးတောင်၊ မောင်တောဒေသရှိ ဖြစ်စဉ်နေရာများသို့ အမြန်ဆုံးသွားရောက်ရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ရခိုင်ပြည်နယ် စုံစမ်းစစ်ဆေးရေးကော်မရှင် ပထမအကြိမ်ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပစဉ် စုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ယခုအစည်းအဝေးသည် ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁ ရက်က နိုင်ငံတော် သမ္မတရုံး၏ အမိန့်ကြော်ငြာစာဖြင့် ဖွဲ့စည်းပေးခဲ့သည့် စုံစမ်းစစ်ဆေးရေးကော်မရှင်၏ ပထမဆုံးအကြိမ် ကျင်းပသည့် အစည်းအဝေးဖြစ်သည်။

**တင်ပြရမည်**

အဆိုပါကော်မရှင်သည် ၂၀၁၆ ခုနှစ် အောက်တိုဘာ ၉ ရက်နှင့် နိုဝင်ဘာ ၁၂ ရက်၊ ၁၃ ရက်က မောင်တောဒေသတွင်ဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်ခံရမှုများအပေါ် ဖြစ်ပွားရသည့် နောက်ခံအခြေအနေများနှင့် အဖြစ်မှန်ပေါ်ပေါက်စေရေး စုံစမ်းစစ်ဆေးရန်နှင့် နောင်အလားတူဖြစ်စဉ်မျိုး ထပ်မံမဖြစ်ပွားစေရေး၊ ဖြစ်စဉ်များနှင့်ပတ်သက်၍ ဆောင်ရွက်နိုင်မှုတွင် နိုင်ငံတော်၏တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခဲ့ ခြင်းရှိ မရှိကို စစ်ဆေးသုံးသပ်ပြီး အကြံပြုချက်များအဖြစ် စုံစမ်းစစ်ဆေးရေးအစီရင်ခံစာကို နိုင်ငံတော်သမ္မတထံ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၃၁ ရက်နေ့အရောက် တင်ပြရမည်ဖြစ်သည်။

စတင်ဖြစ်ပွားသည့် အောက်တိုဘာ ၉ ရက်မှ ယနေ့အထိ နောက်ဆုံးအခြေအနေများအရ ကျဆုံးတပ်မတော်သားခုနစ်ဦး၊ ကျဆုံးရဲတပ်ဖွဲ့ဝင် ၁၀ ဦး၊ ဒဏ်ရာရ တပ်မတော်သားသုံးဦး၊ ဒဏ်ရာရရဲတပ်ဖွဲ့ဝင် ခုနစ်ဦး၊ အရပ်သားတစ်ဦး၊ တပ်မတော်မှ လက်နက်နှစ်လက်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ လက်နက် ၃၉ လက် ဆုံးရှုံးခဲ့သည်။ တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ပူးပေါင်းစစ်ကြောင်းများက အကြမ်းဖက်တိုက်ခိုက်မှုတွင် ပါဝင်သူများအား စုံစမ်းဖော်ထုတ်အရေးယူနိုင်ရေး၊ ပါဆုံးသွားသော လက်နက်ခဲယမ်း များအား ပြန်လည်ရရှိရေးအတွက် နယ်မြေရှင်းလင်းမှုများ ဆောင်ရွက်ရာတွင် အကြမ်းဖက်တိုက်ခိုက်သည့်အဖွဲ့များနှင့်မကြာခဏထိတွေ့မှုများ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

**သတ်မှတ်ပေးထား**

ဒုတိယသမ္မတ ဦးမြင့်ဆွေက မိမိတို့ကော်မရှင်အတွက် နိုင်ငံတော်သမ္မတရုံးက မောင်တောဒေသတွင် ဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်ခံရမှုများ ဖြစ်ပွားခဲ့သည့် နောက်ခံအခြေအနေ၊ ဖြစ်ပွားရသည့်အကြောင်းအရင်းနှင့် အကြမ်းဖက်တိုက်ခိုက်ခံရမှုဖြစ်စဉ်များ၊ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် သေဆုံး၊ ဒဏ်ရာရရှိမှု၊ ပျက်စီးဆုံးရှုံးမှုများနှင့် အခြားထိခိုက်မှုများ၊ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးဆောင်ရွက်ချက်များ၊ နယ်မြေရှင်းလင်းစိုးမိုးရေး ဆောင်ရွက်ချက်အပေါ် ပြင်ပမှစွပ်စွဲချက်များ မှန်ကန်မှုရှိ မရှိ၊ ပြည်သူများ၏ လုံခြုံရေးနှင့် အခြေခံအခွင့်အရေးများအား အာမခံချက်ပေးနိုင်ရေး၊ ပဋိပက္ခများ ကြိုတင်ကာကွယ်ရေး၊ လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးအပ်ရေး၊ စုံစမ်းစစ်ဆေးတွေ့ရှိချက်များအပေါ် အခြေခံ၍ နောင်အလားတူဖြစ်စဉ်မျိုး ထပ်မံမဖြစ်ပွားစေရေးအတွက် ဆောင်ရွက်သင့်သည့်အစီအမံများကို တင်ပြရေးဆိုသည့် အဓိကအချက်ခုနစ်ချက်ကို သတ်မှတ်ပေးထားပါကြောင်း ပြောကြားသည်။

ကော်မရှင်အတွင်းရေးမှူး ဦးဇော်မြင့်ဖေက ကော်မရှင်ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းနှင့် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ကော်မရှင်အဖွဲ့ဝင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရဲချုပ်ကိုယ်စား ရဲဦးစီးအရာရှိချုပ်ရဲမှူးချုပ်မျိုးဆွေဝင်းက မောင်တောဒေသ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားရသည့် နောက်ခံအခြေအနေများ၊ ဖြစ်ပွားရသည့် အကြောင်းအရင်းများနှင့် ဖြစ်စဉ်များကို ရှင်းလင်းတင်ပြသည်။

**အကြံပြုဆွေးနွေး**


ထို့နောက် ကော်မရှင်အဖွဲ့ဝင်များက မောင်တောဒေသတွင် ဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်ခံရမှုများ ဖြစ်ပွားခဲ့သည့် နောက်ခံအခြေအနေ၊ ဖြစ်ပွားရသည့်အကြောင်းအရင်းနှင့် အကြမ်းဖက်တိုက်ခိုက်ခံရမှုဖြစ်စဉ်များ၊ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် သေဆုံး၊ ဒဏ်ရာရရှိမှု၊ ပျက်စီးဆုံးရှုံးမှုများနှင့် အခြားထိခိုက်မှုများ၊ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးဆောင်ရွက်ချက်များ၊ နယ်မြေရှင်းလင်းစိုးမိုးရေး ဆောင်ရွက်ချက်အပေါ် ပြင်ပမှစွပ်စွဲချက်များ မှန်ကန်မှုရှိ မရှိ၊ ပြည်သူများ၏ လုံခြုံရေးနှင့် အခြေခံအခွင့်အရေးများအား အာမခံချက်ပေးနိုင်ရေး၊ ပဋိပက္ခများ ကြိုတင်ကာကွယ်ရေး၊ လူသားချင်းစာနာထောက်ထားမှု အကူအညီများပံ့ပိုးရေး၊ စုံစမ်းစစ်ဆေးတွေ့ရှိချက်များအပေါ်အခြေခံ၍ နောင်အလားတူဖြစ်စဉ်မျိုး ထပ်မံမဖြစ်ပွားစေရေးအတွက် ဆောင်ရွက်သင့်သည့် အစီအမံများကို တင်ပြနိုင်ရေးတို့အတွက် မိမိတို့အတွေ့အကြုံများအပေါ် အခြေခံ၍ အကောင်အထည်ဖော်ဆောင်ရွက်ရန် နည်းလမ်းများကို ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးမြင့်ဆွေက ရှင်းလင်းတင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်ပြောကြားသည်။

ယနေ့အစည်းအဝေးသို့ ရခိုင်ပြည်နယ် စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဦးအောင်ကြည်၊ ဦးထွန်းမြတ်၊ ဒေါက်တာသက်သက်ဇင်၊ ဒေါက်တာအောင်ထွန်းသက်၊ ဦးညွန့်ဆွေ၊ ဦးစောသလေးစော၊ ဦးအောင်နိုင်၊ ဒေါက်တာလှမောင်၊ ဦးသာဉာဏ်၊ အတွင်းရေးမှူး ဦးဇော်မြင့်ဖေနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# စာနယ်ဇင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရ တုံ့ပြန်သွားမည်




ဗြိတိန်နိုင်ငံ Daily Mail သတင်းဌာန၏ Online စာမျက်နှာ၌ မှားယွင်းဖော်ပြခဲ့သည့် ဓာတ်ပုံကို တွေ့ရစဉ်




ဗြိတိန်နိုင်ငံ Daily Mail သတင်းဌာန၏ Online စာမျက်နှာ၌ မှားယွင်းဖော်ပြခဲ့သည့် ဓာတ်ပုံကို တွေ့ရစဉ်

✻ *ကျော်ဖုံးမှ*

ထိုသို့သတင်းမှားဖြစ်ကြောင်း ဝေဖန်ချက်ရေးသားမှုများ တွေ့မြင်ရပြီးနောက် Daily Mail သတင်းစာမျက်နှာမှ ယင်းသတင်းကို ဖြုတ်ချသွားခဲ့သော်လည်း အခြားအွန်လိုင်းစာမျက်နှာအချို့တွင် Daily Mail မှ ရရှိသော သတင်းဟူ၍ဖော်ပြလျက် ထပ်ဆင့်ဖော်ပြမှုများကျန်ရှိနေကြောင်း၊ Daily Mail ၏ မဟုတ်မမှန်သတင်းမှားကို အခြေခံ၍ စွပ်စွဲပြောကြားမှုများမှာ လူမှုကွန်ရက်မီဒီယာ တစ်ခုဖြစ်သည့် Twitter တွင်လည်း ကျယ်ကျယ်ပြန့်ပြန့် ပျံ့နှံ့လျက်ရှိကြောင်း တွေ့ရှိရသည်ဟု သိရသည်။

**အမြင်လွဲမှား**

မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့ခြင်း မဟုတ်ဘဲ အခြားနိုင်ငံတွင် ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်မှတ်တမ်းများကို လွဲမှားစွာ အသုံးပြု၍ သတင်းမှား ချဲ့ကားဖော်ပြခြင်းကြောင့် မြန်မာနိုင်ငံအပေါ်အထင်အမြင်လွဲမှားမှုများ ပိုမိုမြင့်တက်လာစေခဲ့ကြောင်း တွေ့ရသည်။

သို့သော်လည်း Daily Mail အနေဖြင့် သတင်းမှားဖော်ပြမိခြင်းအတွက် အမှားပြင်ဆင်ခြင်း၊ တာဝန်ယူခြင်းများ တစ်စုံတစ်ရာမရှိဘဲ သတင်းမှားကိုသာ ပြန်လည်ဖြုတ်ချသွားခဲ့သည်ကို တွေ့ရသည်။

**ပျံ့နှံ့လျက်ရှိ**

ရခိုင်ပြည်နယ်အတွင်း အောက်တိုဘာ ၉ ရက်၊ နိုဝင်ဘာ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် ဖြစ်ပွားခဲ့သော လုံခြုံရေးတပ်ဖွဲ့ဝင်များအား အကြမ်းဖက်စီးနင်းတိုက်ခိုက်ခံရမှုများ ဖြစ်ပွားပြီးနောက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိသော်လည်း မောင်တောဒေသတွင် ဖြစ်ပွားခဲ့ခြင်းမဟုတ်သည့် အခြားနေရာဒေသများမှ ဓာတ်ပုံများ၊ ဗီဒီယိုမှတ်တမ်းများ၊ လုပ်ကြံဖန်တီးထားသည့် သတင်းမှားများ အမြောက်အမြားပျံ့နှံ့လျက်ရှိသည်။

**သတင်းမှားဖော်ပြ**

မကြာမီကလည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ Cox's Bazar အခြေစိုက် UNHCR ဝန်ထမ်းတစ်ဦးဖြစ်သော John McKissick ၏ ကုလသမဂ္ဂဝန်ထမ်းတစ်ဦး၏ ကျင့်ဝတ်သိက္ခာနှင့် မညီဘဲ တာဝန်မဲ့ပြောကြားချက်များကို အခြေခံပြီး မမှန်သတင်းများကို BBC၊ CNN၊ CNA နှင့် Al Jazeera စသော သတင်းဌာနများက ဖော်ပြခဲ့ကြပြီးနောက်တွင် ယခုကဲ့သို့ Daily Mail သတင်းဌာနက သတင်းမှား ထပ်မံဖော်ပြလာခဲ့ခြင်းဖြစ်သည်။

Daily Mail သတင်းစာသည် UK အခြေစိုက် သတင်းစာတစ်စောင်ဖြစ်ပြီး Daily Mail and General Trust က ပိုင်ဆိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# စင်ကာပူ-မြန်မာ သက်မွေးပညာသင်တန်းကျောင်းမှ သင်တန်းသား သင်တန်းသူ ၁၀ ဦး စင်ကာပူနိုင်ငံသို့ အလုပ်သင်သွားရောက်မည်

**ရန်ကုန် ဒီဇင်ဘာ ၈**

စင်ကာပူ-မြန်မာ သက်မွေးပညာသင်တန်းကျောင်း (SMVTI) ရှိ ဘာသာရပ် ၁၀ မျိုးမှ ထူးချွန်သင်တန်းသား သင်တန်းသူ ၁၀ ဦးသည် ပထမအကြိမ်အဖြစ် ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်မှ ၂၀၁၇ ခုနှစ် ဇွန် ၁၄ ရက်အထိ စင်ကာပူသမ္မတနိုင်ငံသို့ ခြောက်လကြာ အလုပ်သင်အဖြစ် သွားရောက်မည်ဖြစ်ကြောင်း သိရသည်။

သင်တန်းသား သင်တန်းသူများသည် စင်ကာပူသမ္မတနိုင်ငံရှိ သက်ဆိုင်ရာလုပ်ငန်းခွင်များ၌ ကြီးကြပ်သူတစ်ဦးစီ၏ ကြပ်မတ်မှုအောက်၌ အလုပ်သင်အဖြစ် လုပ်ဆောင်ရမည်ဖြစ်သည်။

မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံအမတ်ကြီး မစ္စတာ ရောဘတ်ချွာက "ရွေးချယ်ခြင်းခံရတဲ့ သင်တန်းသား သင်တန်းသူတွေအနေနဲ့ စင်ကာပူသမ္မတနိုင်ငံကို အလုပ်သင်အဖြစ် သွားရောက်ချိန်မှာ ရရှိလာမယ့် အတွေ့အကြုံတွေနဲ့ပေါင်းစပ်ပြီး မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိပ္ပာယ်ပြည့်ဝစွာ ကူညီပေးနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်"ဟု ပြောသည်။



နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ ပြည့်ကျော်သူက "စင်ကာပူနိုင်ငံမှာ အလုပ်သင်ဆင်းရတဲ့အတွက် သင်တန်းသား သင်တန်းသူတွေအနေနဲ့ လုပ်ငန်းပိုင်းဆိုင်ရာ အတွေ့အကြုံတွေကို ပိုပြီးထိတွေ့ခွင့်ရရှိမှာဖြစ်ပါတယ်။ ဒါကြောင့် တကယ်ကို အကျိုးရှိထိရောက်မှာ ဖြစ်ပါတယ်"ဟု ပြောသည်။

သင်တန်းပထမအသုတ်မှ သင်တန်းသား သင်တန်းသူများကို တရုတ်နိုင်ငံမှ ပညာသင်ဆုရွေးချယ်၍ ခေါ်ယူခဲ့ကြောင်း သိရသည်။ ယခုအချိန်တွင် တတိယအသုတ်သင်တန်းများ စတင်နေပြီဖြစ်ကြောင်း၊ ယခု ရွေးချယ်ခံရသည့်သင်တန်းသား သင်တန်းသူများသည် ဒုတိယအသုတ်သင်တန်းမှဖြစ်ကြောင်း သိရသည်။

အဆိုပါ သင်တန်းကျောင်းအနေဖြင့် မြန်မာနိုင်ငံမှ လူငယ်များကို လက်တွေ့လုပ်ငန်းခွင်ဝင်ရောက်စေရေး၊ ကျွမ်းကျင်မှုများရရှိစေကာ မြန်မာနိုင်ငံ၏ စီးပွားရေးဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး ရည်ရွယ်ကြောင်း သိရသည်။

သင်တန်းကျောင်း၌ ဟိုတယ်နှင့်ခရီးသွားလာရေး ပညာရပ်များနှင့် အင်ဂျင်နီယာပညာရပ်များအပါအဝင် ဘာသာရပ်ပေါင်း ၁၀ မျိုး သင်ကြားပို့ချပေးလျက်ရှိကာ လုပ်ငန်းခွင်အခြေအနေအတိုင်း ဖန်တီးသင်ကြားပေးသော လက်တွေ့ဦးစားပေး အချိန်ပြည့်သင်တန်းများဖြစ်ပြီး သင်တန်းကာလမှာ ခြောက်လဖြစ်သည်။ တန်းခွဲတစ်ခုလျှင် လူဦးရေ ၄၀ နှုန်းဖြင့် ၄၀၀ တက်ရောက်နိုင်ပြီး တစ်နှစ်လျှင် သင်တန်းသား သင်တန်းသူ စုစုပေါင်း ၈၀၀ တက်ရောက်သင်ယူနိုင်ကြောင်း သိရသည်။

**သတင်း - မြတ်စန္ဒီ၊ ဓာတ်ပုံ - လှမိုး**

# အဆိုးမြင်ရင် အကောင်းမဖြစ်ပါ

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြည်ပမီဒီယာတစ်ခုကတစ်ဆင့် မိမိတို့ဆောင်ရွက်နေတာတွေကို နိုင်ငံတကာက ကူညီဖို့လိုကြောင်း၊ အဲဒီလိုမဟုတ်ဘဲ အဆိုးမြင်ဘက်ကပဲ မြင်နေမယ်ဆိုရင်တော့ အကျိုးမရှိနိုင်ကြောင်း၊ ဖြစ်စဉ်အမှန်က ရဲလုံခြုံရေးတပ်ဖွဲ့တွေကို အကြမ်းဖက်သမားတွေက တိုက်ခိုက်ခဲ့ခြင်းသာဖြစ်ကြောင်း ပြောကြား**

## အေးချမ်း

### စစ်ဆေးရှင်းလင်းဖော်ထုတ်ဆဲ

အောက်တိုဘာလ ၉ ရက်နေ့ နံနက်ပိုင်းက စခဲ့တဲ့ ရခိုင်ပြည်နယ် မြောက်ပိုင်းက အကြမ်းဖက်တိုက်ခိုက်မှုတွေကြောင့် နယ်မြေလုံခြုံရေးနဲ့ အကြမ်းဖက်မှုဆက်မဖြစ်ရေးအတွက် တပ်မတော်နဲ့ လုံခြုံရေးတပ်ဖွဲ့တွေက နယ်မြေရှင်းလင်းပြီး ပြစ်မှုကျူးလွန်ခဲ့ကြသူများနဲ့ ပါသွားတဲ့ လက်နက်ခဲယမ်းတွေကို စစ်ဆေးရှင်းလင်းဖော်ထုတ်ဆဲပါ။ ဖြစ်ခါစထက်စာရင်တော့ တည်ငြိမ်အေးဆေးတဲ့အဆင့်ကို ရောက်လာနေပါပြီ။ ဒါပေမယ့် ပုံမှန်အနေအထားတော့ မရောက်သေးပါဘူး။ အခြေချနေထိုင်မှုနဲ့ ဘာသာရေးမလေ့ထုံးစံမတူညီတဲ့ လူမျိုးစုနှစ်စုယှဉ်တွဲနေထိုင်တဲ့ဒေသမှာ ဒီပြဿနာမျိုးဟာ အကြိမ်ကြိမ်ဖြစ်ခဲ့ကြတာပါ။ အရင်ကလည်း လူမျိုးရေး၊ ဘာသာရေးနဲ့ယှဉ်ပြီး မကြာခဏဖြစ်ခဲ့ကြပါတယ်။ ဒါပေမယ့် ကြီးထွားမလာဘဲ နှစ်ဖက်အဖွဲ့အစည်းတွေ ထိန်းထိန်းသိမ်းသိမ်း လုပ်ကြလို့ ပြီးသွားတာရှိသလို ပြဿနာကြီးလာလို့ ခုလိုပဲ နိုင်ငံတော်အဆင့် ရှင်းလင်းထိန်းသိမ်းဆောင်ရွက်ခဲ့ရတာတွေလည်း ရှိခဲ့ပါတယ်။ ပြဿနာတစ်ခုပြီးဆုံးဖို့ ဖြေရှင်းဆောင်ရွက်ဖို့ဆိုရင် အပြုသဘောဆောင်တဲ့ ချဉ်းကပ်မှုတွေလိုအပ်ပြီး ပြဿနာပိုမိုကြီးထွားလာစေနိုင်တဲ့ မီးလောင်ရာ လေပင့်တဲ့လုပ်ရပ်တွေကို ရှောင်ရှားကြရမှာ ဖြစ်ပါတယ်။

### အကြမ်းဖက်စီနင်းတိုက်ခိုက်

ခုတစ်ခါ စခဲ့တဲ့ပြဿနာက အရင်လို လူမျိုးရေး ဘာသာရေးကိုအခြေခံပြီး စခဲ့တာ မဟုတ်ပါဘူး။ အားလုံးသိတဲ့အတိုင်း နိုင်ငံတကာအကြမ်းဖက် အဖွဲ့အစည်းတစ်ခုနဲ့ ဆက်နွှယ်တဲ့ မောင်တောဒေသမှာ ရောက်ရှိနေထိုင်နေကြတဲ့ အစွန်းရောက်အဖွဲ့တွေက နိုင်ငံတော်လုံခြုံရေးတပ်ဖွဲ့နဲ့ ကင်းစခန်းများကို အကြမ်းဖက်စီနင်းတိုက်ခိုက်လာတာပါ။ စဖြစ်တဲ့နေ့မှာပဲ အကြမ်းဖက်သမားတွေရဲ့ အလစ်အငိုက် စီနင်းတိုက်ခိုက်မှုကြောင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင် ကိုးဦးကျဆုံးပြီး ခြောက်ဦး ဒဏ်ရာရခဲ့ပါတယ်။ လက်နက် ၄၈ လက်၊ ကျည်မျိုးစုံ ၆၆၂၄ တောင့်နဲ့ ဆက်စပ်ပစ္စည်းတွေ ဆုံးရှုံးခဲ့ပါတယ်။ အကြမ်းဖက်သမားတွေဟာ ယူဆောင်သွားတဲ့ လက်နက်ခဲယမ်းတွေနဲ့ မောင်တောခရိုင်အတွင်း အကြမ်းဖက်မှုတွေ ဆက်လုပ်လာလို့ နယ်မြေကာကွယ်ရေးနဲ့ အကြမ်းဖက်မှုထိန်းသိမ်းရေးတို့အတွက် တပ်မတော်က ပူးပေါင်းပါဝင်လာခဲ့ရပါတယ်။ နယ်မြေရှင်းလင်းမှုဆိုင်ရာစစ်ဆင်ရေးဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သမား မကြာခဏထိတွေ့တိုက်ပွဲဖြစ်ပွားလို့ တပ်မတော်သားအရာရှိ၊ စစ်သည်ခုနစ်ဦး အသက်ပေးလှူခဲ့ရပြီး ငါးဦး ဒဏ်ရာရခဲ့ပြန်ပါတယ်။ တကယ်တော့ ခုတစ်ကြိမ်ဖြစ်တဲ့ပြဿနာဟာ မောင်တောဒေသမှာ အများစုရောက်ရှိ နေထိုင်နေတဲ့ အစ္စလာမ်ဘာသာဝင်တွေကို အချိန်ယူစည်းရုံးပြီး ပြည်ပအဖွဲ့အစည်းများရဲ့ ပံ့ပိုးကူညီမှုနဲ့ စနစ်တကျစီမံခဲ့တဲ့ ဘူးသီးတောင်၊ မောင်တောဒေသကိုသိမ်းပိုက်ဖို့ ကြိုးပမ်းအားထုတ်ခဲ့ခြင်းသာဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံပိုင်နက်နယ်မြေတစ်ခုကို ကျူးကျော် ဝင်ရောက်ဖို့ ကြံစည်အားထုတ်ခဲ့တာဖြစ်လို့ သိပ်ကို အန္တရာယ်ကြီးပါတယ်။ ဒီအကြမ်းဖက်တိုက်ခိုက်မှုကို ဦးဆောင်ခဲ့သူဟာ ပါကစ္စတန်ရှိ တာလီဘန်များထံမှာ အကြမ်းဖက်သင်တန်း ခြောက်လ တက်ရောက်ခဲ့သူဖြစ်ကြောင်း၊ သူရဲ့ဆွေမျိုးတွေဟာ ဆော်ဒီအာရေဗီးယားမှာ နေထိုင်ပြီး သူကိုယ်တိုင်ကလည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ တက္ကနာ့ဖ်အနီးက ရွာတစ်ရွာမှာ သွားရောက်နေထိုင်လေ့ရှိပြီး ဒုက္ခသည်အမည်ခံကာ အရှေ့အလယ်ပိုင်းနိုင်ငံများရှိ အဖွဲ့အစည်းများထံမှ ငွေကြေးထောက်ပံ့မှုများ ရယူနေကြောင်း၊ မောင်တောဒေသမှာပဲ အစ္စလာမ်ဘာသာဝင်လူငယ်များကိုစည်းရုံးပြီး အစွန်းရောက် အကြမ်းဖက်သင်တန်းများပေးခဲ့ကြောင်း စစ်ဆေးဖော်ထုတ်လျက်ရှိတယ်လို့ နိုင်ငံတော်သမ္မတရုံးက သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်ပါတယ်။

### စနစ်တကျအကွက်ချစီစဉ်ခဲ့

သူတို့ရဲ့အကြမ်းဖက်တိုက်ခိုက်မှုအစီအစဉ်က အမှတ်(၁) နယ်ခြားစောင့် ရဲကွပ်ကဲမှု ဌာနချုပ် (ကျီးကန်းပြင်)၊ ငါးခူရနယ်မြေစခန်း၊ ကြိမ်ချောင်းနယ်မြေစခန်း၊ ကျောက်လှေခါးနယ်မြေစခန်း၊ ရွက်ညိုတောင်နယ်မြေစခန်း၊ ကိုးတန်ကောက်ရဲကင်းစခန်း စတဲ့ ခြောက်နေရာကို အကြမ်းဖက်သမား အင်အား ၄၀၀ လောက်နဲ့ တစ်ချိန်တည်း၊ တစ်ပြိုင်တည်း အကြမ်းဖက်တိုက်ခိုက်ဖို့ စီစဉ်ခဲ့တာပါ။ ဒါပေမယ့် အားလုံးသိတဲ့အတိုင်း သုံးနေရာသာ တိုက်ခိုက်နိုင်ခဲ့ပြီး ရခဲ့တဲ့လက်နက်များနဲ့ အနီးပတ်ဝန်းကျင်ရှိ တပ်မတော်နဲ့ ရဲတပ်ဖွဲ့စခန်းတွေကို ဆက်တိုက်ဖို့ စီမံညွှန်ကြားပြီးသားပါ။ စနစ်တကျ အကွက်ချစီစဉ်ခဲ့တာပါ။

### ဝါဒဖြန့်ဆောင်ရွက်နေ

အစကတည်းက လူမျိုးရေးဘာသာရေး အဆင်မပြေမှုအခြေခံရှိတဲ့ ဘူးသီးတောင်၊ မောင်တောဒေသက အစွန်းရောက်လူငယ်တွေကို ဘာသာရေးအရစည်းရုံးပြီး ပြည်ပထောက်ခံမှု၊ ငွေကြေးပံ့ပိုးမှုတွေများများရဖို့ အဲဒီအကြမ်းဖက်တွေနည်းနာအတိုင်း အင်တာနက်နဲ့ လူမှုကွန်ရက်များကလည်းကောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနဲ့ မီဒီယာများက လည်းကောင်း ဝါဒဖြန့်ဆောင်ရွက်နေတာဖြစ်ပါတယ်။ ပါသွားတဲ့ လက်နက်ခဲယမ်းတွေ တချို့တစ်ဝက်ကိုသာ ပြန်လည်သိမ်းဆည်းရမိပြီး အားလုံးကို ပြန်မရသေးသလို ပြစ်မှုကျူးလွန်သူများကို ရှာဖွေရှင်းလင်းဆဲ၊ ဥပဒေအရ ဖမ်းဆီးစစ်ဆေးဖော်ထုတ် အရေးယူဆောင်ရွက်ဆဲ ဖြစ်ပါတယ်။

### ဥပဒေနဲ့အညီဆောင်ရွက်

နိုင်ငံတော်အစိုးရအနေနဲ့လည်း ဒီပြဿနာစဖြစ်ကတည်းက နယ်မြေရှင်းလင်းရေးနဲ့ လုံခြုံရေးကိစ္စတွေဆောင်ရွက်ရာမှာ ဥပဒေနဲ့အညီဆောင်ရွက်ဖို့နဲ့ လိုက်နာရမယ့် နိုင်ငံတကာသဘောတူညီချက်တွေ၊ ကျင့်ဝတ်တွေကို အလေးထားဆောင်ရွက်ဖို့ တာဝန်ရှိသူအဆင့်ဆင့်က ကြပ်မတ်ဆောင်ရွက်ခဲ့တာပါ။ တပ်မတော်က စစ်ဆင်ရေးတစ်ရပ်အဖြစ် သတ်မှတ်ဆောင်ရွက်နေတာမှန်ပေမယ့် တကယ့်လက်နက်ကိုင်သောင်းကျန်းသူတွေကို ချေမှုန်းတဲ့အဆင့်ထိ မရောက်အောင် ထိန်းသိမ်းလုပ်နေတာတွေ တွေ့ရပါတယ်။ သာမန်အားဖြင့် ဒီလောက် အင်အား၊ ဒီလောက်လက်နက်နဲ့ တပ်ရင်းမှူး တာဝန်ထမ်းဆောင်နေသူ တစ်ယောက် ကျဆုံးလောက်အောင် ဖြစ်လာနိုင်စရာအကြောင်းမရှိပါဘူး။ အစစအရာရာ အလွန်အကျွံမဖြစ်အောင် ထိန်းသိမ်းဆောင်ရွက်နေတယ်ဆိုတာ ထင်ရှားပါတယ်။ မညှာမတာ မထိန်းမသိမ်းလုပ်မယ်ဆိုရင် တပ်စိတ်တစ်စိတ်၊ တပ်စုတစ်စုရဲ့ တစ်မိနစ်ပစ်အား ဘယ်လောက်ရှိလဲ ခန့်မှန်းကြည့်ပါ။

အစိုးရရဲ့တရားဝင်သတင်းထုတ်ပြန်ချက်အရ နိုဝင်ဘာလကုန်အထိ ပြစ်မှုကျူးလွန်သူဟု သံသယရှိသူ ၅၂၈ ယောက် ဖမ်းဆီးရမိကြောင်းနဲ့ အသေရပြီး ၇၀ ရှိကြောင်း သိရပါတယ်။ သူတို့စွပ်စွဲသလို လူမျိုးတုံးသတ်ဖြတ်တယ်ဆိုတဲ့ အခြေအနေနဲ့ တခြားစီပါ။ တပ်မတော်က စစ်ဆင်ရေးမှာ အရှင်ဖမ်းဆီးရမိတယ်ဆိုတာ လူမျိုးတုံးသတ်ဖြတ်တာမဟုတ်လို့ပါ။ နိုင်ငံတကာသဘောတူညီချက်တွေ၊ စည်းမျဉ်းစည်းကမ်းတွေ၊ ဥပဒေတွေလိုက်နာပြီး လုပ်နေလို့ပါ။ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းတချို့နဲ့ မီဒီယာတချို့က စွပ်စွဲသလို လူမျိုးတုံးသတ်ဖြတ်တယ်ဆိုရင် အားလုံးအသေဖမ်းဆီးရမိမှာပဲ ဖြစ်ပါလိမ့်မယ်။ အရှင်ဖမ်းဆီးရမိတယ်ဆိုတာ ရှိကိုရှိမှာ မဟုတ်ပါဘူး။

### မဟုတ်မမှန်လုပ်ကြံဖန်တီး

မောင်တောဒေသမှာ ယခုအကြမ်းဖက်မှု စတင်ဖြစ်ပြီးတဲ့နောက်ပိုင်း အင်တာနက်စာမျက်နှာနဲ့ နိုင်ငံတကာ မီဒီယာတချို့ကလည်းကောင်း၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းတချို့အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းအချို့မှလည်းကောင်း၊ နောက်ဆုံးအာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်တဲ့ မလေးရှားနိုင်ငံမှာ ဝန်ကြီးချုပ်ဦးဆောင်ပြီး ဆန္ဒပြတဲ့အထိ စွပ်စွဲပုတ်ခတ်ပြောဆိုတာတွေ၊ မျှတမှုမရှိတဲ့ မီဒီယာတွေနဲ့ ကောလာဟလသတင်းများအပေါ်အခြေခံပြီး တစ်ဖက်သတ်ဝေဖန်တိုက်ခိုက်မှုတွေကြောင့် ပြဿနာဟာ အေးအေးချမ်းချမ်းပြီးဆုံးဖို့ အခက်အခဲရှိနေပါတယ်။ အကြမ်းဖက်ကျူးလွန်သူတွေက သူတို့အားကိုးအားထားတဲ့ ပြည်ပအဖွဲ့အစည်းများနဲ့ မီဒီယာများကတစ်ဆင့် မဟုတ်မမှန်လုပ်ကြံသတင်းတွေကို ဖြန့်ဝေပြီး ကျွန်တော်တို့နိုင်ငံတော်အစိုးရနဲ့ တပ်မတော်ကို ဖိအားပေးစေလျက်ရှိပါတယ်။ လုပ်ကြံဖန်တီးထားတဲ့သတင်းတွေ၊ မမှန်မကန်တဲ့အထောက်အထားတွေနဲ့ ပြည်ပရှိသူတို့ကို ထောက်ခံအားပေးမြှောက်ပင့်ပေးနေတဲ့ အဖွဲ့အစည်းများနဲ့ ကျင့်ဝတ်နဲ့မညီတဲ့ မီဒီယာများက တစ်ဆင့် ပြဿနာကိုပိုကြီးလာအောင် သူတို့ကို ကူညီထောက်ပံ့မှုတွေ ပိုပေးလာကြအောင် ဆောင်ရွက်နေတာ တွေ့ရပါတယ်။ နောက်ကွယ်က အားပေးကူညီပံ့ပိုးမှုတွေနဲ့ လမ်းညွှန်မှုတွေ သာမရှိခဲ့ရင် ဒီပြဿနာ စဖြစ်မှာမဟုတ်သလို ခုလိုဆက်ဖြစ်နေစရာအကြောင်းလည်း မရှိဘူးလို့ သုံးသပ်ရမှာပါ။

### လုပ်ထုံးလုပ်နည်းနဲ့အညီ ဖြေရှင်း

ပြည်တွင်းရေးကို ဖိအားပေးတဲ့နေရာမှာ နိုင်ငံတကာအဖွဲ့အစည်းတချို့က ပုဂ္ဂိုလ်တွေဟာ လိုက်နာရမယ့် ကျင့်ဝတ်စည်းကမ်းတွေကို ဖောက်ဖျက်တဲ့အထိ ဆိုးရွားလာနေပါပြီ။ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) ရဲ့ဘင်္ဂလားဒေ့ရှ်နိုင်ငံရုံးခွဲအကြီးအကဲ John Mc Kissick က ရခိုင်ဒေသပဋိပက္ခတွေနောက်ပိုင်း စစ်ဆင်ရေးလုပ်နေတဲ့ မြန်မာစစ်တပ်ဟာ လူ့အခွင့်အရေးချိုးဖောက်မှုတွေ ကျူးလွန်နေကြောင်း၊ နေအိမ်တွေကို မီးရှို့ လူသတ်၊ အမျိုးသမီးတွေကို အဓမ္မပြုလုပ်နေကြောင်း စွပ်စွဲတာကို နိုင်ငံခြားသတင်းဌာနတစ်ခုကို ပြောခဲ့ပါတယ်။ UNHCR ရဲ့ ပြောခွင့်ရပုဂ္ဂိုလ်တစ်ယောက်ကလည်း ဘင်္ဂလားဒေ့ရှ်ကို ထပ်မံရောက်လာသူတွေရဲ့ ပြောဆိုချက်များအရ လူ့အခွင့်အရေးချိုးဖောက်ခံနေရတဲ့ သတင်းတွေဟာ စိုးရိမ်စရာအခြေအနေမှာ ရှိကြောင်း ပြောခဲ့ပါတယ်။ ဒါဟာ ကုလသမဂ္ဂအဖွဲ့အစည်းတစ်ခုဖြစ်ပါလျက်၊ ကုလသမဂ္ဂဝန်ထမ်း ဖြစ်ပါလျက် အဖွဲ့ဝင်နိုင်ငံတစ်ခုရဲ့ ပြည်တွင်းရေးကို အတိအလင်း ချိုးဖောက်ဝင်ရောက်စွက်ဖက်တာဖြစ်သလို အမှန်တရားနဲ့ လက်တွေ့အဖြစ်မှန်ကို အခြေမခံဘဲ ပြဿနာကို ပိုမိုကြီးထွားအောင် မီးလောင်ရာ လေပင့်တာပဲ ဖြစ်ပါတယ်။ အမုန်းတရားပွားစေတာပဲ ဖြစ်ပါတယ်။ လက်ရှိအကြမ်းဖက်မှုအခြေအနေကနေ လူမျိုးရေး၊ ဘာသာရေးကို အခြေခံတဲ့ဆူပူအုံကြွမှုဖြစ်အောင် အမုန်းတရားနဲ့ လက်တွေ့ကို အခြေမခံဘဲ ပြဿနာကို ပိုမိုကြီးထွားအောင် မီးလောင်ရာလေပင့်တာပဲ ဖြစ်ပါတယ်။ လုံးဝလက်မခံပါဘူး။ နိုင်ငံတကာအဖွဲ့အစည်းသို့မဟုတ် ပုဂ္ဂိုလ်ပီသစွာဖြင့် မှန်သောစကားကိုပြောပြီး ကျင့်ဝတ်နဲ့ညီအောင် ပြောဆိုဆောင်ရွက်စေချင်ပါတယ်။ ကျွန်တော်တို့နိုင်ငံကလည်း ဒီကိစ္စကို ကုလသမဂ္ဂအမြဲတမ်းကိုယ်စားလှယ်နဲ့ သံတမန်နည်းအရ လုပ်ထုံးလုပ်နည်းနဲ့အညီ ဖြေရှင်းဆောင်ရွက်နေပါတယ်။

နောက်တစ်ခုကတော့ မလေးရှားဝန်ကြီးချုပ် Najib Razak ဦးဆောင်ပြီး ယခုလ ၄ ရက်နေ့က ကွာလာလမ်ပူမှာလုပ်တဲ့ ဆန္ဒပြပွဲမှာမူဆလင်လူနည်းစုတွေကို မြန်မာစစ်တပ်က ရက်ရက်စက်စက်ဖြိုခွင်းခဲ့ကြောင်း၊ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်တယ်ဆိုတာကိုလည်း သူ ဂရုမစိုက်ကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်ရဲ့ နိုဘယ်လ်ဆုက ဘာအဓိပ္ပာယ်လဲဟု မေးခွန်းထုတ်ခဲ့ပြီး ပြင်းထန်တဲ့စကားလုံးတွေနဲ့ ပုတ်ခတ်ဝေဖန်စွပ်စွဲခဲ့ကြောင်း သိရပါတယ်။ ဒါဟာ အာဆီယံ နိုင်ငံတစ်ခုရဲ့ခေါင်းဆောင်တစ်ယောက်အနေနဲ့ လိုက်နာစောင့်ထိန်းရမယ့် ကျင့်ဝတ်စည်းမျဉ်းတွေကိုချိုးဖောက်ပြီး မလုပ်သင့်တာကို လုပ်တယ်လို့ ဝေဖန်သံတွေကလည်း အပြည့်ပါ။ သူ့အနေနဲ့ သူ့နိုင်ငံမှာ နိုင်ငံရေးအရ ခေါင်းဆောင်မှု ကျရှုံးတော့မှာကို ဒီလုပ်ရပ်နဲ့ အဖတ်ဆယ်တာဖြစ်တယ်လို့လည်း နိုင်ငံရေးကျွမ်းကျင်သူတွေက ဝေဖန်ကြပါတယ်။ သူ့အကျိုးစီးပွားအတွက် နိုင်ငံရေးအမြတ်ထုတ်ပြီး နောက်ဆုံးကောက်ရိုးတစ်မျှင်ကို ဆွဲတဲ့သဘောပါပဲ။ တကယ်တော့ သူရဲ့လုပ်ရပ်ဟာ ကျွန်တော်တို့နိုင်ငံအပါအဝင် ဒေသတစ်ခုလုံးအတွက် ကောင်းလာမယ့် လက္ခဏာမဟုတ်ပါဘူး။ အနုတ်လက္ခဏာပဲ ဖြစ်စေမှာပါ။

ဒါကြောင့်လည်း သူတို့နိုင်ငံရဲ့အကြီးအကဲဟောင်းကိုယ်တိုင်က ဒီလုပ်ရပ်အပေါ်မှာ ပြစ်တင်ဝေဖန်မှု လုပ်ခဲ့ပါတယ်။ ပြည်တွင်းမှာ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်လျက်ရှိကြတဲ့ မြန်မာနိုင်ငံရှိ မူဆလင်မဟာမိတ်အရပ်ဘက်အဖွဲ့အစည်းကလည်း မလေးရှားဝန်ကြီးချုပ်ရဲ့ လုပ်ဆောင်မှုကို သဘောမတူကြောင်း ကန့်ကွက်တဲ့သဘောထားထုတ်ပြန်လာတာ တွေ့ရပါတယ်။

### လူနည်းစုမဟုတ်ပါဘူး

နောက်တစ်ခု ကျွန်တော်နားလည်တာ ရှင်းပြချင်သေးတယ်။ ဒီပြဿနာအပေါ်မှာ ကျွန်တော်တို့နိုင်ငံအပေါ် မလိုလားသူတွေက ရခိုင်ကိစ္စမှာ လူနည်းစုအစ္စလာမ်ဘာသာဝင်တွေကို တစ်ဖက်သတ်ဖိနှိပ်နေတယ်၊ လူမျိုးတုံးသတ်ဖြတ်နေတယ်ဆိုတဲ့စကားပါ။ ကျွန်တော့်အမြင်ကတော့ အဲဒီဒေသမှာ အစ္စလာမ်ဘာသာဝင်တွေဟာ လူနည်းစုမဟုတ်ပါဘူး။ လူများစုပါ။ တကယ်တော့ အဲဒီဒေသမှာ လူနည်းစုက ရခိုင်တိုင်းရင်းသားတွေနဲ့ ကျွန်တော်တို့ရဲ့ အခြားတိုင်းရင်းသားအနည်းငယ်တွေပါ။ ပြဿနာဖြစ်တဲ့ ဒေသတစ်ခုအတွက်သာ စဉ်းစားရမယ့်ကိစ္စကို တစ်နိုင်ငံလုံး လူဦးရေနဲ့ယှဉ်ပြီး အနည်းစုလို့သုံးတာ လက်မခံနိုင်ပါ။ ဘူးသီးတောင်နဲ့ မောင်တောမှာ ရခိုင်တိုင်းရင်းသား အရေအတွက်နဲ့ တရားဝင်ရော၊ တရားမဝင်ဝင်ရောက်နေထိုင်နေတဲ့ မူဆလင်လူမျိုးတွေ အရေအတွက်က အဆမတန်များပြားနေပါတယ်။ သူတို့ကို သူတို့အလိုအတိုင်း မလိုက်လျောရင် သန်းခေါင်စာရင်းအကောက်မခံဘူးလို့ ကန့်ကွက်ကြလို့ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းကောက်ရာမှာ အခုပြဿနာဖြစ်နေတဲ့ ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသတွေမှာ လုံးဝစာရင်းမကောက်ယူနိုင်ခဲ့ပါဘူး။ နိုင်ငံတော်အဆင့်ဆောင်ရွက်တဲ့သန်းခေါင်စာရင်းလို ကိစ္စမျိုးမှာတောင် ခုလို အင်နဲ့အားနဲ့ ကန့်ကွက်လို့ ဆောင်ရွက်ခြင်းမပြု နိုင်ခဲ့တာကို အနည်းစုလို့ပြောရင် ရမှာလား။ ဒါ့ကြောင့် ပြဿနာဖြစ်တဲ့ဒေသမှာ အနည်းစုက ရခိုင်တိုင်းရင်းသားပဲ၊ အများစုက သူတို့တွေပါပဲ။ လေ့လာရသလောက်ဆိုရင် ဒေသခံများနဲ့ ထိုဒေသတွင်ရောက်ရှိနေသော နိုင်ငံ့ ဝန်ထမ်းများအပါအဝင်ဟာ လူဦးရေ၏ ၁၀ ရာခိုင်နှုန်းအောက်သာရှိပြီး အစ္စလာမ်ဘာသာဝင်က ၉၀ ရာခိုင်နှုန်းကျော်ရှိတယ်လို့ သိရပါတယ်။

လူနည်းစုဖြစ်နေတဲ့ ရခိုင်တိုင်းရင်းသားတွေဘက်လုံခြုံမှုမရှိဘူး၊ သက်ဆိုင်ရာက လုံခြုံရေးစီစဉ်မပေးရင် သူတို့ဒေသကို မပြန်ရဲဘူး၊ အကြမ်းဖက်သမားတွေရဲ့ ရန်မူသတ်ဖြတ်မှုကို ခံရမှာ ကြောက်တယ်ဆိုတဲ့ ကြောက်စိတ်ရှိနေတာကိုကျတော့ ခုလို စွပ်စွဲနေသူတွေဘက်က ဘယ်သူမှ အသံထွက်မပေးကြဘူး။ လူများစုဖြစ်တဲ့ အကြမ်းဖက်သမားတွေရဲ့ အနိုင်ကျင့်ရက်စက်မှုကို ဒေသခံတိုင်းရင်းသားတွေ ခံစားနေရတာ အမှန်ပါပဲ။ တကယ်တော့ လူနည်းစုဖြစ်နေတဲ့ ရခိုင်တိုင်းရင်းသားတွေကသာ ကိုယ့်နိုင်ငံ၊ ကိုယ့်နယ်မြေမှာ နေထိုင်ကြရပေမယ့် ကြောက်ရွံ့ထိတ်လန့်စွာဖြင့် မလုံမခြုံနေနေရတာပါ။ ဒါဟာ လက်တွေ့အမှန်တရားပါပဲ။ နောက်ဆုံးတော့ အခုလို လုံခြုံရေးတပ်ဖွဲ့ဝင်တွေကို အကြမ်းဖက်တိုက်ခိုက်ပြီး လက်နက်ခဲယမ်းတွေကို သိမ်းယူသွားတဲ့အထိ အချုပ်အခြာအာဏာကို ထိပါးလာတာပါ။

ဒါကြောင့်လည်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကပြည်ပ မီဒီယာတစ်ခုကတစ်ဆင့် မိမိတို့ဆောင်ရွက်နေတာတွေကို နိုင်ငံတကာက ကူညီဖို့လိုကြောင်း၊ အဲဒီလိုမဟုတ်ဘဲ အဆိုးမြင်ဘက်ကပဲ မြင်နေမယ်ဆိုရင်တော့ အကျိုးမရှိနိုင်ကြောင်း၊ ဖြစ်စဉ်အမှန်က ရဲလုံခြုံရေးတပ်ဖွဲ့တွေကို အကြမ်းဖက်သမားတွေက တိုက်ခိုက်ခဲ့ခြင်းသာဖြစ်ကြောင်း၊ ယခုကိစ္စမှာ စိုးရိမ်တုန်လှုပ်နေကြသူတွေဟာ သူတို့ချည်းမဟုတ်ဘဲ ရခိုင်တိုင်းရင်းသားတွေလည်း ပူပန်ချောက်ချားနေကြရကြောင်း၊ အဲဒီဒေသမှာ ရခိုင်လူဦးရေ တစ်နေ့တခြား နည်းပါးပျောက်ကွယ်သွားမှာကို ရခိုင်လူမျိုးတွေက ရတက်မအေးဖြစ်နေကြကြောင်း၊ ဒီပြဿနာကို ပုံကြီးချဲ့ပြီး ပိုဆိုးလာအောင် လုပ်ကြမယ့်အစား အခက်အခဲတွေကို အသိအမှတ်ပြုပြီး အဖြေရှာဖို့လိုကြောင်း၊ အသိပေးရှင်းလင်းပြောကြားခဲ့တာ တွေ့ရပါတယ်။

*စာမျက်နှာ ၈ သို့*

# တရားမဝင်လောင်းကစားမှုများကိုထိရောက်စွာဟန့်တား၍ အရေးယူဆောင်ရွက်ပေးပါရန် တိုက်တွန်းကြောင်းအဆို ဆွေးနွေးရန်အတည်ပြု

နေပြည်တော် ဒီဇင်ဘာ ၈

**နိုင်ငံတော်နှင့် ပြည်သူများအတွက် နိုင်ငံရေး၊ တရားဥပဒေစိုးမိုးရေး၊ ပညာရေး၊ စီးပွားရေးတို့ကို ထိခိုက်ပျက်စီးစေသော တရားမဝင်လောင်းကစားမှုများကို ထိရောက်စွာဟန့်တား၍ အရေးယူဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင်က ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် တင်သွင်းခဲ့ရာ ယင်းအဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန်အတည်ပြုကြောင်း ဆုံးဖြတ်ခဲ့သည်။**

ထို့ပြင် တွံတေးမဲဆန္ဒနယ်မှ ဦးမင်းလွင်၏ **ကျောင်းဆရာ ဆရာမများ၏ အပြောင်းအရွှေ့ကိစ္စများအား စာသင်နှစ်အတွင်း ပြုလုပ်ပေးနေသည့်စနစ်နေရာတွင် နွေရာသီကျောင်းပိတ်ရက်ကာလ၌သာ ပြုလုပ်ပေးမည့်စနစ်အဖြစ် အစားထိုးရန် အစီအစဉ် ရှိ/ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက နိုင်ငံတော်အစိုးရအနေဖြင့် အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများ၏ ရာထူးတိုး/ အပြောင်းအရွှေ့ကိစ္စများကို နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း ပြုလုပ်လေ့ရှိပါကြောင်း၊ ကျောင်းပိတ်ရက်မဟုတ်သည့် စာသင်နှစ်အတွင်း (ကြားကာလအတွင်း) ပြစ်ဒဏ်ကြောင့် ပြောင်းရွှေ့ပေးရခြင်း၊ လူမှုရေးအခက်အခဲများကြောင့် ပြောင်းရွှေ့ပေးရခြင်း၊ ဒေသလုံခြုံရေး အခြေအနေကြောင့် ပြောင်းရွှေ့ပေးရခြင်းနှင့် အခြားအထူးလိုအပ်ချက်အရ ပြောင်းရွှေ့ပေးရမှုများ ရှိနိုင်ပါကြောင်း။

နွေရာသီကျောင်းပိတ်ရက်မဟုတ်သည့် ပြောင်းရွှေ့ခြင်းများအတွက် အမြန်ပြန်လည်ဖြည့်ဆည်းခန့်ထားခြင်းများကို လုပ်ဆောင်ပေးရပါကြောင်း၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများ၏ ပုံမှန်ရာထူးတိုး/ အပြောင်းအရွှေ့များကို ၂၀၁၆ -၂၀၁၇ ပညာသင်နှစ်မှစ၍ နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ထားဝယ်မဲဆန္ဒနယ်မှ ဦးအောင်စိန်၏ **နိုင်ငံတွင်းပြည်သူများ ဘေးကင်းလုံခြုံရေးအတွက် မှုခင်းကြိုတင်ကာကွယ်ရေး မည်သို့စီမံဆောင်ရွက်ထားသည်ကို သိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ပြည်သူများ၏ အသက်အိုးအိမ်၊ စည်းစိမ်၊ ပစ္စည်းဥစ္စာများ လုံခြုံမှုနှင့် ရပ်/ ရွာ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်စေမည့် ခား သို့မဟုတ် ခားကဲ့သို့သော လက်နက်များ ကိုင်ဆောင်ကျူးလွန်သည့် မှုခင်းများလျော့နည်းကျဆင်းစေရေးအတွက် မှုခင်းကြိုတင်ကာကွယ်ရေးနှင့် မှုခင်းကျဆင်းရေးလုပ်ငန်းစဉ်များကို ရဲတပ်ဖွဲ့ဝင်များနှင့်အတူ ရပ်ကွက် /ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ မိတ်ဖက်အဖွဲ့အစည်းများ၊ ရပ်မိရပ်ဖများ၊ ရပ်ကွက်အတွင်းရှိ လူငယ်များ၊ ပြည်သူများ ပူးပေါင်းပါဝင်သည့် ရပ်ရွာအခြေပြု (Community Policing)ကို ကျင့်သုံး ဆောင်ရွက်လျက်ရှိကြောင်း၊ ဥပဒေနှင့်မညီသော ခား သို့မဟုတ် ခားကဲ့သို့သော လက်နက်များကိုင်ဆောင်ခြင်းနှင့် ပတ်သက်၍ အရေးယူဆောင်ရွက်ရာတွင် လက်ရှိကျင့်သုံးနေသော ဥပဒေများကိုလည်း ပိုမိုပြည့်စုံစေရန်နှင့် ပြစ်ဒဏ်များ ဥပဒေနှင့်အညီ ထိထိရောက်ရောက် ချမှတ်ဆောင်ရွက်နိုင်ရန်အတွက် ပြင်ဆင်ရေးဆွဲလျက်ရှိကြောင်း၊ လက်ရှိတည်ဆဲဥပဒေများအရ အရေးယူသည့် တရားမဝင်လက်နက်ကိုင်ဆောင်မှုများ၊ လက်နက်ကိုင်ဆောင်၍ ကျူးလွန်သည့် မှုခင်းများနှင့်ပတ်သက်၍လည်း ပြစ်မှုကျူးလွန်သူများအား ဥပဒေနှင့်အညီ ထိရောက်သော ပြစ်ဒဏ်များ ချမှတ်နိုင်ရေးအတွက် သက်ဆိုင်ရာ တရားရုံး၊ ဥပဒေရုံးများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

အလားတူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိုက်နှင့် ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်းတို့၏ ပညာရေးဆိုင်ရာမေးခွန်းတို့ကို ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက လည်းကောင်း၊ သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုးနှင့် လှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦးတို့၏ မြေယာနှင့် ပြည်ထဲရေးဆိုင်ရာမေးခွန်းတို့ကို ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်



ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး

အောင်စိုးကလည်းကောင်း ပြန်လည်ဖြေကြားခဲ့သည်။

ပြည်မဲဆန္ဒနယ်မှ ဒေါက်တာခင်စိုးစိုးကြည်၏ **မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးရာတွင် ကျေးရွာဘဏ်ကုမ္ပဏီများကို စနစ်တကျဖွဲ့စည်း၍ ကျေးရွာအရောက်သွားရောက် ချေးပေးသောပုံစံပြောင်းလဲဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခဲ့ကြသည်။

သဲကုန်းမဲဆန္ဒနယ်မှ ဦးအောင်သန်းက ယခုအဆိုသည် စိုက်ပျိုးရေးစရိတ်ချေးငွေကို တောင်သူများထံအမြန်ရောက်ရှိပြီး လယ်ယာလုပ်ငန်းခွင်တွင် ထိထိရောက်ရောက် အသုံးချနိုင်ရန် ရည်ရွယ်ထားပါကြောင်း၊ ယင်းသို့ဖြစ်ရန်ဆိုပါက မြန်မာ့လယ်ယာမြေကဏ္ဍတွင် ကြုံတွေ့နေရသည့် မြေယာပြဿနာများကို အရင်ဆုံးဖြေရှင်းရန် လိုအပ်ပါကြောင်း၊ တောင်သူများတွင် ဥပဒေနှင့်အညီ ဖွဲ့စည်းထားသည့်အဖွဲ့များ မရှိပါကြောင်း၊ အဆိုပါအဖွဲ့အစည်းများဖွဲ့စည်းပြီးမှသာ ကျေးရွာဘဏ် ကော်မတီများကို စနစ်တကျဖွဲ့စည်းပြီး ကျေးရွာအရောက်ငွေချေးသည့်ပုံစံကို လုပ်နိုင်မည်ဖြစ်ပါကြောင်း၊ စိုက်စရိတ်ချေးငွေများသည် လယ်ယာမြေဥပဒေအရ ပုံစံ (၇) ရှိသူများကိုသာ ထုတ်ပေးခြင်းဖြစ်ကြောင်း၊ မြေပြင်တွင် ပုံစံ(၇)များမှာလည်း ဖောင်းပွနေပါကြောင်း၊ ယင်းကို ပြန်လည်စိစစ်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ အိမ်တိုင်ရာရောက်ချေးငွေထုတ်ပေးမှုပုံစံမှာ မိမိတို့နိုင်ငံအနေဖြင့် အတွေ့အကြုံရှိပြီဖြစ်ပါကြောင်း၊ သို့သော်လည်း ယခုအချိန်တွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် ဝန်ထမ်းအင်အားဖြင့်နည်းပါးနေပါကြောင်း၊ ချေးငွေပမာဏမှာ များပြားသည့်အတွက် လုံခြုံရေးအင်အားကို ကြိုတင်တွက်ဆပြင်ဆင်ရမည် ဖြစ်ကြောင်း၊ စိုက်စရိတ်ချေးငွေမှာ နောက်ကျနေသည့်အတွက် အဆိုပါအချက်ကို ပြင်ဆင်သင့်ပါကြောင်းဖြင့် အကြံပြုဆွေးနွေးသည်။

အလားတူ ထီးလင်းမဲဆန္ဒနယ်မှ ဦးမြတ်လေးဦး၊ ရွာငံမဲဆန္ဒနယ်မှ ဦးအောင်စိုးမင်း၊ ကောလင်းမဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင်၊ ကလေးဝမဲဆန္ဒနယ်မှ ဦးသန်းထွန်းမြင့်၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကျော်မင်းဟန်နှင့် စဉ့်ကိုင်မဲဆန္ဒနယ်မှ ဒေါက်တာကြည်မို့မို့လွင်တို့က အကြံပြုထောက်ခံဆွေးနွေးကြသည်။

ယင်းအဆိုနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ချေးငွေပမာဏမှာ ၁၉၉၃-၁၉၉၄ ခုနှစ်တွင် စုစုပေါင်းကျပ် ၂ ဘီလီယံကျော်သာရှိပြီး ယခုလက်ရှိချေးငွေပမာဏကျပ် ၁၇၀၀ ဘီလီယံခန့် ဖြစ်ပါကြောင်း၊ များပြားလှသော ငွေပမာဏကို သယ်ဆောင်၍ ဝန်ထမ်းများကျေးရွာအရောက် သွားရောက်ရာတွင် ငွေကြေးလုံခြုံရေး၊ ဝန်ထမ်းလုံခြုံရေးမှာ အထူးအလေးထား စဉ်းစားရမည်ဖြစ်ပါကြောင်း၊ ၎င်းအပြင် Transportation Charges များစွာ တက်လာမည် ဖြစ်ပါကြောင်း၊ ဘဏ်ရုံးတွင် ငွေချေးပါက တစ်နေ့တည်းတွင် နှစ်ရွာ၊ သုံးရွာချေးပေးနိုင်သော်လည်း ရွာဆင်းချေးပါက ရုံးနောက်ချန်အဖွဲ့လည်း ချန်ထားရဦးမည်ဖြစ်၍ ချေးနိုင်သည့် ပမာဏရာခိုင်နှုန်းနည်းသွားနိုင်မည်ဟု ယူဆရပါကြောင်း၊ သို့ဖြစ်၍ အဆိုကို မှတ်တမ်းတင်ထားရှိသင့်ပါကြောင်း ပြန်လည်ရှင်းလင်းသည်။

ယင်းအဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်က မှတ်တမ်းတင်ထားရှိရန် ဆုံးဖြတ်ခဲ့သည်။

**(သတင်းစဉ်)**

# ရခိုင်ပြည်နယ်အတွင်း ဓာတ်အားလိုင်းနှင့် ခွဲရုံများဆောင်ရွက်ပြီးပါက မြို့ငါးမြို့နှင့်ကျေးရွာ ၆၅ ရွာအတွက် ဖြန့်ဖြူးပေးနိုင်ရန်ဆောင်ရွက်နေ

နေပြည်တော် ဒီဇင်ဘာ ၈

**ပိုက်လိုင်းစီမံကိန်းအတွက် မြေယာသိမ်းဆည်းခြင်း ဆောင်ရွက်ရာတွင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းပိုက်လိုင်းစီမံကိန်းမြေအဖြစ် သိမ်းဆည်းခြင်းသာဖြစ်ပြီး နိုင်ငံခြားကုမ္ပဏီများ၏ အမည်ဖြင့်သိမ်းဆည်းခြင်းမျိုးမဟုတ်ဘဲ ကော်လိတ္တော်အရာရှိမှ မြေလွှဲပြောင်းပေးရာတွင်လည်း မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအမည်ဖြင့် လွှဲပြောင်းပေးပြီး တည်ဆဲဥပဒေများနှင့် ကွဲလွဲမှုမရှိသည့်အတွက်စာချုပ်အား ပြင်ဆင်ချုပ်ဆိုရန်မရှိပါကြောင်း ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ယနေ့ကျင်းပသည့် အမျိုးသားလွှတ်တော်အစည်းအဝေးတွင် ရှင်းလင်းပြောကြားသည်။**

အစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၂) မှ ဦးထွန်းထွန်းဦး၏ **မြန်မာ - တရုတ်၊ ကျောက်ဖြူ - ကူမင်း ရေနံနှင့် သဘာဝဓာတ်ငွေ့စီမံကိန်း တည်ဆောက်ရေးအတွက် ပိုက်လိုင်းတစ်လျှောက်ရှိ လယ်ယာမြေများထဲမှ အများစုကို ယင်းစီမံကိန်း၏ အော်ပရေတာဖြစ်သော နိုင်ငံခြားကုမ္ပဏီက မြန်မာတောင်သူများနှင့် တိုက်ရိုက်စာချုပ်ချုပ်ဆိုပြီး အပြီးအပိုင်သဘော ဝယ်ယူသိမ်းဆည်းခြင်းသည် မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများနှင့် ညီညွတ်ခြင်းမရှိပါသဖြင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ယင်းစာချုပ်ကို ပြင်ဆင်ချုပ်ဆိုခြင်းဖြစ်စေ၊ အခြားနည်းတစ်ခုခုဖြင့်ဖြစ်စေ ဥပဒေနှင့် ညီညွတ်အောင် ပြုလုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က အထက်ပါအတိုင်း ရှင်းလင်းဖြေကြားသည်။

ထို့ပြင် ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က မြန်မာ - တရုတ် ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်း စီမံကိန်း ဆောင်ရွက်ရာတွင် လယ်မြေ၊ ယာမြေ၊ ဥယျာဉ်မြေနှင့် အခြားမြေများကို လုပ်ငန်းလိုအပ်ချက်အရ အမြဲတမ်းသိမ်းယူခြင်းနည်းလမ်းနှင့် ယာယီသိမ်းယူခြင်း (၃ နှစ် သက်တမ်းကာလ) နည်းလမ်းတို့ဖြင့် ဆောင်ရွက်ရပါကြောင်း၊ မြေယာနှင့် သီးနှံလျော်ကြေးအတွက် ဈေးနှုန်းသတ်မှတ်ခြင်း၊ မြေကေသတ်မှတ်ခြင်းများကို မြေယာနှင့် သီးနှံလျော်ကြေးပေးရေးအဖွဲ့မှ စနစ်တကျတွက်ချက်ပြီး ဝန်ကြီးဌာနသို့ တင်ပြခွင့်ပြုချက်ရယူ၍ မြေယာနှင့် သီးနှံလျော်ကြေးပေးချေမှုဆိုင်ရာစာချုပ်အား သက်ဆိုင်ရာ တောင်သူနှင့် လုပ်ငန်းဆောင်ရွက်ခွင့်ရရှိသည့်ကုမ္ပဏီမှ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်းကိုယ်စားလက်မှတ်ရေးထိုး ချုပ်ဆိုရပါကြောင်း။

မြေယာနှင့် သီးနှံလျော်ကြေးများပေးချေမှုဆိုင်ရာ စာချုပ်ချုပ်ဆိုခြင်းလုပ်ငန်းသဘောသဘာဝအရ လုပ်ငန်းဆောင်ရွက်သည့်ကုမ္ပဏီမှ ပေးချေခြင်းဖြစ်ပါကြောင်း၊ ထိုသို့ပေးချေခြင်းသည် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ထံမှ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်က ဝယ်ယူသည့်ပုံစံမျိုးမဟုတ်ဘဲ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ထံမှ အဖွဲ့အစည်းတစ်ခုမှ လွှဲပြောင်းရယူသည့် ပုံစံမျိုးဖြစ်သည့်အတွက် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် China National Petroleum Corporation South East Asia Pipeline Co.,Ltd (SEAP) စသည့် သက်ဆိုင်ရာအလိုက် ပါဝင်ပတ်သက်သူများနှင့် လက်မှတ်ရေးထိုးရပါကြောင်း၊ SEAP ကုမ္ပဏီသည် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူ ပူးပေါင်းလုပ်ကိုင်လျက်ရှိသည့် ကုမ္ပဏီဖြစ်ပြီး လုပ်ငန်းလည်ပတ်ဆောင်ရွက်ရန် တာဝန်ယူထားသည့် ကုမ္ပဏီဖြစ်သည့်အတွက် စာချုပ်များတွင် ပါဝင်လက်မှတ်ရေးထိုး ချုပ်ဆိုရခြင်းဖြစ်ပါကြောင်း ဖြေကြားသည်။

ရခိုင်ပြည်နယ်မဲဆန္ဒနယ် အမှတ်



ရခိုင်ပြည်နယ်မဲဆန္ဒနယ်
အမှတ်(၁၁)မှဒေါ်ထုမေ

(၁၁)မှ ဒေါ်ထုမေ၏ **ရခိုင်ပြည်နယ်ဒေသဖွံ့ဖြိုးရေးအတွက် မင်းပြားနှင့် မြေပုံမြို့နယ်များတွင် လျှပ်စစ်မီးရရှိရေး ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က မင်းပြားမြို့နယ်ရှိ မြို့ပေါ်ရပ်ကွက် ၈ ရပ်ကွက်အား လျှပ်စစ်ဓာတ်အား ရရှိသုံးစွဲနိုင်ရန်အတွက် ၅၀၀ ကေဗွီအေ ဓာတ်အားပေးစက်တစ်လုံး၊ ၂၀၀ ကေဗွီအေ ဓာတ်အားပေးစက်နှစ်လုံး စုစုပေါင်း ဒီဇယ်ဓာတ်အားပေးစက် သုံးလုံးဖြင့် မီးသုံးသူ ၁၅၉၃ ဦး၊ မြေပုံမြို့နယ်ရှိ မြို့ပေါ်ရပ်ကွက် (၉) ရပ်ကွက်အား ဓာတ်အားရရှိသုံးစွဲနိုင်ရန်အတွက် ၅၀၀ ကေဗွီအေ ဓာတ်အားပေးစက်နှစ်လုံးဖြင့် မီးသုံးသူ ၁၀၉၀ ဦးတို့အား ဌာနမှ မီတာများတပ်ဆင်၍ တစ်ရက်လျှင် မီးပေးချိန် ၄ နာရီနှုန်းဖြင့် ဓာတ်အားဖြန့်ဖြူးပေးထားပါကြောင်း။

ရခိုင်ပြည်နယ် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး စီမံချက်အား လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ရေးဆွဲဆောင်ရွက်ရာတွင် မင်းပြားနှင့် မြေပုံမြို့များ လျှပ်စစ်ဓာတ်အားရရှိရေး လုပ်ငန်းများအပြင် ပေါက်တော၊ ကမ်းထောင့်ကြီး၊ တပ်တောင်မြို့များနှင့် ပတ်ဝန်းကျင်ကျေးရွာများ ဓာတ်အားစနစ်ဖြင့် ဓာတ်အားရရှိရေးအတွက် တည်ဆောက်ရန်လိုအပ်လျက်ရှိသော ၃၃ ကေဗွီလိုင်း ၈၁ ဒသမ ၇၅ မိုင်နှင့် ၃၃/ ၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံသုံးရုံတို့အနက် ၃၃ ကေဗွီလိုင်း ၃၅ မိုင်ကို ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ပထမအဆင့် ဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း၊ ကျန်ရှိသည့် ၃၃ ကေဗွီလိုင်း ၄၆ ဒသမ ၇၅ မိုင်နှင့် ၃၃/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံသုံးရုံ တည်ဆောက်ရန် စုစုပေါင်း ခန့်မှန်း ကုန်ကျငွေကျပ် သန်း ၄၂၇၈ ဒသမ ၆၃ သန်းအား ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘတ်ဂျက်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေပြီး ၂၀၁၇ ခုနှစ် နှစ်ကုန်ခန့်တွင် လုပ်ငန်းများပြီးစီး၍ တစ်ပြိုင်နက် ဓာတ်အားဖြန့်ဖြူးနိုင်ရန် လျာထားဆောင်ရွက်နေပါကြောင်း။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ရခိုင်ပြည်နယ်အတွင်း ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ ဆောင်ရွက်ပြီးစီးပါက ပြည်နယ်အတွင်းရှိ မင်းပြား၊ ပေါက်တော၊ ကမ်းထောင့်ကြီး၊ ကျောက်ဖြူနှင့် တပ်တောင်မြို့စုစုပေါင်း မြို့ငါးမြို့နှင့် ကျေးရွာ ၆၅ ရွာ၏ အိမ်ထောင်စုပေါင်း ၃၁၁၃၉ စုအား ဓာတ်အားစနစ်ဖြင့် ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်နေပါကြောင်း ဖြေကြားသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)မှ ဦးခင်ဝင်း၏ **မကွေးမြို့မှ ရေနံချောင်းမြို့နယ်သို့ သွယ်တန်းထားသော ၃၃ ကေဗွီလိုင်း ဖြတ်သန်းသွားရာ ဂွေးကုန်းလမ်းခွဲမှတစ်ဆင့် ရုံးကုန်းကျေးရွာသို့ ၃၃ ကေဗွီလိုင်း သွယ်တန်းပေးပြီး ရုံးကုန်း 33 KV Sub Station** မှ **5 MVA သို့မဟုတ် 10 MVA Sub Station တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ရေနံချောင်းမြို့နယ် ညောင်ပင်အိုင့်၊ ချိုင်း၊ ကန်ကြီး၊ ရုံးကုန်း၊ နဂါး၊ လေးတိုင်စင်၊ ဖောင်းကွဲ၊ ချောင်းဆုံ၊ အင်တော၊ စခန်းကန်နှင့် မကြီးကန်ကျေးရွာအုပ်စု ၁၁ စုအတွင်းရှိ ကျေးရွာပေါင်း ၅၄ ရွာ ဓာတ်အားရရှိသုံးစွဲနိုင်ရန် မကွေးမြို့ မကြီးကန် ပင်မဓာတ်အားခွဲရုံမှ ရေနံချောင်းမြို့သို့ ဓာတ်အားဖြန့်ဖြူးပေးထားသည့် ၃၃ ကေဗွီဓာတ်အားလိုင်း (ရေနံချောင်းဖီဒါ)မှ Tap Off ပြုလုပ်ပြီး ချိုင်းကျေးရွာအုပ်စု သရက်တောကျေးရွာတွင် ၃၃/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံတစ်ရုံ တည်ဆောက်ဖြန့်ဖြူးပေးရမည်ဖြစ်ပါကြောင်း။

ထိုတည်ဆောက်ရေးလုပ်ငန်းများအတွက် ရန်ပုံငွေကျပ်သန်း ၁၀၉၀ ဒသမ ၉၀၆ သန်း လိုအပ်ပြီး ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘတ်ဂျက်တွင်လည်းကောင်း၊ ၃၃ ကေဗွီဓာတ်အားခွဲရုံမှတစ်ဆင့် ကျေးရွာအုပ်စု ၁၁ စုထံသို့ ဓာတ်အားဖြန့်ဖြူးပေးရန် ၁၁ ကေဗွီဓာတ်အားလိုင်း ၄ မိုင် တည်ဆောက်ရန် ခန့်မှန်းဘတ်ဂျက်ရန်ပုံငွေကျပ် သန်း ၁၁၆ သန်းကို ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဘတ်ဂျက်တွင်လည်းကောင်း၊ ကျေးရွာများ ဓာတ်အားရရှိရေးအတွက် ၁၁ ကေဗွီဓာတ်အားလိုင်းများ၊ ၄၀၀ ဗို့ ဓာတ်အားလိုင်းများနှင့် ၁၁/ ၀ ဒသမ ၄ ထရန်စဖော်မာများအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်မှစ၍ နှစ်အလိုက် ရန်ပုံငွေများ ထပ်မံထည့်သွင်းလျာထားရန် သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးလားလ်မင်းထန်၊ ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၉)မှ ဦးခွန်သိန်းဖေ၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးညီစိန်နှင့် ကယားပြည်နယ်မဲဆန္ဒနယ်အမှတ်(၉)မှ ဦးစိုးသိန်းတို့၏ အထက်တန်းရှေ့နေလိုင်စင် လွယ်ကူရေးနှင့် လျှပ်စစ်ကဏ္ဍဆိုင်ရာ မေးခွန်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးစိုးညွန့်နှင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်တို့က ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့နောက် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ကျော်ဝင်း တင်သွင်းသည့် **မောင်တောခရိုင် အတွင်းရှိ တိုင်းရင်းသားမျိုးနွယ်စုအားလုံး အသက်အန္တရာယ်ကင်းဝေးပြီး စားဝတ်နေရေး အဆင်ပြေစွာ ဘဝလုံလုံခြုံခြုံရပ်တည်နိုင်ရေး၊ အကြမ်းဖက်သမားများ၊ ကျူးကျော်သူများ နောက်ထပ်မကျူးကျော်နိုင်ရေး စီမံဆောင်ရွက်ပေးပါရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုနှင့်စပ်လျဉ်းပြီး အဆိုရှင်က ပြန်လည်ရုပ်သိမ်းခွင့်ပြုရန် တင်ပြရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက လွှတ်တော်၏ ဆန္ဒကိုရယူ၍ အဆိုအား ရုပ်သိမ်းခွင့်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ကို ဒီဇင်ဘာ ၉ ရက်တွင် ကျင်းပသွားရန် လျာထားကြောင်း သိရသည်။**( သတင်းစဉ်)**

# မောင်တောခရိုင်အတွင်း ကျောင်းပေါင်း ၃၀၀ နီးပါး ပြန်လည်ဖွင့်နိုင်ပြီ

**သတင်း- မြင့်မောင်စိုး**
**ဓာတ်ပုံ- အောင်မိုးစိုး**

**မောင်တော ဒီဇင်ဘာ ၈**

မောင်တောခရိုင်အတွင်း အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ပြီးနောက် ဘူးသီးတောင်မြို့နယ်ရှိ အခြေခံပညာကျောင်းများအားလုံး ပြန်လည်ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း မောင်တောခရိုင်ပညာရေးမှူး ဦးအုန်းမြင့်က ပြောသည်။

“မောင်တောခရိုင် အတွင်းမှာရှိတဲ့ကျောင်းတွေကို အောက်တိုဘာ ၂၀ ရက်ကစပြီး နယ်မြေအေးချမ်းတဲ့ဒေသတွေမှာ တဖြည်းဖြည်းဖွင့်လှစ်လာခဲ့တာပါ။ အခုအခါမှာတော့ မောင်တောခရိုင်ရဲ့မြို့နယ်တစ်မြို့နယ်ဖြစ်တဲ့ ဘူးသီးတောင်မြို့နယ်မှာရှိတဲ့ အခြေခံပညာကျောင်းတွေအားလုံးကို ဖွင့်လှစ်လိုက်ပြီ ဖြစ်ပါတယ်” ဟု မောင်တောခရိုင် ပညာရေးမှူး ဦးအုန်းမြင့်က ပြောကြားသည်။

ဘူးသီးတောင် မြို့နယ်အတွင်း အခြေခံပညာအထက်တန်းအဆင့် ၁၀ ကျောင်း၊ အလယ်အတန်းအဆင့် ၁၀၆ ကျောင်းနှင့် မူလတန်းအဆင့် ၁၀၃ ကျောင်းရှိရာ ကျောင်းအားလုံး ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

အလားတူ မောင်တောမြို့နယ်၌လည်း အထက်တန်းအဆင့် ကိုးကျောင်း၊ အလယ်တန်းအဆင့် ၂၉ ကျောင်းနှင့် မူလတန်းအဆင့် ၃၂ ကျောင်း စုစုပေါင်း ကျောင်းပေါင်း ၇၀ ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ သို့ရာတွင် မောင်တောမြို့နယ်အတွင်း အထက်တန်းအဆင့် ခုနစ်ကျောင်း၊ အလယ်တန်းအဆင့် ၇၉ ကျောင်းနှင့် မူလတန်းအဆင့် ၂၇



ကျောင်း စုစုပေါင်း ၁၁၃ ကျောင်း ဖွင့်လှစ်ရန်ကျန်ရှိနေသေးကြောင်း မောင်တောခရိုင် ပညာရေးမှူးရုံးမှ သိရသည်။

“မောင်တောခရိုင် အတွင်းမှာ ကျန်ရှိနေတဲ့ကျောင်းတွေအနက် အခု သီတင်းပတ်ထဲမှာ ကျောင်း ၅၀ လောက် ထပ်မံဖွင့်လှစ်သွားမှာဖြစ်ပါတယ်။ ကျန်တဲ့ ၅၀ ကျော်ကိုတော့ နယ်မြေအေးချမ်းလာတဲ့အပေါ်မှာမူတည်ပြီး တဖြည်းဖြည်းဖွင့်လှစ်သွားမှာဖြစ်ပါတယ်။ ကျန်တဲ့ကျောင်းတွေ ဖွင့်လှစ်သွားနိုင်ဖို့ ဆရာဆရာမတွေလည်း စုရပ်မှာ အသင့်ရှိနေပြီဖြစ်ပါတယ်” ဟု ဦးအုန်းမြင့်က ထပ်လောင်းပြောကြားသည်။

ဖွင့်လှစ်ရန်ကျန်ရှိသော ကျောင်းအများစုမှာ မောင်တောမြောက်ပိုင်းမှ ကျေးရွာများဖြစ်ကြောင်း၊ ဖွင့်လှစ်ရန် အခြေအနေပေးလာသည်နှင့် ကျောင်းများကို တိုးချဲ့ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ မောင်တောခရိုင်အတွင်း ကျောင်းပေါင်း ၄၀၂ ကျောင်းရှိရာ ယခုအခါတစ်ခရိုင်လုံး၌ ကျောင်းပေါင်း ၃၀၀ နီးပါး ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

*စာမျက်နှာ ၆ မှ*

ဒ့ါအပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ဥက္ကဋ္ဌ မစ္စတာ ကိုဖီအာနန် ဦးဆောင်တဲ့အဖွဲ့နဲ့တွေ့ဆုံရာမှာ ဒေသတွင်းနေထိုင်သူများအနေဖြင့် နိုင်ငံတော်က ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ နေထိုင်လုပ်ကိုင်ရန်လိုအပ်ကြောင်း၊ အဲဒီလိုမဟုတ်ဘဲ မိမိဘာသာရပ်တည်နေထိုင်ပြီး နိုင်ငံတော်၏ ဥပဒေစည်းမျဉ်းများကို ဆန့်ကျင်ခြင်းမှာ မဖြစ်နိုင်ကြောင်း၊ ဖြစ်စဉ်မှာပါသွားတဲ့လက်နက်ခဲယမ်းတွေနဲ့ မိမိလုံခြုံရေးတပ်ဖွဲ့ဝင်များကို ပြန်တိုက်နေတာဖြစ်တဲ့အတွက် အန္တရာယ်ကြီးမားသဖြင့် အားလုံးပြန်လည်သိမ်းဆည်းရရှိရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်နေကြောင်း၊ လူသားချင်းစာနာတဲ့အကူအညီများ ကူညီဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း၊ တပ်မတော်မှ လူသတ်မှု၊ မုဒိမ်းမှု၊ မီးရှို့မှုများလုပ်ဆောင်နေသည်ဟု စွပ်စွဲပြောဆိုမှုများမှာ မဟုတ်ကြောင်း၊ အဲဒီလို ဖြစ်စဉ်မျိုးမရှိကြောင်း၊ သူတို့ဘာသာသူတို့ မီးရှို့တာဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ဥပဒေနှင့်အညီဖြစ်စေရန် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့တာ တွေ့ကြရပါလိမ့်မယ်။

ဒါကြောင့် ဒီနေ့ကြုံတွေ့နေရတဲ့ ရခိုင်မြောက်ပိုင်းပြဿနာဟာ အလွန်ထိလွယ်ရှလွယ်ပြီး မတူညီတဲ့လူ့အသိုက်အဝန်းနှစ်ခုအကြားမှာ ကြီးမားတဲ့ပဋိပက္ခအသွင်ကို ရောက်ရှိသွားနိုင်တဲ့ အန္တရာယ်ရှိနေပါတယ်။ ဒ့ါအပြင် နိုင်ငံတော်အစိုးရနဲ့ ကူညီဆောင်ရွက်ပေးနေတဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေ၊ ပြည်တွင်းပြည်ပလူမှုအဖွဲ့အစည်းတွေရဲ့ တည်ငြိမ်ရေးနဲ့ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေတာတွေကို အနှောင့်အယှက်အဟန့်အတား အများကြီးဖြစ်စေပါတယ်။ မိမိနိုင်ငံအပါအဝင် ဒေသတွင်းတည်ငြိမ်အေးချမ်းမှုနဲ့ စည်းလုံးညီညွတ်မှု၊ ပြည်တွင်းပြည်ပလူမှုအဖွဲ့အစည်းတွေရဲ့ တည်ငြိမ်ရေးနဲ့ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေတာတွေကို အဟန့်အတား ကြီးကြီးမားမား ဖြစ်စေပါတယ်။ ထိန်းထိန်းသိမ်းသိမ်းမလုပ်ကြရင် မိမိနိုင်ငံအပါအဝင် ဒေသတွင်းတည်ငြိမ်အေးချမ်းမှုနဲ့ စည်းလုံးညီညွတ်မှုကို ထိခိုက်စေတဲ့အထိ ဖြစ်လာနိုင်ပါတယ်။

ခုလို ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းတချို့နဲ့ ပုဂ္ဂိုလ်တွေ၊ စုစည်း ညီညွတ်တဲ့ အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်ခုနဲ့ အကြီးအကဲတွေ၊ ပြည်တွင်းပြည်ပမီဒီယာတွေနဲ့ ပြည်သူလူထုတွေရဲ့ လုပ်ကိုင်ပြောဆိုမှုတွေဟာ ပကတိအခြေအနေမှန်ပေါ်မှာ အခြေခံဖို့ လိုပါတယ်။ ထုတ်ပြန်ချက်တွေ၊ စွပ်စွဲချက်တွေဟာ စိစစ်အတည်ပြုပြီး မှန်ကန်မှုရှိဖို့လိုပါတယ်။ အားလုံးက သက်ဆိုင်ရာလိုက်နာရမယ့် ကျင့်ဝတ်စည်းမျဉ်းများနဲ့အညီ မှန်မှန်ကန်ကန်လိုက်နာဆောင်ရွက်ဖို့ လိုပါတယ်။ ဒါမှသာ အဆိုးတွေပျောက်ပြီး အကောင်းတွေ ဖြစ်လာမှာပါ။ အေးချမ်းသာယာပြီး ပုံမှန်အခြေအနေ ပြန်ရောက်နိုင်မှာပါ။ ငြိမ်းချမ်းတဲ့နယ်မြေအဖြစ် ပြန်လည်တည်ဆောက်နိုင်မည်ဖြစ်ပါကြောင်း သတိပြုဆင်ခြင်ကြဖို့ လိုပါတယ်။ နိုင်ငံတော်နဲ့ တပ်မတော်ကတော့ အချုပ်အခြာအာဏာကိုထိပါးတဲ့ ဒီလိုအကြမ်းဖက်မှုမျိုးကို လက်ခံမှာမဟုတ်သလို နိုင်ငံတော်ကာကွယ်ရေးနဲ့ တည်ငြိမ်အေးချမ်းရေးအတွက် စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ ဥပဒေများနဲ့အညီ ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားမှာပဲ ဖြစ်ပါတယ်။

အကောင်းမမြင်သရွေ့ အဆိုးတွေပဲဖြစ်နေမှာ ဖြစ်ကြောင်းပါခင်ဗျား။

## မောင်တောမြို့နယ်၌ သိန်း ၉၀၀၀ ခန့် တန်ဖိုးရှိ စိတ်ကြွဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၈**

မောင်တောမြို့ မောင်နီရွာအရှေ့ဘက် ကင်ညင်ချောင်းတောင်ဘက်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ တပ်မတော်ရေယာဉ်ဖြင့် လုံခြုံရေးတာဝန်ထမ်းဆောင်နေစဉ် ယနေ့ နံနက် ၄ နာရီခွဲက ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဖြတ်ကူးနေသည့် မသင်္ကာဖွယ်လှေတစ်စင်းကို တွေ့ရှိစစ်ဆေးရာမှ စိတ်ကြွဆေးပြားများနှင့်အတူ အမျိုးသားငါးဦးကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အဆိုပါ မသင်္ကာဖွယ်လှေပေါ်၌ ရွှေဇားအလယ်ရွာနေ နူရ်မာမတ် (၁၈ နှစ်)(ဘ) နူရ်ကာမာ၊ ဟာဘာလူရော်ဟာမန် (၁၈ နှစ်) (ဘ) အဒူဟာလစ်၊ အော်လီမတ် (၁၉ နှစ်) (ဘ) ရော်ရှီးတာမောက်၊ ရွှေဇားအနောက်ရွာနေ အာရပ် (၁၉ နှစ်) (ဘ) ရှားအာလောင်နှင့် မာမတ်ဆူတန် (၅၅ နှစ်) (ဘ) ဇော်လာမောက်တို့နှင့်အတူ ဆာလာအိတ်နှစ်အိတ်ဖြင့် ထုပ်ပိုးထားသည့် WY/R ရေးရာစာတန်းပါစိတ်ကြွဆေးပြား ၄၄၆၅၀၀၊ ကာလတန်ဖိုးငွေကျပ် ၈၉၃၀၀၀၀၀၀ ဖမ်းဆီးရမိခဲ့ပြီး ဖမ်းဆီးရမိသူများကို ဥပဒေအရ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**



## ပြည်နယ်အစိုးရအဖွဲ့က လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေး

**နေပြည်တော် ဒီဇင်ဘာ ၈**

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီအဖြစ် အမျိုးသားသဘာဝဘေးဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ထောက်ပံ့ငွေဖြင့် ပြည်နယ်အစိုးရအဖွဲ့က မောင်တောမြို့နယ်အတွင်းရှိ ညောင်ချောင်းကျေးရွာအုပ်စု၊ ရွှေဇားကပ္ပကောင်းကျေးရွာအုပ်စု၊ နွားရုံတောင်ကျေးရွာအုပ်စု၊ ဖားဝပ်ချောင်းကျေးရွာအုပ်စု၊ လေးမိုင်ကျေးရွာအုပ်စု၊ မြို့သူကြီးကျေးရွာအုပ်စု၊ ဇော်မတက်ကျေးရွာအုပ်စု၊ ဥဒေါင်းကျေးရွာအုပ်စု၊ ကျီးကန်းပြင်ကျေးရွာအုပ်စု၊ အလယ်သံကျော်ကျေးရွာအုပ်စု၊ တပ်ဦးချောင်းကျေးရွာအုပ်စု၊ အောင်ဇေယျကျေးရွာအုပ်စု၊ ဂေါ်ဒူသာရကျေးရွာအုပ်စု၊ ဒုချီးရားတန်းကျေးရွာအုပ်စု (၁၄) အတွင်းရှိ ကျေးရွာပေါင်း ၁၉ ရွာ၊ အိမ်ထောင်စု ၁၂၈၈ စုတို့အား ဆန် ၃၂၂ အိတ်၊ ဆီ ၆၄၄ ပိဿာ၊ ပဲ ၂၁၁ ပိဿာ၊ ဆား ၆၄၄ ပိဿာ၊ ငါးခြောက် ၆၄၄ ပိဿာတို့ကို ဒီဇင်ဘာ ၈ ရက်က တတိယအကြိမ်အဖြစ် ထောက်ပံ့ကူညီပေးခဲ့ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းထုတ်ပြန်ထားသည်။

**(သတင်းစဉ်)**

## ပုဏ္ဏားကျွန်း၌ မီးကြွင်းမီးကျန်မှ မီးလောင်မှုဖြစ်

**ပုဏ္ဏားကျွန်း ဒီဇင်ဘာ ၈**

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့ စံပြရပ်ကွက်တောင်ပိုင်း ကင်းချောင်းကမ်းစပ်အနီး၌ ဒီဇင်ဘာ ၆ ရက်နံနက် ၁၀ နာရီခန့်က မီးကြွင်းမီးကျန်မှုတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့ရာ ဒေါ်မအေးတင် (၅၇ နှစ်)၏ ဓနိမိုးဓနိကာ ဝါးခင်းနေအိမ်မီးလောင်ခဲ့ကြောင်း သိရသည်။

မီးလောင်မှုသတင်းရသည်နှင့်ချက်ချင်း မီးသတ်ယာဉ်တစ်စီးနှင့် အနီးပတ်ဝန်းကျင်ပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ အခြားအိမ်များသို့ မီးကူးစက်လောင်ကျွမ်းခြင်းမရှိဘဲ မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။ မီးလောင်မှုနှင့်ပတ်သက်၍ အိမ်ရှင်ဒေါ်မအေးတင်ကို ပုဏ္ဏားကျွန်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## မောင်တောမြို့နယ်၌ ဘင်္ဂလားဒေ့ရှ်နိုင်ငံသားနှစ်ဦး ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၈**

မောင်တောမြို့နယ် ကျွန်းပေါက်ဝချောင်းဝအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များ တပ်မတော်ရေယာဉ်ဖြင့် ကင်းလှည့်စဉ် ဒီဇင်ဘာ ၇ ရက် ညပိုင်းက မသင်္ကာဖွယ် လှေတစ်စင်းတွေ့ရှိရ၍ ဖမ်းဆီးခဲ့ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ မြန်မာနိုင်ငံအတွင်း တရားမဝင်ခိုးဝင်လာသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ တက္ကနပ်မြို့ လင်ဘာဆီကျေးရွာနေ အဒူရှုးကူ (၄၃ နှစ်)နှင့် ဘူလူမျာ (၄၂ နှစ်)တို့ နှစ်ဦးကို ဖမ်းဆီးရမိခဲ့ပြီး ဖမ်းဆီးရမိသူများကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီက သတင်းထုတ်ပြန်ထားသည်။

**(သတင်းစဉ်)**

## ငွေကြေးထောက်ပံ့နေသူများ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၈**

မောင်တောအကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များအတွက် ပြည်ပမှငွေကြေး လွှဲပြောင်း လက်ခံသူ စုစုပေါင်းငါးဦး ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့ကို ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီက သတင်းထုတ်ပြန်ထားသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၆ ရက် ညနေ ၅ နာရီခွဲက သဝန်ချောင်း (မြောက်) ကျေးရွာနှင့် ချိန်ခါလီကျေးရွာများသို့ သွားရောက်စစ်ဆေးရာ အကြမ်းဖက်တိုက်ခိုက်မှုများဆောင်ရွက်ရန်အတွက် တစ်ဖက်နိုင်ငံမှ ငွေကြေးများ လွှဲပြောင်း/ လက်ခံရယူပြီး လှုံ့ဆော်မှုများပြုလုပ်နေကြောင်း၊ မသင်္ကာသူလေးဦးကို ငွေကျပ် သိန်း ၃၀ နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့၏ ထွက်ဆိုချက်များအရ အကြမ်းဖက်တိုက်ခိုက်သူများအား ထောက်ပံ့ငွေများ လွှဲပြောင်းပေးအပ်သူ အီမာန်နူရ်ဆောင်းကို ယနေ့ ထပ်မံဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ရှမ်းပြည်နယ် အရှေ့မြောက်ဒေသသို့ အင်အားသုံးတိုက်ခိုက်လာသည့် လက်နက်ကိုင်ပူးပေါင်းအဖွဲ့များအား တပ်မတော်က တန်ပြန်တိုက်ခိုက်ချေမှုန်း

**နေပြည်တော် ဒီဇင်ဘာ ၈**

ရှမ်းပြည်နယ် အရှေ့မြောက်ဒေသ မူဆယ်ခရိုင် မုံးကိုး၊ ဖောင်းဆိုင်၊ ကြူကုတ်(ပန်ဆိုင်း)၊ ဟေမိုးလုံ နယ်မြေများသို့ နိုဝင်ဘာလ တတိယပတ်အတွင်း KIA, TNLA, MNDAA, AA လက်နက်ကိုင်အဖွဲ့များပူးပေါင်းပြီး မြောက်ပိုင်းမဟာမိတ်အဖွဲ့အဖြစ်အင်အားသုံး၍ ထိုးဖောက် တိုက်ခိုက်လာမှုကို တပ်မတော်က တန်ပြန်ထိုးစစ်ဆင်မှုများဖြင့် အောင်မြင်စွာ တန်ပြန်တိုက်ခိုက်ချေမှုန်းခဲ့ကြောင်း သတင်းရရှိသည်။

လက်နက်ကိုင်အဖွဲ့လေးဖွဲ့ပူးပေါင်း၍ မြောက်ပိုင်းမဟာမိတ်အဖွဲ့အဖြစ် ဖွဲ့စည်းပြီး မုံးကိုး၊ ဖောင်းဆိုင်၊ ဟေမိုးလုံ ဒေသများအား တိုက်ခိုက်သိမ်းပိုက်ရန်နှင့် တပ်မတော်မှ စစ်ကူတပ်များ မလာရောက်နိုင်စေရေးအတွက် လားရှိုးနှင့် မူဆယ်အကြား ပြည်ထောင်စုလမ်းမကြီးအား ပိတ်ဆို့ဟန့်တား ဖြတ်တောက်တိုက်ခိုက်မှုများ ပြုလုပ်သွားရန်စီမံဆောင်ရွက်နေကြောင်း ၊ ယင်းသတင်းများအရ ကွတ်ခိုင်၊ မူဆယ် နယ်မြေများရှိ တပ်မတော်စစ်ကြောင်းများကို ရန်သူ၏ အဓိကစစ်ရေးရည်မှန်းချက်ဖြစ်နိုင်သည့် မုံးကိုး၊ ဖောင်းဆိုင်နယ်မြေသို့ တပ်အင်အား ရွှေ့ပြောင်းဖြည့်တင်းမှုများ လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

နိုဝင်ဘာ ၁၉ ရက် သန်းခေါင်ကျော်အချိန်ခန့်တွင် လက်နက်ကိုင်အဖွဲ့များသည် တပ်မတော်စခန်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းများ၊ ရဲကင်းများအား ဝင်ရောက်တိုက်ခိုက်ခြင်း၊ လားရှိုးနှင့် မူဆယ်အကြား ပြည်ထောင်စုကားလမ်းမကြီးပေါ်ရှိ တံတားများကို ဖောက်ခွဲဖျက်ဆီးခြင်းများအပြင် စစ်ရေးပစ်မှတ်မဟုတ်သည့် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်ကိုပါ တစ်ချိန်တည်းတစ်ပြိုင်တည်း တိုက်ခိုက်မှုများ လုပ်ဆောင်ခဲ့သည်။

တိုက်ပွဲဖြစ်စဉ်များအနေဖြင့် နိုဝင်ဘာ ၂၀ ရက် နံနက် ၂ နာရီခန့်တွင် မုံးကိုးစခန်းအား လက်နက်ကိုင် ၂၀၀ ခန့်၊ မန်ကန်တပ်စခန်းအား ၁၀၀ ခန့်၊ ဖောင်းဆိုင်တပ်စခန်းအား ၇၀ ခန့် မူဆယ်မြို့အဝင် လုံခြုံရေးရဲကင်းအား ၄၀ ခန့်က စတင် တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ စတင်တိုက်ခိုက်သည်နှင့် တပ်စခန်းအသီးသီးကလည်း စနစ်တကျခံစစ်နေရာယူ၍ တိုက်ခိုက်လာသူများကို တန်ပြန်တိုက်ခိုက်ခဲ့ကြောင်း။

နိုဝင်ဘာ ၂၀ ရက် နံနက် ၆ နာရီကျော်ခန့်တွင် ကြူကုတ်(ပန်ဆိုင်း)တပ်စခန်းအား လက်နက်ကိုင် ၅၀ ခန့်၊ ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်လုံခြုံရေးတပ်စခန်းနှင့် ရဲကင်းအား ၈၀ ခန့်၊ နမ့်ပေါ်တံတားလုံခြုံရေးတပ်စခန်းနှင့် ရဲကင်းအား ၁၀၀ ခန့်က တစ်ချိန်တည်း ထပ်မံဝင်ရောက်တိုက်ခိုက်ခဲ့ကြောင်း၊ အလားတူ နံနက် ၁၁ နာရီ ၄၅ မိနစ်ခန့်တွင် မုံးပေါ်တပ်စခန်းအား လက်နက်ကိုင် ၁၀၀ ခန့်က ဝင်ရောက်တိုက်ခိုက်ခဲ့ကြောင်း။

ယင်းလက်နက်ကိုင်ပူးပေါင်းအဖွဲ့များသည် တပ်စခန်းများ၊ ရဲစခန်း၊ ရဲကင်းများကို တစ်ချိန်တည်းတစ်ပြိုင်တည်း တိုက်ခိုက်ချိန်တွင် တပ်မတော်စစ်ကြောင်းများ စစ်ကူလာရောက်ခြင်းမပြုနိုင်ရန်အတွက် ကွတ်ခိုင်နှင့် မူဆယ်အကြား ပြည်ထောင်စုကားလမ်းမကြီးရှိ တံတားများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုများ ပြုလုပ်ခဲ့ကြောင်း၊ နိုဝင်ဘာ ၂၀ ရက် နံနက် ၂နာရီ ခွဲခန့်တွင် မိုင်တိုင် ၂၅၉ အနီးရှိ ပေ ၂၀ အရှည်ရှိသော စွန်းလုံကွန်ကရစ်တံတား၊ နံနက် ၇ နာရီ မိနစ် ၅၀ ခန့်တွင် မိုင်တိုင် ၂၆၅ အနီးရှိ ပေ ၁၀၀ အရှည်ရှိသော နမ့်ပေါ်ကွန်ကရစ်တံတားနှင့် နံနက် ၁၀ နာရီ ၂၅ မိနစ်တွင် သိန်းနီမြို့အဝင် မိုင်တိုင် ၂၀၄ အနီးရှိ ပေ ၁၈၀ အရှည်ရှိသော နမ္မတူကွန်ကရစ်တံတားတို့ကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုများ လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

သို့ရာတွင် နိုဝင်ဘာ ၂၀ ရက်ကဖြစ်ပွားခဲ့သော တိုက်ပွဲဖြစ်စဉ်၌ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့စစ်အဖွဲ့ဝင်များ၏ ခုခံတိုက်ခိုက်မှုများကြောင့် လက်နက်ကိုင်အဖွဲ့များသည် နံနက် ၂ နာရီ မိနစ် ၅၀ ခန့်တွင် နမ့်ပေါ်တပ်စခန်းမှလည်းကောင်း၊ နံနက် ၈ နာရီ ၁၅မိနစ်တွင် ကြူကုတ်(ပန်ဆိုင်း) တပ်စခန်းမှ လည်းကောင်း၊ နံနက် ၁၀ နာရီခွဲတွင် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်မှ လည်းကောင်း၊ ညနေ ၄ နာရီခွဲခန့်တွင် မန်ကန်တပ်စခန်းနှင့် ည ၇ နာရီခွဲတွင် မုံးပေါ်တပ်စခန်းမှ လည်းကောင်း အသီးသီးပြန်လည်ဆုတ်ခွာသွားကြသည်။

ယင်းလက်နက်ကိုင်ပူးပေါင်းအဖွဲ့များသည် အရပ်ဘက်နေရာများကိုပါ ပစ်မှတ်ထားတိုက်ခိုက်ခဲ့ခြင်းကြောင့် အပြစ်မဲ့ပြည်သူများပါ သေကြေဒဏ်ရာရရှိမှုများ ဖြစ်ပွားခဲ့ရကြောင်း၊ နိုဝင်ဘာ ၂၀ ရက် မူဆယ်မြို့အဝင် ရဲကင်းနှင့် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန် ရဲကင်းကို ပစ်ခတ်တိုက်ခိုက်ရာတွင် လည်းကောင်း၊ နိုဝင်ဘာ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် မူဆယ်မြို့မရဲစခန်းနှင့် မြို့တွင်းနေရာများအား ပစ်ခတ်တိုက်ခိုက်ရာတွင် လည်းကောင်း၊ နိုဝင်ဘာ ၂၀ ရက် တာမိုးညဲမြို့နယ်ခွဲအား လည်းကောင်း၊ နိုဝင်ဘာ ၂၀၊ ၂၃၊၂၄၊၂၅ ရက်တို့တွင် ကွတ်ခိုင်မြို့တွင်းသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်မှုကြောင့်လည်းကောင်း၊ နိုဝင်ဘာ ၃၀ ရက်တွင် ကွတ်ခိုင်မြို့အထွက် အိုရီယမ်တယ်တိုးဂိတ်အား လည်းကောင်း၊ ဒီဇင်ဘာ ၄ ရက်တွင် ကွတ်ခိုင်မြို့တွင်းသို့ လည်းကောင်း လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်မှုများကြောင့် အပြစ်မဲ့ပြည်သူများ သေဆုံးထိခိုက်ဒဏ်ရာရရှိမှုများ ဖြစ်ပွားခဲ့ကြောင်း၊ ထို့အပြင် လားရှိုး-မူဆယ်ပြည်ထောင်စုကားလမ်းမကြီးအား မိုင်းထောင်ဖောက်ခွဲခြင်း၊ လမ်းပေါ်တွင် သွားလာနေသည့် အရပ်ယာဉ်ကြီးများအား ကန့်လန့်ဖြတ်ရပ်၍ လမ်းပိတ်ဆို့ခြင်း၊ ဖြတ်သန်းသွားလာနေသည့် ယာဉ်များ၊ ယာဉ်မောင်းများကို ပစ်ခတ်သတ်ဖြတ်ခြင်းများကိုပါ လုပ်ဆောင်လာခဲ့ခြင်းကြောင့် နယ်စပ်ဒေသကုန်သွယ်ရေးကိုပါ ထိခိုက်စေပြီး နိုင်ငံနှင့် ပြည်သူများအတွက် များစွာ နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်စေခဲ့ကြောင်းသိရသည်။

လက်နက်ကိုင်အဖွဲ့များအနေဖြင့် မုံးကိုးတပ်စခန်းအား အပြီးတိုင် တိုက်ခိုက်သိမ်းပိုက်၍ မုံးကိုး၊ ဖောင်းဆိုင်နယ်မြေကို ထိန်းချုပ်နိုင်ရန်ရည်ရွယ်၍ မုံးကိုးစခန်းအား ဒေသန္တရ သာလွန်အင်အားဖြင့် အဓိကထား၍ ဆက်လက်တိုက်ခိုက်ခဲ့ကြောင်း၊ အဆိုပါ အရှေ့မြောက်ဒေသဖြစ်စဉ်တွင် KIA, TNLA, MNDAA, AA လက်နက်ကိုင်အဖွဲ့များသည် စုစုပေါင်းအင်အား ၂၀၀၀ ခန့်ဖြင့် အင်အားသုံးဝင်ရောက်တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လက်နက်ကိုင်အဖွဲ့များအနေဖြင့် နိုဝင်ဘာ ၂၄ ရက်မှ ဒီဇင်ဘာ ၄ ရက်အထိ ဒေသန္တရ သာလွန်အင်အားများဖြင့် မုံးကိုးတပ်စခန်းအား သိမ်းပိုက်နိုင်ရန် ကြိုးစားခြင်း၊ လက်နက်ကြီး လက်နက်ငယ်များဖြင့် အပြင်းအထန် ပစ်ခတ်တိုက်ခိုက်ချေမှုန်းခြင်းများ လုပ်ဆောင်ခဲ့သော်လည်း တပ်စခန်းကျဆုံးမှုမရှိစေရန် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့စစ်အဖွဲ့ဝင်များက ကြံ့ကြံ့ခံ ခုခံတိုက်ခိုက်ခဲ့ကြောင်း၊ စစ်ကူအဖွဲ့များလည်း ဒီဇင်ဘာ ၄ ရက် မွန်းလွဲ ၃ နာရီခွဲတွင် မုံးကိုးတပ်စခန်းသို့ အောင်မြင်စွာရောက်ရှိ တပ်ချင်းဆက်နိုင်ခဲ့ပြီး ညနေ ၆ နာရီတွင် မုံးကိုးမြို့ကို ထိန်းချုပ်ထားနိုင်ခဲ့ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

## မုံးကိုးမြို့အနီးဝန်းကျင်မှ လက်နက်၊ ခဲယမ်းများ တွေ့ရှိသိမ်းဆည်း

**နေပြည်တော် ဒီဇင်ဘာ ၈**

ရှမ်းပြည်နယ် အရှေ့မြောက်ဒေသ မုံးကိုးမြို့သို့ တပ်မတော်စစ်ကူစစ်ကြောင်းများရောက်ရှိပြီးနောက် မြို့လုံခြုံမှုနှင့် တည်ငြိမ်အေးချမ်းမှုရှိစေရန်၊ အများပြည်သူများ အေးချမ်းစွာ ပြန်လည်နေထိုင်နိုင်ရေး နယ်မြေရှင်းလင်းရေးများ ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၇ ရက် ညပိုင်းတွင် မုံးကိုးမြို့ရဲစခန်းအတွင်းမှ အမ် ၂၂ သေနတ်ရှစ်လက်၊ ၎င်းကျည်အိမ်တစ်ခု၊ ခြောက်လုံးပြူးလေးလက်၊ ၎င်းကျည်အတောင့် ၂၀၀၊ အမ် ၂၃ ကျည်အိမ် အဝိုင်းကိုးခုနှင့် ကျည်ခါးပါတ်တစ်တွဲတို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

အလားတူ ယနေ့တွင်လည်း တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းရေးများ ဆက်လက်ဆောင်ရွက်လျက်ရှိရာ မုံးကိုးမြို့အတွင်းမှ ၆၀ မမ စိန်ပြောင်းတစ်လက်၊ ၎င်းလက်နက်နှစ်ချောင်းထောက် အောက်ခံခုံပါ တစ်စုံနှင့် ချိန်ဆိုဒ်တစ်ခု၊ ၎င်းဗုံးသီးခုနစ်လုံး၊ ပစ္စတိုနှစ်လက်၊ ၎င်းကျည် ၃၇ တောင့်၊ အမ် ၂၂ -နှစ်လက်၊ ကာဘိုင် သေနတ်တစ်လက်၊ ရိုင်ဖယ်သေနတ်တစ်လက်၊ လုပ်သေနတ်တစ်လက်၊ အမ် ၂၂ ကျည်အိမ်ကိုးခု၊ အမ် ၂၂ ကျည်၊ အတောင့် ၉၄၀၊ လက်ပစ်ဗုံး ၁၃ လုံး၊ အမ် ၁၆ ကျည် အတောင့် ၃၈၀၊ စနိုက်ပါ မှန်ပြောင်းတစ်ခုနှင့် လမ်းလျှောက်စကားပြောစက်သုံးလုံးတို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် မုံးကိုးမြို့အတွင်းနှင့် အနီးပတ်ဝန်းကျင်တစ်ဝိုက်အား နေ့ညမပြတ် နယ်မြေရှင်းလင်းရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းရရှိသည်။ **(သတင်းစဉ်)**



## နယ်မြေရှင်းလင်းရေးဆောင်ရွက်စဉ် နယ်စပ်ဖြတ်ကျော်ခွင့်လက်မှတ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၈**

ရှမ်းပြည်နယ် မြောက်ပိုင်း မူဆယ်ခရိုင် မုံးကိုးမြို့ နမ့်ကွတ်ကျေးရွာအနီး နယ်မြေလုံခြုံရေးဆောင်ရွက်နေသော တပ်မတော်စစ်ကြောင်းအား ဒီဇင်ဘာ ၅ ရက် ည ၉ နာရီခန့်က KIA/TNLA လက်နက်ကိုင်ပူးပေါင်းအဖွဲ့ အင်အား ၃၀ ခန့်က လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် တပ်မတော်မှ အရာရှိ၊ စစ်သည်အချို့ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး တပ်မတော်စစ်ကြောင်းက ပြန်လည်ပစ်ခတ်တိုက်ခိုက်ရာ လက်နက်ကိုင်ပူးပေါင်းအဖွဲ့များ တောင်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

အဆိုပါနေရာတစ်ဝိုက်အား တပ်မတော်စစ်ကြောင်းများက ယနေ့နံနက်ပိုင်းတွင် အသေးစိတ်ရှင်းလင်းရာ လက်နက်ကိုင်အဖွဲ့များနေထိုင်ခဲ့သည့် သစ်ရွက်တဲ ခုနစ်လုံး၊ မှတ်ပုံတင်နှစ်ခုနှင့် နယ်စပ်ဝင်ထွက်သွားလာခွင့် လက်မှတ်နှစ်ခုတို့အား သိမ်းဆည်းရမိခဲ့ပြီး အထောက်အထားများအရ ၎င်းတို့သည် ကာမိုင်းနှင့် တနိုင်းဘက်မှ KIA လက်နက်ကိုင်အဖွဲ့ဝင်များဖြစ်ကြောင်းနှင့် နယ်စပ်ဝင်ထွက် သွားလာခွင့်ကတ်များကိုကိုင်ဆောင်၍ နယ်စပ်ဖြတ်ကျော်သွားလာပြီး တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းထုတ်ပြန်ထားသည်။

**(သတင်းစဉ်)**

## ကွတ်ခိုင်မြို့နယ်၌ ဒေသန္တရလက်လုပ်မိုင်းများ တွေ့ရှိ

**နေပြည်တော် ဒီဇင်ဘာ ၈**

လုံခြုံရေးတပ်ဖွဲ့ဝင်များက ကွတ်ခိုင်မြို့နယ် နမ့်ပါချီးရွာအနီး ပြည်ထောင်စုကားလမ်းအောက်ရှိ ရေဆင်းပြွန်အတွင်းမှ ဒေသန္တရ လက်လုပ်မိုင်းကိုးလုံးအား တွေ့ရှိရှင်းလင်းခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းထုတ်ပြန်ထားသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေသတင်းပေးချက်အရ နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ကွတ်ခိုင်မြို့နယ် ဆင်မိန်းဟိုကျန့်အုပ်စု နမ့်ပါချီးရွာ ပြည်ထောင်စုကားလမ်းအောက်မှဖြတ်၍ သွယ်တန်းထားသော ရေဆင်းပြွန်ကို သွားရောက်စစ်ဆေးရာ ရေပြွန်အတွင်းမှ ဒေသန္တရလက်လုပ်မိုင်းကိုးလုံးအား တွေ့ရှိခဲ့သည်။

အဆိုပါ မိုင်းကိုးလုံးသည် အမြင့် ခြောက်လက်မ၊ အချင်းလေးလက်မရှိ သံကိုယ်ထည်ဖြင့် ပြုလုပ်ထားသည့် ဒေသန္တရ လက်လုပ်မိုင်းများဖြစ်ပြီး မိုင်းနှင့်အတူ ၁၄ ဒသမ ၈ ဗို့ ဘက်ထရီတစ်လုံး၊ အဖြူအနီ ဝိုင်ယာကြိုးဖြင့် တွဲထားသော စနက်တံကိုးချောင်းနှင့် အဝေးထိန်း ဆားကစ်အုံတစ်ခုတို့ တွေ့ရှိခဲ့ရပြီး တပ်မတော်စစ်ကြောင်းက သက်မဲ့ပြုလုပ်ရှင်းလင်းခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ရဲတပ်ဖွဲ့ဝင်များ၏ ရုပ်အလောင်းများ ထပ်မံတွေ့ရှိ

**နေပြည်တော် ဒီဇင်ဘာ ၈**

ရှမ်းပြည်နယ် မြောက်ပိုင်း မုံးကိုးဒေသတိုက်ပွဲ ဖြစ်စဉ်များအတွင်း ရဲတပ်ဖွဲ့ဝင် ၁၆ ဦးပျောက်ဆုံးခဲ့ပြီး ဒီဇင်ဘာ ၇ ရက်အထိ အသက်ရှင်လျက်ပြန်တွေ့သူ လေးဦး၊ ကျဆုံးသူ ကိုးဦးနှင့် ပျောက်ဆုံးဆဲ သုံးဦးဖြစ်ကြောင်း သိရသည်။

မုံးကိုးနယ်မြေအတွင်း တပ်မတော်စစ်ကြောင်းများက အသေးစိတ် နယ်မြေရှင်းလင်းစဉ် ယနေ့ နံနက် ၉ နာရီခန့်တွင် စာသင်ကျောင်းနှင့် ရဲစခန်းကြားရှိ ချုံစပ်အနီးတွင် သေနတ်ဒဏ်ရာများဖြင့် သေဆုံးနေသည့် ရဲတပ်ဖွဲ့ဝင်သုံးဦး၏ ရုပ်အလောင်းများထပ်မံတွေ့ရှိခဲ့ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းထုတ်ပြန်ထားသည်။

**(သတင်းစဉ်)**

## အမျိုးသားနှစ်ဦးအား KIA လက်နက်ကိုင်အဖွဲ့က လူသစ်စုဆောင်းရန် အဓမ္မဖမ်းဆီးခေါ်ဆောင်

**နေပြည်တော် ဒီဇင်ဘာ ၈**

ကချင်ပြည်နယ် အင်ဂျန်းယန်မြို့တွင်နေထိုင်သူ အမျိုးသားနှစ်ဦးအား ယမန်နေ့ နံနက်ပိုင်းက KIA လက်နက်ကိုင်အဖွဲ့က လူသစ်စုဆောင်းရန်အတွက် ဖမ်းဆီးခေါ်ဆောင်သွားကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းထုတ်ပြန်ထားသည်။

ဖြစ်စဉ်မှာ အင်ဂျန်းယန်မြို့တွင်နေထိုင်သူ အမျိုးသားနှစ်ဦးမှာ ဒီဇင်ဘာ ၇ ရက် နံနက် ၈ နာရီခွဲက တောင်ယာလုပ်ကိုင်ရန်အတွက် နေအိမ်မှထွက်ခွာလာစဉ် KIA လက်နက်ကိုင်အဖွဲ့မှ လူသစ်စုဆောင်းရန်အတွက် အဓမ္မဖမ်းဆီးခေါ်ဆောင်သွားခြင်းဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ဒေါ်နယ်ထရန့်အား ယခုနှစ်အတွက် အထူးခြားဆုံးပုဂ္ဂိုလ် Person of the Year အဖြစ် တိုင်းမ်မဂ္ဂဇင်းကရွေးချယ်ဖော်ပြ




**ဝါရှင်တန် ဒီဇင်ဘာ ၈**
အမေရိကန် ရွေးကောက်ခံသမ္မတ ဒေါ်နယ်ထရန့်ကို တိုင်းမ်မဂ္ဂဇင်းက ယခုနှစ်အတွက် အထူးခြားဆုံးပုဂ္ဂိုလ် "Person of the Year" အဖြစ်ရွေးချယ်ဖော်ပြခဲ့ကြောင်း ရိုက်တာ သတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ထိုသို့ ဖော်ပြခြင်းခံရသည့်အတွက် အကြီးမားဆုံး ဂုဏ်ပြုခံရခြင်းဖြစ်ကြောင်း အင်န်ဘီစီရုပ်သံနှင့် တွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် အမေရိကန်ရွေးကောက်ခံသမ္မတ ဒေါ်နယ်ထရန့်က ပြောခဲ့သည်။

ထရန့်သည် အမေရိကန် အခွင့်ထူးခံလူတန်းစားများကို ရှင်းလင်းကာ ပြည်သူများအတွက် အပြောင်းအလဲလုပ်ပေးမည်ဆိုသည့် ရွေးကောက်ပွဲမဲဆွယ်မှုကြောင့် အနိုင်ရလာခဲ့ခြင်းဖြစ်သည်။

ဆန်ခါတင် ၁၀ယောက် ရွေးချယ်မှုတွင် ထရန့်အား နောက်ဆုံးရွေးချယ်မှုအနေဖြင့် တိုင်းမ်မဂ္ဂဇင်းက ဖော်ပြခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(ရိုက်တာ)**

# ပါကစ္စတန်လေယာဉ်ပျက်ကျမှု တစ်နိုင်ငံလုံးဝမ်းနည်းကြေကွဲ

**ကရာချိ ဒီဇင်ဘာ ၈**
လေးနှစ်တာအတွင်း အသေအပျောက်အများဆုံးဖြစ်သည့် လူ ၄၇ ဦးကို သေ ဆုံးစေခဲ့သည့် ပါကစ္စတန်လေယာဉ်ပျက်ကျမှုကြောင့် ကြာသပတေးနေ့တွင် ပါကစ္စတန်တစ်နိုင်ငံလုံး ဝမ်းနည်း ပူဆွေးခဲ့ကြသည်။ အာဏာပိုင်များသည် လေယာဉ်ပျက်ကျမှု၏ အကြောင်းအရင်းကို အတိအကျသိရှိနိုင်ရန် စုံစမ်းမှုများ လုပ်ဆောင်ခဲ့သည်။

လေယာဉ် အင်ဂျင်ပိုင်းဆိုင်ရာ ချွတ်ယွင်းမှုက လေယာဉ်ပျက်ကျစေခဲ့သည်ဟု ယူဆရသော်လည်း မေးခွန်းများစွာကျန်ရှိနေပြီး ပါကစ္စတန်နိုင်ငံတကာလေကြောင်းလိုင်းပိုင် လေယာဉ်၏ အသက်အန္တရာယ်ပိုင်းဆိုင်ရာ လုံခြုံစိတ်ချရမှုမှတ်တမ်းအပေါ် စိုးရိမ်ကြောင့်ကြမှုများစွာ ပေါ်ပေါက်လာစေခဲ့သည်။

ATR - 42 လေယာဉ်သည် ပုံမှန် ထိန်းချုပ်ဆောင်ရွက်မှုများ လုပ်ဆောင်ထားပြီး အောက်တိုဘာလအတွင်းက A-Check အသိအမှတ်ပြုလက်မှတ် ရရှိထားပြီးဖြစ်သည်ဟု လေကြောင်းလိုင်းဥက္ကဋ္ဌ မိုဟာမက်အာဇမ်ဆိုင်ကောက ပြောကြားခဲ့သည်။ လေယာဉ်ပျက်ကျမှု မဖြစ်ပွားမီ လေယာဉ်၏ တာဘိုင်သုံးဂျက်အင်ဂျင်နှစ်လုံးအနက် တစ်လုံးမှာ ချွတ်ယွင်းမှုဖြစ်သွားဟန်ရှိကြောင်း၊ သို့သော်လည်း ပိုမိုသေချာခိုင်မာသည့် အဖြေရရှိနိုင်ရေး စုံစမ်းစစ်ဆေးမှုများလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဆိုင်ကောက ပြောသည်။

လေယာဉ်ပျက်ကျမှုအတွင်း နည်း ပညာပိုင်းဆိုင်ရာ ချွတ်ယွင်းမှုနှင့် လူ၏မှားယွင်းလုပ်ဆောင်မှု ပယောဂ လုံးဝ မပါဝင်ဟု ထင်မြင်ခဲ့ကြောင်း ဆိုင်ကော က ဗုဒ္ဓဟူးနေ့နှောင်းပိုင်းတွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့ကြောင်း သိရသည်။ **(ရိုက်တာ)**

# အလက်ပိုကို ပြန်လည်ရယူနိုင်တော့မည့် ဆီးရီးယားတပ်မတော်နှင့် အပစ်အခတ်ရပ်စဲရန် သူပုန်အဖွဲ့ကြိုးပမ်းလာ

**အလက်ပို ဒီဇင်ဘာ ၈**
အလက်ပိုအရှေ့ပိုင်းကို သိမ်းပိုက်ထားသည့် ဆီးရီးယားသူပုန်အဖွဲ့သည် အရပ်သားများနှင့် ဒဏ်ရာရရှိသူများကို ကယ်ဆယ်ရန်နှင့် ငါးရက်ကြာအရေးပေါ် အပစ်အခတ်ရပ်စဲမှုပြုလုပ်ရန် ဗုဒ္ဓဟူးနေ့က တောင်းဆိုခဲ့သည်။ သို့ရာတွင် ဒမတ်စကက်နှင့် မော်စကိုကတောင်းဆိုထားသည့်အတိုင်း အလက်ပိုမှ ဆုတ်ခွာသွားရန် အရိပ်အမြွက် ပြောဆိုမှုမျိုးပင်မရှိခဲ့ပေ။

ဆီးရီးယားတပ်မတော်နှင့် မဟာမိတ်များသည် လွန်ခဲ့သောနှစ်ပတ်က သူပုန်များအား တိုက်ခိုက်နှိမ်နင်းရာတွင် ဆက်တိုက်ဆိုသလို အောင်မြင်မှုရရှိခဲ့ပြီး ဆီးရီးယား၏ အထင်ကရမြို့တော်ဖြစ်သည့် အလက်ပိုကို အပြည့်အဝပြန်လည်ထိန်းချုပ်နိုင်ရန် နီးစပ်လာခဲ့ပြီဖြစ်သည်။

အပစ်ရပ် သဘောတူညီမှုပြုလုပ်ရန် တောင်းဆိုရာတွင် သူပုန်များသည် အလက်ပိုအရှေ့ပိုင်းတွင် ခုခံကာကွယ်ပေးနေသည့် ထောင်ပေါင်းများစွာသောတိုက်ခိုက်ရေးအင်အားစုများကို ကယ်ဆယ်မှုပြုလုပ်ရန် ဖော်ပြချက်မျိုးမပါဝင်ခဲ့ပေ။

ဆီးရီးယားသမ္မတ ဘတ်ရှာအယ်လ်အာဆတ်ကို ထောက်ခံပေးနေသည့် ဆီးရီးယားနှင့် ရုရှားတပ်မတော်အင်အားစုများကမူ သူပုန်များအား အလက်ပိုမြို့မှ အမြန်ဆုံးထွက်ခွာသွားစေလိုကြောင်းနှင့် ထိုသို့ထွက်ခွာသွားခြင်းမရှိသေးဘဲ အပစ်အခတ်ရပ်စဲရေးကို ထည့်သွင်းစဉ်းစားလိမ့်မည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။

အလက်ပိုကိုပြန်လည်ရရှိခြင်းသည် ၂၀၁၅ ခုနှစ် စက်တင်ဘာလက ရုရှားမဟာမိတ်အဖွဲ့ကို ကယ်ဆယ်ရန် လေကြောင်းတိုက်ခိုက်မှုလုပ်ဆောင်ခဲ့သည့် ရုရှားသမ္မတ ဗလာဒီမာပူတင်အတွက်လည်း အောင်ပွဲတစ်ခုဖြစ်လာမည်ဖြစ်သည်။
**(ရိုက်တာ)**



# ရုရှား သမ္မတ ဗလာဒီမာ ပူတင် ဂျပန်နိုင်ငံသို့ လာရောက်မည်

**တိုကျို ဒီဇင်ဘာ ၈**
ရုရှားသမ္မတ ဗလာဒီမာပူတင်သည် လာမည့်အပတ်ထဲတွင် ဂျပန်နိုင်ငံသို့ လာရောက်မည်ဖြစ်ကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနက တရားဝင်ကြေညာခဲ့သည်။

ဗလာဒီမာပူတင်သည် ဝန်ကြီးချုပ်ရှင်ဇိုအာဘေးနှင့်တွေ့ဆုံရန် ဂျပန်နိုင်ငံသို့ ဒီဇင်ဘာ ၁၅ ရက်မှ ၁၆ ရက်အထိ အလုပ်သဘော အလည်အပတ်ခရီးစဉ် လာရောက်မည်ဖြစ်ကြောင်း ဒီဇင်ဘာ ၈ ရက်တွင် နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောခဲ့သည်။

နှစ်နိုင်ငံခေါင်းဆောင်များသည် ပိုင်နက်အငြင်းပွားဖွယ်ကိစ္စများနှင့် ရာမာကူချီစီရင်စု နာဂါတိုမြို့ရှိ ကိစ္စရပ်များကို ဒီဇင်ဘာ ၁၅ ရက်တွင် အမြင်ချင်းဖလှယ်သွားမည်ဖြစ်ကြောင်း သိရသည်။ နာဂါတိုသည် အာဘေး၏ မွေးရပ်မြေဖြစ်သည်။

ဒီဇင်ဘာ ၁၆ ရက်တွင် တိုကျို၌ တွေ့ဆုံမည့်ဆွေးနွေးပွဲတွင် စီးပွားရေးခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်သည်။ ထို့အပြင် အချက်ရှစ်ချက်ပါ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်ကို သဘောတူရန် မျှော်လင့်ထားကြောင်းသိရသည်။
**(အင်န်အိတ်ချ်ကေ)**

# အင်ဒိုနီးရှားမြေငလျင်ကြောင့် သေဆုံးသူအရေအတွက်မြင့်တက်၊ ရှာဖွေကယ်ဆယ်မှုများ မနားတမ်းလုပ်ဆောင်

**ဂျကာတာ ဒီဇင်ဘာ ၈**
အင်ဒိုနီးရှားနိုင်ငံ အာချေးဒေသတွင် အင်အား ၆ ဒသမ ၅ အဆင့်ရှိ အင်အားပြင်းငလျင်ကြီးတစ်ခု လှုပ်ခတ်သွားခဲ့ပြီးနောက် သေဆုံးသူအရေအတွက်သည် ၉၇ဦးမှ ၁၀၂ ဦးအထိ ထပ်မံမြင့်တက်သွားခဲ့ကြောင်း သိရသည်။

လိမ္မော်ရောင်ယူနီဖောင်းဝတ် ရှာဖွေကယ်ဆယ်ရေး အဖွဲ့ဝင်များသည် အသက်ရှင်ကျန်ရစ်သူများအား ရှာဖွေကယ်ဆယ်နိုင်ရေး မနားတမ်းဆောင်ရွက်လျက်ရှိသည်။ မြေငလျင်သည် မြို့တွင်းရှိ အဆောက်အအုံနှစ်ရာကျော်ကို အကြီးအကျယ်ထိခိုက်ပျက်စီးသွားစေခဲ့သည့်အပြင် ပိုင်ဒီဂျာရာရှိ အပျက်အစီးပုံများအောက်တွင် ပိတ်မိနေသူများစွာကျန်ရှိနေဦးမည်ကို စိုးရိမ်ပူပန်နေရသည်။

နေအိမ်ပျက်စီးဆုံးရှုံးသွားသူ ထောင်ပေါင်းများစွာတို့သည် ကယ်ဆယ်ရေးစခန်းများအောက်တွင် ဒုက္ခသည်များအဖြစ် ခိုလှုံနေကြရသည်။ ၂၀၀၄ ခုနှစ်ကလည်း အာချေးဒေသတွင် မြေငလျင်ကြီးတစ်ခုလှုပ်ခတ်မှုကြောင့် ဆူနာမီလှိုင်းများဖြစ်ပေါ်ကာ လူနှစ်သိန်းနီးပါး သေဆုံးခဲ့ရသည်။

ဘာလီ၌ လတ်တလောရောက်ရှိနေသည့် အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုသည် မြေငလျင်ဒဏ်ထိခိုက်ခံစားခဲ့ရသည့် အာချေးဒေသသို့ သွားရောက်မည်ဟု သတင်းထောက်များအား ပြောကြားခဲ့သည်။

သို့သော် သွားရောက်မည့်နေ့ရက်အတိအကျကို ပြောကြားခြင်းမရှိသေးပေ။ အင်ဒိုနီးရှားအစိုးရအဖွဲ့က မြေငလျင်လှုပ်ခတ်ခဲ့ရာနေရာရှိ ကြီးမားလေးလံသည့် အပျက်အစီးအပိုင်းအစများကို ဖယ်ရှားရန် ပိုမိုကြီးမားသည့် စက်ယန္တရားများ ပို့ဆောင်လိုက်ပြီဖြစ်ကြောင်း ကြာသပတေးနေ့တွင် ပြောကြားခဲ့သည်။
**(ဘီဘီစီ)**



# မှန်ကန်သည့် ကိန်းဂဏန်းအချက်အလက်များအသုံးပြုနိုင်ရန် လူ့စွမ်းအားဖွံ့ဖြိုးမှုအညွှန်းကိန်းအသုံးပြုသူများက အလုပ်ရုံဆွေးနွေး

နေပြည်တော် ဒီဇင်ဘာ ၈

**လူ့စွမ်းအားဖွံ့ဖြိုးမှုအညွှန်းကိန်းများ အသုံးပြုသူတို့၏ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်က အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။** (အောက်ပုံ)



နိုင်ငံတော်၏ စီးပွားရေးနှင့် လူမှုရေးပြောင်းလဲဖြစ်ပေါ်မှုများကို အချိန်နှင့်တစ်ပြေးညီ လေ့လာသုံးသပ်ခြင်းတွင် လူ့စွမ်းအားဖွံ့ဖြိုးမှု အညွှန်းကိန်းများ၏ အခန်းကဏ္ဍသည် အလွန်လိုအပ်ပြီး မူဝါဒချမှတ်သူများ၊ စီမံကိန်းရေးဆွဲသူများနှင့် စီမံခန့်ခွဲကြီးကြပ်သူများက အလေးထားနားလည်သဘောပေါက်ခြင်းဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုများတွင် အရေးပါသည့် အချက်အလက်များရရှိနိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

အခမ်းအနားတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လူ့စွမ်းအားဖွံ့ဖြိုးမှုအညွှန်းကိန်းများ လက်တွေ့အသုံးပြုနိုင်ရေးအတွက် ဝန်ကြီးဌာနအနေဖြင့် ၁၉၉၅ ခုနှစ်မှ စတင်ကာ လူဦးရေနှင့် ဖွံ့ဖြိုးမှုစီမံကိန်းရေးဆွဲမှုလုပ်ငန်းစဉ်များအတွက် လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်မှု အညွှန်းကိန်းစနစ်ဖော်ထုတ်ရေးဆိုင်ရာ လုပ်ငန်းစီမံကိန်းကို စတင်ခဲ့ကြောင်း၊ ၂၄ လတာအတွင်း လူမှုစီးပွားရေးနှင့် သက်ဆိုင်သည့် လူ့စွမ်းအားဖွံ့ဖြိုးမှုအညွှန်းကိန်းလက်စွဲစာစောင်နှင့် လူ့စွမ်းအားဖွံ့ဖြိုးမှုအညွှန်းကိန်း လက်စွဲစာအုပ်တို့ကို ပြုစုနိုင်ခဲ့ကြောင်း ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက အခမ်းအနားတွင် ပြောကြားသည်။

**စစ်တမ်းကောက်ယူနိုင်**

ဖွံ့ဖြိုးပြီးနိုင်ငံအများစုသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်းကြရာတွင် သဘာဝအရင်းအမြစ်များသာမက လူ့စွမ်းအားအရင်းအမြစ်များကိုပါ စနစ်တကျပြုစုအသုံးချနေကြပြီး သဘာဝအရင်းအမြစ်များကို အခြေခံသည့် စီးပွားရေးပုံစံမှ လူ့စွမ်းအားအရင်းအမြစ်များကို အခြေခံသည့် စီးပွားရေးစနစ်ကို ဖော်ဆောင်နေကြကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားပြီး ယနေ့ ကမ္ဘာပေါ်ရှိ နိုင်ငံအများစုသည် လူဦးရေနှင့် လုပ်သားအင်အားအပါအဝင် လူ့စွမ်းအားဆိုင်ရာ စာရင်းအင်း အချက်အလက်များ ရရှိနိုင်ရန်အတွက် ကျွမ်းကျင်မှုအားနှင့် ငွေအင်အား အများအပြားအကုန်အကျခံကာ ကောက်ယူစာရင်းပြုစုနေသည်ကို မြင်တွေ့ရကြောင်း၊ ထို့ကြောင့် ယခုအခါ ၂၀၁၅ခုနှစ် မြန်မာနိုင်ငံလုပ်သားအင်အား၊ ကလေးလုပ်သားနှင့် ကျောင်းအပြီး လုပ်ငန်းခွင်ဝင်ရောက်မှု အကူးအပြောင်း စစ်တမ်းတို့ကို ကောက်ယူနိုင်ခဲ့ပြီး အချက်အလက်များ ထုတ်ပြန်နိုင်ခဲ့ကြောင်း သိရသည်။

ယခုအခါ လူ့စွမ်းအားဖွံ့ဖြိုးမှု အညွှန်းကိန်းများ ဖော်ထုတ်သည့် လုပ်ငန်းကို အဆိုပါဝန်ကြီးဌာနနှင့် အခြားဆက်စပ်ဦးစီးဌာန၊ လုပ်ငန်းပေါင်း ၃၈ ခု အပါအဝင် အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၊ ပညာရှင်များ စုစည်းညှိနှိုင်းဆောင်ရွက်နေကြောင်း၊ နိုင်ငံတော်အနေဖြင့် စာရင်းအချက်အလက်များ မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးအတွက် ဒုတိယသမ္မတက နာယကအဖြစ် ဦးဆောင်သည့် စာရင်းအင်းအချက်အလက်များ မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးကော်မတီကို ဖွဲ့စည်းထားပြီး ဆောင်ရွက်လျက်ရှိခြင်းကြောင့် တိုးတက်ပြောင်းလဲမှုများကို အမှန်အတိုင်း ဓမ္မဓိဋ္ဌာန်ကျကျ သိရှိနိုင်ရေးအတွက် လူ့စွမ်းအားဖွံ့ဖြိုးမှု အညွှန်းကိန်းများကို နယ်ပယ်အသီးသီးတွင် အသုံးပြုနိုင်ခြင်းကြောင့် အညွှန်းကိန်း၏ တိကျမှု၊ ခိုင်မာမှုနှင့် စနစ်ကျမှုရှိစေရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

လူ့စွမ်းအားဖွံ့ဖြိုးမှုအညွှန်းကိန်းများလက်စွဲစာအုပ် ပြုစုထုတ်ဝေခြင်းမှာ စာရင်းအင်းဆိုင်ရာ သတင်းအချက်အလက်များကို ဌာနဆိုင်ရာများ၏ ဆုံးဖြတ်ချက်များ ချမှတ်လုပ်ဆောင်ခြင်းဆိုင်ရာ လုပ်ငန်းများတွင် လက်တွေ့အထောက်အကူပြုနိုင်စေရန်နှင့် ယုံကြည်အားထားရသည့် အချိန်နှင့်တစ်ပြေးညီ မှန်ကန်ကိုက်ညီမှုရှိသည့် ကိန်းဂဏန်းအချက်အလက်များ အလွယ်တကူ ရရှိစေနိုင်ရန်တို့ဖြစ်ပြီး ယင်းအချက်များသည် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုများကို မီးမောင်းထိုးပြထားနိုင်ခြင်းဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက အလုပ်ရုံဆွေးနွေးမှုများ မစတင်မီ ပြောကြားသည်။

"အခုကျင်းပတဲ့ပွဲက စက်တင်ဘာ ၅ ရက်မှာ ကျင်းပပြီးခဲ့တဲ့ လူ့စွမ်းအားဖွံ့ဖြိုးမှု အညွှန်းကိန်းများ ပြုစုထုတ်ပြန်နိုင်ရေး အထောက်အကူပြုလုပ်ငန်းအဖွဲ့အစည်းအဝေးမှာ ချပြခဲ့တဲ့ လူ့စွမ်းအားဖွံ့ဖြိုးမှု အညွှန်းကိန်းများ လက်စွဲစာအုပ် ထုတ်ဝေနိုင်ရေး final draft ကိုတင်ပြပြီး နောက်ဆုံးအတည်ပြုချက်ရယူဖို့ အလုပ်ရုံဆွေးနွေးပွဲဖြစ်ပါတယ်။ ဒီလက်စွဲစာအုပ်မှာပါတဲ့ အညွှန်းကိန်းတွေဟာ ဌာနတွေကပို့ထားတဲ့ အညွှန်းကိန်းတွေအတိုင်း မှန်ကန်မှုရှိမရှိနဲ့ ရှေ့ဆောင်ရွက်ရမယ့်ကိစ္စရပ်တွေကို ချမှတ်နိုင်ဖို့ ဆွေးနွေးသွားမှာပါ" ဟု အလုပ်သမားညွှန်ကြားရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ဌေးဝင်းက ပြောကြားသည်။

**အချက်အလက်များထည့်သွင်း**

ယခုထုတ်ဝေမည့် စာအုပ်တွင် ၂၀၁၄ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအပြီး ရလဒ်အပေါ် အခြေခံသည့် အချက်အလက်များကို ထည့်သွင်းထားပြီး ၂၀၁၅ ခုနှစ် မြန်မာနိုင်ငံ လုပ်သားအင်အား၊ ကလေးလုပ်သားနှင့် ကျောင်းအပြီးလုပ်ငန်းခွင်ဝင်ရောက်မှု အကူးအပြောင်း ဆန်းစစ်ခြင်းစစ်တမ်းမှ ရလာသည့်အချက်အလက်များကိုလည်း ထည့်သွင်းထားကြောင်း သိရသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲအတွင်း လူ့စွမ်းအားဖွံ့ဖြိုးမှု အညွှန်းကိန်းများ ပုံမှန်ပြုစုထုတ်ပြန်နိုင်ရေးအတွက် ဆောင်ရွက်မှုများနှင့် ယခင်နှစ်များက ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်များ၊ ရှေ့လုပ်ငန်းစဉ်များအပေါ် အကောင်အထည်ဖော်မှုအခြေအနေ၊ လက်စွဲစာအုပ်အပေါ် တွေ့ကြုံရသည့် အခက်အခဲများကို ဆွေးနွေးခြင်း၊ သုံးသပ်အကြံပြုချက်များ ရယူခြင်းတို့ ပြုလုပ်ခဲ့သည်။

အညွှန်းကိန်းလက်စွဲစာအုပ်(မူကြမ်း)အတွက် အညွှန်းကိန်းများကို အချိန်နှင့်တစ်ပြေးညီဖြစ်စေရေးနှင့် ပြုစုထုတ်ဝေနိုင်ရေးအတွက် ၂၀၁၀ ခုနှစ်မှ ၂၀၁၆ခုနှစ်အထိ အချက်အလက်များကို ထည့်သွင်းထားကြောင်း သိရသည်။

**သတင်း - ခင်ရတနာ၊ ဓာတ်ပုံ - အလည**



**အိန္ဒိယနိုင်ငံ တမီးလ်နာဒူ ပြည်နယ်ဝန်ကြီးချုပ် Ms.(Selvi)j.jayalalitha ကွယ်လွန်သွားသည့်အတွက် ဒီဇင်ဘာ ၈ ရက်က ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်တွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း လက်မှတ်ရေးထိုးစဉ်**
(သတင်းစဉ်)

## Colour Box ဖလားဘောလုံးပြိုင်ပွဲ Royal 35 FC အသင်း ဗိုလ်လုပွဲတက်ရောက်

**မန္တလေး ဒီဇင်ဘာ ၈**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ အားပေးကူညီမှုနှင့် တေးရေးအဆိုတော်လင်းလင်း၏ ပံ့ပိုးကူညီမှုဖြင့် မန္တလေးတိုင်းဒေသကြီး ဘောလုံးဆပ်ကော်မတီက ကြီးမှူးကျင်းပသည့် Colour Box Cup ကလပ်အသင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအကြိုဗိုလ်လုပွဲကို ယနေ့ညနေ ၃ နာရီက မန္တလေးမြို့ ဗထူးအားကစားကွင်း၌ Royal 35 အသင်းနှင့် Academic United FC အသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြသည်။

ဒုတိယပိုင်း အချိန်ပိုပြီးသည်အထိ တစ်ဖက်နှင့်တစ်ဖက် ဂိုးမရှိသရေပွဲဖြစ်သဖြင့် ပယ်နယ်တီအဆုံးအဖြတ်ကန်သွင်းကြရာ Royal 35 အသင်းက လေးဂိုး-တစ်ဂိုးဖြင့်အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်ရောက်သွားပြီး ဒီဇင်ဘာ ၉ ရက်တွင် ကျင်းပမည့် ဒုတိယအကြိုဗိုလ်လုပွဲပွဲစဉ်မှ သမုဒယမောင်အသင်းနှင့် ကုန်စည်ဒိုင်အသင်းတို့ပွဲမှ အနိုင်ရသည့်အသင်းနှင့် Royal 35 အသင်းတို့ ဒီဇင်ဘာ ၁၁ ရက်တွင် ဗိုလ်လုပွဲ ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# မုံးကိုးဒေသတိုက်ပွဲဖြစ်စဉ် ကြုံတွေ့ရသူ ရဲတပ်ဖွဲ့မိသားစုများ၏ ရင်ဖွင့်စကားများ

**နေပြည်တော် ဒီဇင်ဘာ ၈**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင်၊ မုံးကိုး၊ ဖောင်းဆိုင်၊ ကြူကုတ် (ပန်ဆိုင်း)၊ ဟောမုံးလုံ နယ်မြေများသို့ နိုဝင်ဘာ တတိယပတ်အတွင်း KIA/ TNLA/ MNDAA/ AA လက်နက်ကိုင်အဖွဲ့များ ပူးပေါင်းပြီး တပ်မတော်စခန်းများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့စခန်းများ၊ ရဲကင်းများအား သာလွန်အင်အားဖြင့် ဝင်ရောက်တိုက်ခိုက်ခြင်း၊ လားရှိုးနှင့် မူဆယ်အကြား ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ တံတားများအား ဖောက်ခွဲဖျက်ဆီးခြင်းများအပြင် ၁၀၅ မိုင် ကုန်သွယ်ရေးစခန်းအား ပစ်ခတ်တိုက်ခိုက်ခြင်းတို့ ပြုလုပ်ခဲ့သည်။

အဆိုပါ လက်နက်ကိုင်အဖွဲ့များ ပူးပေါင်း၍ အင်အားသုံးတိုက်ခိုက်ခဲ့ခြင်းကြောင့် တိုက်ပွဲများပြင်းထန်စွာဖြစ်ပွားခဲ့ပြီး တပ်မတော်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူအချို့ ကျဆုံး သေဆုံး၊ ထိခိုက်ဒဏ်ရာရမှုများရှိခဲ့ပြီး နိုင်ငံ့ဝန်ထမ်းများအပါအဝင် ဒေသခံပြည်သူများမှာ ဘေးလွတ်ရာသို့ တိမ်းရှောင်ခဲ့ကြရသည်။

ထိုသို့ တိုက်ပွဲရှောင်မိသားစုများအနက်မှ မုံးကိုးဒေသတိုက်ပွဲများကြောင့် မူဆယ်ရဲစခန်းအတွင်း ရောက်ရှိနေသည့် မိသားစုများအား တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်။



ဒေါ်တင်မျိုးလတ်



ဒေါ်သန္တာစိုး



ဒေါ်ခင်နှင်းအေး



မအေးစန္ဒာ

**ဒေါ်တင်မျိုးလတ် (ရဲတပ်ကြပ်ကြီး အောင်ဆင့်၏ ဇနီး)**

"ကျွန်မကတော့ ပညာရေးဌာနက ဝန်ထမ်းတစ်ဦးပါ။ အမျိုးသားက ရဲတပ်ကြပ်ကြီး အောင်ဆင့်ပါ။ သူကတော့အခုလက်ရှိလားရှိုးရဲစခန်းမှာရှိနေပါတယ်။ တိုက်ပွဲမှာမသေဘဲ ကျန်ခဲ့တဲ့သူပေါ့။ ကျွန်မတို့မုံးကိုးမြို့ကို နိုဝင်ဘာ ၂၀ ရက် နံနက် ၂ နာရီမှာလက်နက်ကိုင်အဖွဲ့တွေကလာရောက်ပစ်ခတ်ပါတယ်။ ရဲစခန်းနဲ့တပ်စခန်းကို အဓိကထားပစ်ခတ်ကြတယ်။ ရဲစခန်းကို အမှောင်ချထားပါတယ်။ နံနက် ၁၀ နာရီလောက်မှာ စခန်းမှူးကအထက်ကိုတင်ပြပြီး ရဲမိသားစုဝင်တွေ လုံခြုံဘေးကင်းရာဖြစ်တဲ့ တစ်ဖက်နိုင်ငံ မန့်ဟိုင်းမြို့ကို ပို့ဆောင်ပေးခဲ့ပါတယ်။ အဲ့ဒီကနေမှ ၃၀ရက်မှာ မူဆယ်ခရိုင်ရဲမှူးက ပြည်ပရေးရာအဖွဲ့တွေနဲ့ဆက်သွယ်ပြီး အားလုံးကိုခေါ်ယူခဲ့ပါတယ်။ ဒီရောက်တော့ စားဝတ်နေရေး၊ နေထိုင်ရေးအစစအရာရာ အဆင်ပြေအောင်စီစဉ်ပေးထားပါတယ်။

"အခုလိုတိုက်ပွဲဖြစ်တာတော့ ဘဝမှာ တစ်ခါမှမကြုံဖူးဘူး။ အလွန်ပြင်းထန်ပါတယ်။ ဟိုအရင်ရက်တွေကတော့ ပစ်ခတ်မှုတွေရှိခဲ့ပါတယ်။ ဒါပေမယ့် ဖြစ်နေတဲ့အချိန် ပုန်းနေလိုက်ကြ၊ အခြေအနေကောင်းရင် နံနက်ကျောင်းတက်ကြနဲ့ အဲ့လိုပဲနေခဲ့တာ။ အခုအခါလိုတော့ ပြင်းထန်မယ်မထင်ဘူး၊ ဘဝမှာမကြုံဖူးတာတွေ ကြုံတွေ့ရတော့ ခံစားရတာ ရင်နဲ့မဆံ့ပါဘူး။"

**ဒေါ်သန္တာစိုး (စခန်းမှူး စစ်ကိုကိုအေး(ကျဆုံး)၏ ဇနီး)**

"ရဲတပ်ဖွဲ့ဆိုတာ ဥပဒေအရ ပြည်သူလူထုကို ကာကွယ်စောင့်ရှောက် သူတွေပါ။ တကယ်ဆိုရင် လက်နက်ကိုင်အဖွဲ့တွေနဲ့ တိုက်ရိုက်ပတ်သက်မှုမရှိပါဘူး။ အခုလိုလုပ်တာ တရားလွန်လွန်းတယ်လို့ထင်ပါတယ်။ ကျဆုံးသွားတဲ့ ရဲတပ်ဖွဲ့ဝင်တွေအတွက် ရဲတပ်ဖွဲ့မှ တစ်ဦးကိုငွေကျပ်တစ်သိန်းနှုန်းနဲ့ မိသားစု ၁၃ စုကို ထောက်ပံ့ပေးထားပါတယ်။ ကျဆုံးသူတွေအတွက် ကောင်းမှုကုသိုလ်ကိုလည်း ဘုန်းကြီးကျောင်းမှာ ၇ ရက်နေ့က သက်ပျောက်ဆွမ်းကပ်ပေးပြီး ဒီကနေ့ ရက်လည်ကို မိသားစုဝင်တွေနဲ့အတူ ရက်လည်ဆွမ်းသွတ်တရားနာပြုလုပ်ပေးကြပါတယ်။ အခုဆို ကျွန်မတို့ သားအမိသုံးယောက် ထောက်ပံ့ကြေးရတဲ့ငွေနဲ့ပဲချွေတာပြီး စားဝတ်နေရေးကို ဖြေရှင်းရတော့မယ်။ မိဘတွေရှိတဲ့ပွင့်ဖြူကိုပဲ ပြန်ပြီးအခြေချတော့မယ်ရှင်၊ ဒီလိုအဖြစ်ဆိုးမျိုးကိုလည်းကြုံလည်းမကြုံချင်ဘူး။ ဖြစ်လည်း မဖြစ်စေချင်တော့ပါဘူး"။

**ဒေါ်ခင်နှင်းအေး**

"ကျွန်မအမျိုးသားတာဝန်ကျကတည်းက ဒီဒေသကိုရောက်တာအခုဆို ခုနစ်နှစ်ကျော်ပါပြီ၊ အမျိုးသားကျန်နေပေမယ့် ကျဆုံးသွားတဲ့ မိသားစုဝင်တွေအတွက် အလွန်ပဲ စိတ်မကောင်းဖြစ်ရပါတယ်။ကျွန်မတို့ရဲ့ မုံးကိုးမြို့ကိုသွားမယ်ဆိုရင် တရုတ်ဘက်အခြမ်းကနေ သွားလာရပါတယ်။ မြန်မာလမ်းက လုံခြုံရေးမကောင်းတော့ သွားလာရတာ စိုးရိမ်ရတယ်။ အခုလိုမျိုးကိုယ့်မျက်စိရှေ့မှာ ဖြစ်ပျက်နေတာတွေကို မြင်ရတော့ ရင်ထဲမှာ ပြောမပြတတ်အောင် ခံစားရပါတယ်။"

**မအေးစန္ဒာ (တပ်ကြပ်ကြီးသောင်းတင်(ကျဆုံး)၏ သမီး)**

"ကျွန်မအဖေ ရဲတပ်ကြပ်ကြီးသောင်းတင်နဲ့ အစ်ကို ရဲတပ်သား စိုင်းသီဟအောင်တို့ကတော့ ကျဆုံးသွားပြီဖြစ်ပါတယ်။ ကျွန်မတို့အတွက်တော့ ရွှေတောင်ကြီးပြိုကျသွားသလို ခံစားရပါတယ်။ တစ်ခုတော့ရှိတယ် တိုင်းပြည်အတွက် အသက်စွန့်ပြီးပေးဆပ်ခဲ့တဲ့အတွက် ဂုဏ်ယူမိတယ်ရှင်။ ကျွန်မတို့မုံးကိုးဒေသက နယ်စွန်နယ်ဖျားကျတဲ့နေရာတစ်ခုဖြစ်ပါတယ်။ သွားရောက်တဲ့တပ်ကူတွေကိုလည်း လက်နက်ကိုင်တွေက သွားလို့မရအောင် လမ်းတွေဖျက်၊ တံတားတွေချိုးထားတော့ မြန်မြန်မရောက်နိုင်ဘူး။ တပ်ကူတွေသာ အမြန်ရောက်ခဲ့ရင် အခုလိုအဖြစ်ဆိုးနဲ့ ကြုံတွေ့ရမယ်မထင်ဘူး။ သမီးတို့လွတ်ရာကိုသွားနေကြပါ။ အဖေတို့အတွက် မစိုးရိမ်ပါနဲ့လို့ ပြောခဲ့တဲ့အဖေ့ကို ကျွန်မတို့မြင်တောင်မမြင်လိုက်ရပါဘူးရှင်။

**(ခရိုင် ပြန်/ဆက်)**

## ရာသီဥတုဆိုးရွားသဖြင့် ငါးဖမ်းစက်လှေတစ်စင်းနစ်မြုပ်

**ရေး ဒီဇင်ဘာ ၈**

မွန်ပြည်နယ် ရေးမြို့နယ် ပင်လယ်ပြင် ဝါးကျွန်း၏ အနောက်ဘက် ရေမိုင် ၄၀ ခန့်အကွာတွင် ရာသီဥတုဆိုးရွား၍ ကမ်းသို့ ခုတ်မောင်းစဉ် ချောင်းတောင်ကျေးရွာနေ လှေပိုင်ရှင် ဦးထွေးမောင် ပိုင်ဆိုင်သည့် လင်းလင်းဟိန်းအမည်ရှိ မျှောပိုက်ငါးဖမ်းစက်လှေမှာ ဒီဇင်ဘာ ၆ ရက် နံနက် ၄ နာရီခွဲက လှိုင်းဒဏ်ကြောင့် လှေနစ်မြုပ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ငါးဖမ်းစက်လှေပေါ်တွင် ပဲ့နင်း ဦးဖေစွမ်းပါ ရေလုပ်သား ၁၂ ဦးအနက် ၁၀ ဦးမှာ ရန်ကုန်ဘုံကျောင်းလှေက ဆယ်ယူရရှိထားကြောင်း၊ ရေလုပ်သားနှစ်ဦးနှင့်လှေမှာ ပျောက်ဆုံးနေကြောင်း။

အဆိုပါပျောက်ဆုံးနေမှုကို ချောင်းတောင်ကျေးရွာမှ ရေလုပ်ငန်းရှင်များက ဒီဇင်ဘာ ၇ ရက် နံနက်တွင် သွားရောက်ကာ စက်လှေဖြင့် လိုက်လံရှာဖွေကယ်ဆယ်ခဲ့သော်လည်း ရေလုပ်သားနှစ်ဦးနှင့် လှေမှာပျောက်ဆုံးဆဲဖြစ်ကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဇော်ဇော်က ပြောသည်။

**နေမျိုးထွန်း(ရေး)**



## တရားမဝင်သစ်တင်ယာဉ်ပေါ်မှ သစ်ခုနစ်တန်ခန့်မိ

**တနင်္သာရီ ဒီဇင်ဘာ ၈**

တနင်္သာရီမြို့-တနင်္သာရီတံတားစစ်ဆေးရေးဂိတ်၌ ဒီဇင်ဘာ ၈ ရက်က သက်ဆိုင်ရာပူးပေါင်းအဖွဲ့ စစ်ဆေးဆောင်ရွက်နေစဉ် ကော့သောင်းမြို့ဘက်ခြမ်းမှ မြိတ်မြို့ဘက်သို့ ယာဉ်မောင်း မျိုးမင်းဇော်(၃၇နှစ်) မောင်းနှင်ပြီး ယာဉ်နောက်လိုက် ပြည့်ဖြိုးအောင်လိုက်ပါလာသော ယာဉ်အမှတ် 9J/.... နစ်ဆန်အမျိုးအစား (၁၂)ဘီးယာဉ်ကို ရပ်တန့်စစ်ဆေးရာ ၎င်းယာဉ်ပေါ်တွင် တရားမဝင်သစ်ခွဲသားဆိုက်မျိုးစုံ သဃ်န်းသားနှင့် ကတွတ်သားခုနစ်တန်ခန့်ကို စစ်ဆေးတွေ့ရှိရသည်။

ယင်းသစ်များကို မေတာင်ဒေသမှ ခွင့်ပြုချက်မပါရှိဘဲ သယ်ဆောင်လာခြင်းဖြစ်ပြီး ဦးနိုင်စိုးမြင့်(ခ)ဦးဆို့ (၅၅နှစ်) ကော့ဘိန်းရွာ-ကော့ကရိတ်မြို့နယ်နေသူ ပိုင်ဆိုင်သောသစ်များဖြစ်သဖြင့် အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ သစ်တောဥပဒေအရ စစ်ဆေးအရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းနှင့်ဓာတ်ပုံ-နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

## လားရှိုး-မိုင်းယော်ကားလမ်းပေါ်၌ လုံခြုံရေးဆောင်ရွက်နေစဉ် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၈**

လားရှိုး-မိုင်းယော်ကားလမ်းပေါ်၌ လုံခြုံရေးဆောင်ရွက်နေသည့် နယ်မြေခံပူးပေါင်းရဲတပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၆ ရက် ညပိုင်းက ကွတ်ခိုင်မှ မိုင်းယော်သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးအားတားဆီးစစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင်လိုက်ပါလာသည့် ရန်ချုံကျုံး (၃၂ နှစ်)နှင့် ကွမ်းမိုင် (၃၅ နှစ်)တို့နှင့်အတူ ယာဉ်နောက်ခန်းမှ မက်သာအက်ဖီတမင်း (ICE) ၃၃ ကီလို၊ အက်ဖီဒရင်းအမှုန့် ငါးကီလိုနှင့် ငွေကျပ် ၃၀၄၀၀၀ တို့နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီက သတင်းထုတ်ပြန်ထားသည်။

အလားတူ ဒီဇင်ဘာ ၇ ရက် မွန်းလွဲပိုင်းက ကွမ်းလုံမြို့နယ် ရှင်းလုံကြိုင်းကျေးရွာအနီး ရော်ဘာတောရှိ ယာတဲအား အထူးတိုက်ခိုက်ရေးရဲတပ်ဖွဲ့ဝင်များက သတင်းအရဝင်ရောက်ရှာဖွေရာ ကွမ်းချိန် (၄၀ နှစ်)နှင့် ၎င်း၏ဇနီးဖြစ်သူ မအေးလူ(ခ) ပန်းမိန်း (၃၆နှစ်)တို့အား ဘိန်းဖြူ ၆၀ ဂရမ် ထည့်ထားသည့် ဆပ်ပြာခွက်ခြောက်ခွက် WY/88/1 စိတ်ကြွဆေးပြား ၃၈၀၀၀ တို့နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

## ပြန်ကြားရေးဝန်ကြီးဌာနသတင်းထုတ်ပြန်ချက်
### ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့်သတင်းအေဂျင်စီလုပ်ငန်းများအားခွင့်ပြုပေးမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄) ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့် အညီ စိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးခဲ့ရာ (၇-၁၂-၂၀၁၆) ရက်နေ့က ပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးတွင် (၇-၁၁-၂၀၁၆) ရက်နေ့မှ (၂၅-၁၁-၂၀၁၆)ရက်နေ့အထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူသုံးဦးနှင့် ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ဂျာနယ် သုံးဦး၊ မဂ္ဂဇင်း နှစ်ဦး၊ အထွေထွေခုနစ်ဦး ပေါင်း ၁၅ ဦးတို့အား ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများပြဋ္ဌာန်းသည့် (၁၀-၁၀-၂၀၁၄) ရက်နေ့မှ စ၍ ယနေ့အထိပုံနှိပ်ခြင်း လုပ်ငန်း ၁၃၉၁ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၁၉၈၇ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၅၁ ဦး စုစုပေါင်းပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်း နှင့် သတင်းအေဂျင်စီလုပ်ငန်း ၃၄၂၉ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်သက်တမ်းတိုးလျှောက်ထားသူတစ်ဦးနှင့် ဂျာနယ်လျှောက်ထားလာသူတစ်ဦးတို့အား အချက်အလက်များစိစစ်ဆောင်ရွက်ဆဲဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

## သတိပေးနှိုးဆော်ချက်

၁။ သက်ဝင်လှုပ်ရှား ရန်ကုန်မြို့၏ လမ်းမများအစီအစဉ်အဖြစ် ညအလှမီးပန်းများထွန်းညှိခြင်း၊ လမ်းဘေးတစ်လျှောက် ဖျော်ဖြေပွဲများ၊ လက်မှုပစ္စည်းအရောင်းဆိုင်များ၊ ပြပွဲများ၊ သမိုင်းဝင်အဆောက်အအုံများအား လမ်းတစ်လျှောက် လေ့လာခြင်းများကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့မှ ၁၁ ရက်နေ့အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

၂။ အဆိုပါသက်ဝင်လှုပ်ရှား ရန်ကုန်မြို့၏ လမ်းမများအစီအစဉ်မကျင်းပမီနှင့် ကျင်းပစဉ်ကာလအတွင်း ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့ (၁၅း၀၀)အချိန်မှ ၁၁ ရက်နေ့ ည (၂၄း၀၀)အချိန်အထိ အောက်ပါအတိုင်း လမ်းပိတ်လမ်းလွှဲ ဆောင်ရွက်သွားမည် ဖြစ်ပါသည်-

(က) မဟာဗန္ဓုလပန်းခြံလမ်းအား မဟာဗန္ဓုလလမ်းမှကမ်းနားလမ်းအထိလည်းကောင်း။

(ခ) ဘဏ်လမ်းအား ဆူးလေဘုရားလမ်းမှ ပန်းဆိုးတန်းလမ်းအထိလည်းကောင်း။

(ဂ) ကုန်သည်လမ်းအား ပန်းဆိုးတန်းလမ်းမှ ဆူးလေဘုရားလမ်းအထိ လမ်းပိတ်ထားမည်ဖြစ်သဖြင့် ခရီးသည်တင်ယာဉ်လိုင်းများအနေဖြင့် ပန်းဆိုးတန်းလမ်း၊ ကမ်းနားလမ်း၊ ဆူးလေဘုရားလမ်းများမှ မောင်းနှင်ကြပါရန်။

(ဃ) ပွဲတော်သို့လာရောက်သောမော်တော်ယာဉ်များအနေဖြင့် ပန်းဆိုးတန်းလမ်းနှင့် မဟာဗန္ဓုလပန်းခြံလမ်းကြားရှိ ကုန်သည်လမ်းပေါ်တွင် လည်းကောင်း၊ ပန်းဆိုးတန်းလမ်းပေါ်ရှိ ယာဉ်ပါကင်များတွင်လည်းကောင်း ရပ်နားနိုင်ပါကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

## ဆိုင်ကလုန်းမုန်တိုင်းဗာဒတ်ရှ် မြန်မာနိုင်ငံဘက် ဦးတည်မည့်အခြေအနေမရှိ

**နေပြည်တော် ဒီဇင်ဘာ ၈** - ယနေ့မွန်းလွဲ ၁ နာရီခွဲတိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော အားကောင်းသောမုန်တိုင်းငယ်သည် ပိုမိုအားကောင်းလာကာ ဆိုင်ကလုန်းမုန်တိုင်း"ဗာဒတ်ရှ်"(VARDAH)အဖြစ်သို့ ရောက်ရှိခဲ့ပြီး အိန္ဒိယနိုင်ငံဗီဇာကာ ပတ္တနမ်မြို့၏အရှေ့တောင်ဘက် မိုင် ၅၆၀ ခန့်၊ မာချီလီပတ္တနမ်မြို့၏ အရှေ့-အရှေ့တောင်ဘက် မိုင် ၆၁၀ ခန့် ပို့ပလဲယားမြို့၏ အနောက်ဘက် ၁၃၅ မိုင်ခန့်နှင့် မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်တောင်ဘက်မိုင် ၂၃၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါဆိုင်ကလုန်းမုန်တိုင်းသည် အနောက်မြောက်ဘက်သို့ ရွေ့လျားမည်ဟု ခန့်မှန်းရသည်။ ဆိုင်ကလုန်းမုန်တိုင်း၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိသဖြင့်အဝါရောင်အဆင့်ဟု သတ်မှတ်သည်။ **(မိုး/ဇလ)**


**Y.E.S.** Since 1994 ကျောင်းခွဲမရှိပါ။
ဆရာဦးမြင့်အောင် B.A.(Hons.)(English), M.A.(ESL)(Hawaii, USA) ဦးစီးသော
**International English Language Centre**
တက္ကသိုလ်ဝင်တန်း ဖြေဆိုထားသူများ၊အောင်မြင်ပြီးသူများ နှင့် ဘွဲ့ကြို၊ ဘွဲ့ရများအတွက်

**Basic Spoken English**
Mon to Thurs-10:00-12:00am 12 Dec
Mon to Thurs-1:00-3:00pm 12 Dec
Mon to Thurs-7:30-9:30am 19,26 Dec
Mon to Thurs-5:30-7:00pm 19,26 Dec
Mon to Thurs-3:00-5:00pm 26 Dec
Sat & Sun-9:00-12:00am 31 Dec

**Pre-Intermediate English**
Mon to Thurs-10:30-12:30am 12 Dec
Mon to Thurs-7:30-9:30am 19 Dec
Mon to Thurs-10:00-12:00am 26 Dec
Mon to Thurs-1:00-3:00pm 26 Dec
Sat & Sun-12:30-3:30pm 7 Jan

**Basic Writing Course**
Sat & Sun - 3:45-6:15pm 7 Jan

**Grammar Foundation Course**
Mon to Thurs-10:00-12:00am 12 Dec
Mon to Thurs-3:30-5:00pm 12 Dec
Mon to Thurs-1:00-3:00pm 19 Dec

**Structure & Written Expression**
Sat & Sun - 12:30-3:30pm 3 Dec
Sat & Sun - 3:30-6:30pm 10 Dec

**Vocabulary Enrichment Course**
Mon to Thurs-3:30-5:00pm 19 Dec

**TOEFL** Mon to Thurs-3:30-5:00pm 5 Dec
NEW SAT, IELTS, API, AWC, IE

No.190, 2nd Flr.,28th St:(Upper), Pabedan Tsp. Ph: 01-243950, 246910



### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀)ရပ်ကွက်၊ မြေကွက်အမှတ် ၇၃၈(ခ)၊ အဿက(၂၅)လမ်း၊ အလျားပေ ၆၀×အနံပေ ၂၀၊ ဧရိယာ(စတုရန်းပေ ၁၂၀၀)ရှိ ဦးခင်စိုး (TME-007222) အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့ကို တရားဝင်ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ချောချောအောင် ၁၁/ကတန(နိုင်)၀၄၈၅၃၂ ထံမှ ဦးဝင်းဇော်ထိုက် ၁၀/မဒန(နိုင်)၁၀၄၀၆၈ က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတချို့တစ်ဝက်ပေးချေပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်နှင့်ပတ်သက်၍ ပိုင်ဆိုင်ခွင့်အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း၊ အထောက်အထားအပြည့်အစုံနှင့် လူကိုယ်တိုင် ကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဝင်းဇော်ထိုက်**
**အမှတ် ၂၅၅၊ ကျေးတမာလမ်း၊**
**၁၄/၂ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်**



### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၃၀ယ/၂၅၃၉၂ Honda Wave ယာဉ်လက်ဝယ်ရှိသူ ဒေါ်နုနု ၁၃/တခလ(နိုင်)၀၅၉၈၆၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(တာချီလိတ်)**



### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၅ယ/၉၆၃၃၁ Honda Wave NF 100S ယာဉ်လက်ဝယ်ရှိသူ ဒေါ်မီကျုံး ၁၃/တခလ(နိုင်)၀၆၃၀၆၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(တာချီလိတ်)**



### အမှားပြင်ဆင်ချက်

၄-၁၂-၂၀၁၆ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၂၈ တွင်ပါရှိသော ဒေါ်ကြည်ကြည်ဝင်း(ခ)ဒေါ်ဝါဝါ ၁၂/တမန(နိုင်)၀၇၀၆၆၈၊ ဦးသက်ဦး ၁၂/တမန(နိုင်)၀၁၉၆၅၀ နှင့် အများသိစေရန်ကြော်ငြာပါ ၂၉-၉-၂၀၁၆ရက်တွင် နှစ်ဦးသဘောတူ အိမ်ခြံ မြေအရောင်းအဝယ်စာချုပ် ချုပ်ဆိုကာဆိုသော အကြောင်းအရာအား ၂၉-၉-၂၀၁၄ရက်တွင် နှစ်ဦးသဘောတူ အိမ်ခြံမြေအရောင်းအဝယ်စရန်ပေးကတိစာချုပ် ချုပ်ဆိုကာဟူ၍လည်းကောင်း၊ ၂၉-၉-၂၀၁၆ရက်က စရန်ငွေကျပ် သိန်း ၁၀၀ ဆိုသော အကြောင်းအရာအား ၂၉-၉-၂၀၁၄ရက်က စရန်ငွေကျပ် သိန်း ၁၀၀ ဟူ၍လည်းကောင်း ပြင်ဆင်ဖတ်ရှုပါရန် ကြော်ငြာအပ်ပါသည်။ **ဦးမြင့်သန်း LL.B (စဉ်-၁၀၇၇/၈၅)၊ တရားလွှတ်တော်ရှေ့နေ**





ဥပဒေအတွေး ရေးပါရစေ၊ အပိုင်း(၄၆)

# “ဥပဒေဘယ်မှာရှိသည်”



ဦးဟန်ညွန့်(ဥပဒေ)

**အလွတ်ကျက်စရာမလို**

“ဥပဒေကို အလွတ်ကျက်စရာမလို” ဥပဒေဘယ်မှာရှိသလဲ။ ဘယ်မှာ ရှာဖွေရမလဲ။ သိဖို့ပဲလိုတယ်”ဟု ဥပဒေပညာရှင်ကြီးတစ်ဦးက ဆုံးမသင်ကြားသည်။ ဆုံးမသင်ကြားချက်မှန်လှပေသည်။ များပြားသော ဥပဒေတွေကို အလွတ်ကျက်ခြင်းဖြင့် ကုန်နိုင်ဖွယ်မရှိ။ ပြည့်စုံဖွယ်မရှိ။ အလွတ်ကျက်မည့်အစား သိချင်၊ လိုချင်သည့်အခါ ဥပဒေတွေကို အလွယ်တကူ ရှာတွေ့ဖို့၊ ဖတ်မှတ်နိုင်ဖို့၊ ဘယ်စာအုပ်၊ ဘယ်ကျမ်း၊ ဘယ်စခန်း၊ ဘယ်နေရာမှာသာရှိကြောင်းသိဖို့၊ မြင်ဖို့၊ ရှာဖွေနိုင်ဖို့ လိုအပ်လှပေသည်။

**ဥပဒေဆိုသော စကားရပ်**

“ဥပဒေ”ဆိုသောစကားရပ်တွင် ဤဥပဒေအာဏာမတည်မီကဖြစ်စေ၊ အာဏာတည်ပြီးနောက်ဖြစ်စေ၊ ဥပဒေပြုအာဏာပိုင်တစ်ရပ်ရပ်က ပြဋ္ဌာန်းထားသည့်ဥပဒေ၊ အက်ဥပဒေ၊ တစ်ချက်လွှတ်ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ အမိန့်အပြင် ဥပဒေကဲ့သို့ အာဏာတည်သော ဓလေ့ထုံးတမ်း များလည်းပါဝင်သည်” ဟု ၁၉၇၃ ခုနှစ်စကားရပ်များအနက်အဓိပ္ပာယ်ဖွင့်ဆိုရေး ဥပဒေပုဒ်မ ၅(က) (၅)တွင် ဖော်ပြသည်။

**နည်းဥပဒေဆိုသောစကားရပ်**

“နည်းဥပဒေ” ဆိုသောစကားရပ်တွင် ဥပဒေတစ်ရပ်ရပ်ဖြင့်အပ်နှင်းသည့် လုပ်ပိုင်ခွင့်ကို သုံးစွဲ၍ ပြုလုပ်သောနည်းဥပဒေနှင့်ဥပဒေတစ်ရပ်ရပ်အရ နည်းဥပဒေအဖြစ်ဖြင့်ပြုသော စည်းမျဉ်းဥပဒေပါဝင်သည်” ဟု ၁၉၇၃ ခုနှစ် စကားရပ်များအနက်အဓိပ္ပာယ်ဖွင့်ဆိုရေးဥပဒေ ပုဒ်မ ၅(က)(၆) တွင်ဖော်ပြသည်။

**စည်းကမ်းဥပဒေဆိုသောစကားရပ်**

“စည်းကမ်းဥပဒေဆိုသောစကားရပ်တွင်ဥပဒေတစ်ရပ်ရပ်ဖြင့်အပ်နှင်းသည့် လုပ်ပိုင်ခွင့်ကိုသုံးစွဲ၍ ပြုလုပ်သော စည်းကမ်းဥပဒေကို ဆိုသည်” ဟု ၁၉၇၃ ခုနှစ် စကားရပ်များ အနက်အဓိပ္ပာယ်ဖွင့်ဆိုရေးဥပဒေ ပုဒ်မ ၅(က) (၇)တွင် ဖော်ပြသည်။ “စည်းကမ်းဥပဒေ” ဆိုသည့်စကားရပ်အစား“စည်းကမ်းများ” ဟု အစားထိုးပြောင်းလဲပြီး ဖြစ်သည် ။ **(နိုင်ငံတော် ကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် ၃၆/၈၆)**

**ဥပဒေ။ တရားဥပဒေ**

တရားဥပဒေ၊ ဥပဒေကဲ့သို့ အာနိသင်ရှိသော အများလက်ခံထားသည့် ဓလေ့ထုံးတမ်းများပါဝင်သည်။ ဥပဒေကို ချိုးဖောက်ပါက တရားရုံးတော်က အရေးယူ အပြစ်ပေးသည်။ ဓလေ့ထုံးတမ်းဖောက်ဖျက်ပါက ရပ်ရွာဒေသက ပြစ်တင်ရှုတ်ချပြီး ဝိုင်းပယ်ဒဏ်ခတ်သည်။ **(ဥပဒေအဘိဓာန်)**

LAW-1 The most general term for all rules which people in any society eonform, whether by custom or by enforcible gove-rnmental regulation.

2. Properly the body of all rules enforced in any eommunity through courts or administrative agencies,or through any official acts within the thority granted to his office. **[Legal Dictionary]**

လူ့ကျင့်ဝတ် ။

Law ( obligatory rule of conduct) ဥပဒေဟူသည် လူတိုင်းလိုက်နာကျင့်သုံးအပ်သော လူ့ကျင့်ဝတ်၊ လူ့စည်းကမ်း၊ ဥပဒေစည်းကမ်း ၊ ဥပဒေကျင့်ဝတ်ဖြစ်သည် ” ဟု ဥပဒေပညာရှင်များ ရေးသားသည်။ ဥပဒေဘယ်မှာရှိသလဲ။ နိဒါန်းအစ လေ့လာကြပါစို့။

**ပြဋ္ဌာန်းဥပဒေများ**

မြန်မာနိုင်ငံ၏ ပြဋ္ဌာန်းဥပဒေများကို ၁၈၁၈ ခုနှစ်မှ ၁၉၃၂ ခုနှစ်အထိ ဗြိတိသျှကိုလိုနီခေတ်က ပြဋ္ဌာန်းဥပဒေများအဖြစ် လေ့လာနိုင်ပါမည်။ မြန်မာနိုင်ငံအက်ဥပဒေများအနက် ၃၁-၁၂-၁၉၃၂ အထိ တည်ဆဲဥပဒေများကို The Myanmar Code Vol 3 အထိ ပုံနှိပ်ထုတ်ဝေဖူးသည်။

> **ပြည်သူ့ဆန္ဒ အခြေခံသော ယနေ့ကာလတွင် “ဥပဒေဘယ်မှာရှိ”သည်ကို ပြည်သူတို့ သိသင့်ပါသည်။ သိအောင်လည်းအား ထုတ်သင့်ကြပါသည်။ “ဥပဒေကို မသိ”ဟု ထုချေ၍ မရပါပြီ။ ပြည်သူ့ဆန္ဒနှင့်အညီ ပြည်သူတို့ ကိုယ်တိုင် ဥပဒေပြုနိုင်၊ အကြံပြုနိုင် . . .**

၃၁-၁၂-၁၉၄၂ အထိ တည်ဆဲဥပဒေများကို မြန်မာနိုင်ငံဥပဒေအတွဲ (၁)မှ အတွဲ (၇ )အထိ ထုတ်ဝေခဲ့ဖူးသည်။

ဂျပန်ခေတ် ဗြိတိသျှစစ်ပြေး ဘုရင်ခံက မြန်မာနိုင်ငံအတွက် ၁၉၄၂ ခုနှစ်မှ ၁၉၄၅ ခုနှစ်အထိ ပြဋ္ဌာန်းသော ဥပဒေများကို ဘုရင်ခံ၏ ဥပဒေပေါင်းချုပ် Compendium of Govcrnors Act,1942-45 အဖြစ် အိန္ဒိယတွင် ပုံနှိပ်ထုတ်ဝေသည်။

၃၁-၁၂-၁၉၅၄ အထိ တည်ဆဲဥပဒေများကို မြန်မာနိုင်ငံ ဥပဒေအတွဲ (၁)မှ (၁၃) အထိ ထုတ်ဝေခဲ့သည်။ ၁၉၅၄ နောက်ပိုင်းနှင့် ၁၉၅၅ ခုနှစ်မှစ၍ နှစ်စဉ်ဥပဒေများကို ဥပဒေတစ်ခုချင်းနှစ်အလိုက် စုပေါင်းပုံနှိပ်ထုတ်ဝေခဲ့သည်။

**တော်လှန်ရေးကောင်စီ**

၁၉၆၂ ခုနှစ်မှစ၍ တော်လှန်ရေးကောင်စီက ပြဋ္ဌာန်းခဲ့သော ဥပဒေများကို နှစ်အလိုက် ဆက်လက်ပုံနှိပ်ထုတ်ဝေခဲ့သည်။ ပထမတွဲ၊ ဒုတိယတွဲ၊ တတိယတွဲဟူ၍ အတွဲ (၃)တွဲရှိသည်။

**ပြည်သူ့လွှတ်တော်**

၁၉၇၄ ခုနှစ်ပြည်သူ့လွှတ်တော်ကာလတွင် ၁၉၈၈ခုနှစ်အထိ နှစ်အလိုက် ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများဟူ၍ ပုံနှိပ်သည်။

**နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ကာလ**

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့နှင့်နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီကာလတို့တွင်လည်း ၁၉၈၈ ခုနှစ်မှစ၍နှစ်အလိုက်ဥပဒေစာအုပ်များ ထုတ်ဝေဖြန့်ချိသည်။ ဥပဒေများ၊ နည်းဥပဒေများ၊ ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်များ၊ အမိန့်များနှင့်ကြေညာချက် များ ပါဝင်သည်။ မာရှယ်လောကာလတွင် Martial Law များပါဝင်ဖော်ပြသည်။ ရှေ့နေချုပ်ရုံးကလည်း ၁၉၈၈ ခုနှစ်မှစ၍ နှစ်အလိုက် ပုံနှိပ်ထုတ်ဝေသည်။ သတိပြုစရာမှာ ရုပ်သိမ်း၊ ရုပ်စဲပါ။

**ရုပ်သိမ်း၊ ရုပ်စဲ**

ဥပဒေတစ်ခုချင်းအလိုက် ရုပ်သိမ်းပြီးပါက ရုပ်သိမ်းဥပဒေအဖြစ်လည်းကောင်း၊ ရုပ်စဲပြီးပါက ရုပ်စဲဥပဒေအဖြစ်လည်းကောင်း၊ အာဏာတည် ခြင်းမှ သက်တမ်းကုန်ဆုံးပါက မည်သို့ကုန်ဆုံးကြောင်းစသည်ဖြင့်ဖော်ပြသည်။ စကားရပ်များပြောင်းလဲပုံ သိသင့်သေးသည်။

**Union of Myanmar**

အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းခဲ့သောဥပဒေများတွင် Union of Burma ဆိုသည့်စကားရပ်အစား Union of Myanmar ဟူ၍လည်းကောင်း၊ Burma, Burmar. Burmese ဆိုသည့်စကားရပ်အစား Myanmar ဟူ၍လည်းကောင်း စကားရပ်များပြောင်းလဲသတ်မှတ်သည့်ဥပဒေ(ဥပဒေအမှတ် ၁၅/၁၉၈၉) ကိုလည်း လေ့လာဖတ်ရှုသင့်ပါသည်။

[ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ ရှေ့နေချုပ်ရုံးက ထုတ်ဝေသည့်-မြန်မာနိုင်ငံ ဥပဒေများနှင့် ပြင်ဆင်ချက်များ အညွှန်း-၁၉၉၈၊ ဧပြီလ ]

**ဦးစန်းလွင်၏ အထွေထွေအညွှန်း**

တရားလွှတ်တော်ရှေ့နေ ဦးစန်းလွင် ပြုစုသော “မြန်မာနိုင်ငံ ဥပဒေပေါင်းချုပ် အထွေထွေအညွှန်းစာအုပ်” (GENERAL INDEX OF MYANMAR LAWS)သည်လည်း ဥပဒေလောကသားများအတွက်ရည်ညွှန်းထိုက်သော စာအုပ်ကောင်းတစ်အုပ်ဖြစ်ပါသည်။ အကြိမ်ကြိမ် တည်းဖြတ်ပြင်ဆင်၍ နှစ်အလိုက် ရုပ်သိမ်း၊ ပယ်ဖျက်၊ ပျက်ပြယ်၊ နုတ်ပယ်၊ တည်ဆဲစသည်ဖြင့်သိရှိလိုသော ဥပဒေကို အလွယ်တကူ ရှာဖွေတွေ့နိုင်ပါသည်။ အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာပြုစုထားပါသည်။

**ရာဇသတ်ကြီး ပြင်ဆင်ချက်များ**

လူသိများသော ရာဇသတ်ကြီး (ပြစ်မှုဆိုင်ရာဥပဒေကိုလည်း စဉ်ဆက်မပြတ် ပြင်ဆင်ပယ်ဖျက်ချက်များ ရှိနေသဖြင့် သတိပြုလေ့လာထိုက်ပါသည်။ ၁၉၃၅ ခုနှစ် မြန်မာနိုင်ငံ စီရင်အုပ်ချုပ်မှုအက်ဥပဒေ (The Government of Burma Act,1935)ကို အခြေခံသော ရာဇသတ်ကြီးဖြစ်ပါသည်။ ခေတ်အဆက်ဆက်တိုးတက်ပြင်ဆင်မှုများရှိပါသည်။ ပြုပြင်ပြောင်းလဲမှုများလည်း ရှိပါသည်။ လေ့လာရှာဖွေစောင့်ထိန်းရပေမည်။ စီရင်ထုံး၊ နိုင်ငံတော်ပြန်တမ်း အပါအဝင် နေ့စဉ်ထုတ်သတင်းစာများပါမကျန် ဥပဒေများအကြောင်း လေ့လာစရာများပါသည်။

**ပြည်ထောင်စုလွှတ်တော်**

ပြည်ထောင်စုလွှတ်တော် (လွှတ်တော်အဆင့်ဆင့်) ၏ဥပဒေပြုလုပ်ငန်းများကို စဉ်ဆက်မပြတ် လေ့လာအပ်ပါသည်။ ပြည်သူ့ဆန္ဒ အခြေခံသော ယနေ့ကာလတွင် **“ဥပဒေဘယ်မှာရှိ”**သည်ကို ပြည်သူတို့ သိသင့်ပါသည်။ သိအောင်လည်း အားထုတ်သင့်ကြပါသည်။ **“ဥပဒေကို မသိ”**ဟု ထုချေ၍ မရပါပြီ။ ပြည်သူ့ဆန္ဒနှင့်အညီ ပြည်သူတို့ကိုယ်တိုင် ဥပဒေပြုနိုင်၊ အကြံပြုနိုင်ကြပါပြီ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများနှင့်အတူ ဥပဒေပညာရှင်များ၏ အကူအညီနှင့်ပါ ဥပဒေဘယ်မှာရှိကြောင်း နှစ်ထောင်းအားရ ရှာဖွေနိုင်ကြစေလိုသည်။ ဥပဒေအရေးတွေးနိုင်ကြပါပြီ။

**စေတနာ**

(၁) ဥပဒေဘယ်မှာ ရှိသည် သိကြပြီဆိုလျှင်....။

(၂) မပျင်းမရိ၊ စွမ်းအားရှိသော လူငယ်များ ဖြစ်ရမည်ဟု စေတနာနှင့် တွေးမိသော ကျွန်တော်၏ဥပဒေအတွေးမျှသာပါ....။

# တိရစ္ဆာန်များ နယ်ကျော် ရောင်းဝယ်မှုမရှိစေရေး ဆွေးနွေး

**ရေတာရှည် ဒီဇင်ဘာ ၈**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ ရောင်းဝယ်ခြင်းနှင့် သယ်ဆောင်မှုများကို ထိရောက်စွာ အရေးယူဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ကော်မတီများ ဖွဲ့စည်းထားခဲ့ပြီးဖြစ်ရာ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်နိုင်ရန် ရေတာရှည်မြို့နယ် ဘိုးတော်ကုန်းကျေးရွာအုပ်စု နတ်စင်ကုန်းကျေးရွာအနီးရှိ နွားပွဲဈေးသို့ ဒီဇင်ဘာ ၇ ရက် နံနက် ၈ နာရီ ခွဲက တာဝန်ရှိသူများ ကွင်းဆင်း၍ ကျွဲ၊ နွားရောင်းချသူများ၊ လာရောက်ဝယ်ယူသူများအား ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။



ထို့သို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယအုပ်ချုပ်ရေးမှူး ဦးမင်းသူ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးအောင်မြင့်ဌေးနှင့် တာဝန်ရှိသူများ ပူးပေါင်းပါဝင်ခဲ့ပြီး ဖွဲ့စည်းထားသည့် ကော်မတီ၏ လုပ်ပိုင်ခွင့်များ၊ ဥပဒေပြဋ္ဌာန်းချက်များနှင့် အရေးယူဆောင်ရွက်နိုင်မှုများကို ကဏ္ဍအလိုက် ရှင်းလင်းပြောကြားသည်။

ရေတာရှည်နွားပွဲဈေးသည် ငါးရက်တစ်ပတ်ဈေးဖြစ်ပြီး ဈေးပတ်အလိုက် ကျွဲ၊ နွားကောင်ရေ ၁၀၀ ဝန်းကျင်လာရောက်ရောင်းဝယ်လျက်ရှိကြောင်း နွားပွဲဈေးတာဝန်ခံက ပြောကြားသည်။

အဆိုပါ နွားပွဲဈေးမှ ရောင်းဝယ်ကြသည့် ကျွဲ၊ နွားများအား စစ်တောင်းမြစ် တစ်ဖက်ကမ်းသို့ ဖြတ်ကူးကာ ကရင်ပြည်နယ်မှ တစ်ဆင့် ထိုင်းနိုင်ငံသို့ တရားမဝင် တင်ပို့မှုများရှိပြီး ယခုနောက်ပိုင်း၌ သက်ဆိုင်ရာမြို့နယ်အလိုက် အရေးယူဆောင်ရွက်မှုများကြောင့် သိသိသာသာ ကျဆင်းသွားပြီဖြစ်ကြောင်း ဒေသခံတစ်ဦးက ပြောသည်။

“တောင်သူတွေအနေနဲ့ ကျတော့ ဈေးမြင့်တဲ့ ကျွဲ၊ နွားတွေကို မဝယ်နိုင်ကြတော့ဘူး။ တစ်ရာသီ နှစ်ရာသီအတွက် လောက်ပဲခိုင်းဖို့ ဝယ်ကြတာ၊ ခုလို တရားမဝင်နယ်မြေ ဖြတ်ကျော်တာတွေကို ထိထိရောက်ရောက်အရေးယူဆောင်ရွက်ပေးနိုင်ရင် ကျွဲ၊ နွား ဈေးတွေ ခုထက်ပိုကျနိုင်ပါတယ်”ဟု နွားပွဲဈေးသို့ လာသော တောင်သူတစ်ဦးက ပြောသည်။ **ကိုလွင် (ဆွာ)**

# မြောက်ဦးမြို့သို့ ခရီးသွားများ လာရောက်မှုများပြား

**မြောက်ဦး ဒီဇင်ဘာ ၈**

ရခိုင်ရှေးဟောင်းယဉ်ကျေးမှု ဘုရားစေတီပုထိုးများ၊ ရခိုင်ယဉ်ကျေးမှုအမွေအနှစ်လက်ရာများ သဘာဝအလှရှုခင်းများ၊ တိုင်းရင်းသားများ၏ ရိုးရာဓလေ့များကို လေ့လာနိုင်ရန် မြောက်ဦးမြို့သို့ ပြည်တွင်း၊ ပြည်ပခရီးသွား ဧည့်သည်များ လာရောက်လည်ပတ်မှု များပြားလျက်ရှိသည်။

ရခိုင်ယဉ်ကျေးမှု အမွေအနှစ်များတည်ရှိရာ ရခိုင်အနုပညာ ဗိသုကာလက်ရာများကို ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များ လာရောက်လေ့လာမှု များပြားလျက်ရှိသည်။

မြောက်ဦးမြို့သို့ လာရောက်လည်ပတ်လျက်ရှိသော နိုင်ငံခြားသားများက “မြောက်ဦးမြို့သို့ လာရောက်လည်ပတ်ရတဲ့အတွက် အလွန်ပျော်ရွှင် ကျေနပ်မိကြောင်း၊ ရှေးဟောင်း ရခိုင်ယဉ်ကျေးမှုအမွေ အနှစ်များ၊ ရခိုင်အနုပညာ ဗိသုကာလက်ရာများကို အနီးကပ်မြင်တွေ့ရသဖြင့် အလွန်ကျေနပ်မိကြောင်း”ဟု ပြောသည်။

မြောက်ဦးမြို့ သို့ ပြည်တွင်း၊ ပြည်ပ ခရီးသွား ဧည့်သည်များ လာရောက်လည်ပတ်လေ့လာမှုသည် တစ်နှစ်ထက်တစ်နှစ် များပြားလျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

ကျေးရွာသစ်တော၊ ထင်းမှော်အိမ်တိုင်၊ လှိုင်လှိုင်ရဖို့ စိုက်ပျိုးစို့။

# ကျေးလက်ဦးစီးဌာန၏ အဆင့်မြင့်မော်တာအပ်ချုပ်စက်သင်တန်း သထုံတွင်ဖွင့်လှစ်

**သထုံ ဒီဇင်ဘာ ၈**
မွန်ပြည်နယ် သထုံမြို့နယ်အတွင်း ကျေးလက်နေပြည်သူများ လက်မှုပညာဖြင့် ဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ရန်နှင့် ကျေးလက်နှင့်မြို့ပြကွာဟမှု ကျဉ်းမြောင်းလာစေရန်အတွက် သထုံခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ စီစဉ်မှုဖြင့် အဆင့်မြင့်မော်တာအပ်ချုပ်စက်သင်တန်းကို ပေါ်တော်မူကျေးရွာရှိ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ဒီဇင်ဘာ ၆ ရက်က စတင်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

"အခြေခံစက်ချုပ် ပညာသင်တန်းတွေကို မြို့နယ်အလိုက် ဖွင့်ပေးပြီးသားပါ။ အခုက အဆင့်မြင့်မော်တာစက်ချုပ်သင်တန်းပါ။ ဒီဘတ်ဂျက်နှစ်မှာတော့ အဆင့်မြင့်က ဒီတစ်ကြိမ်ပဲ ဖွင့်နိုင်တယ်။ ဒီသင်တန်းက ကြိုးစားလို့ ထူးချွန်သူအတွက် အပ်ချုပ်စက်ကို ဆုအဖြစ်ချီးမြှင့်မယ်။ သင်တန်းပြီးရင် အခြေခံရသွားပြီး ထပ်ပြီး လေ့လာရင်းနဲ့ အပြင်မှာ ကျွမ်းကျင်စွာလုပ်ကိုင်စားသောက်နိုင်မှာပါ။ သင်တန်းတက်ပြီးတဲ့သူတွေကို မိသားစုအတွက် လုပ်ကိုင်စားသောက်နိုင်အောင် ဌာနအနေနဲ့လည်း ကူညီမှုတွေလုပ်ပေးသွားမယ်"ဟု သထုံခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှမျိုးဝင်းက ပြောသည်။



အဆင့်မြင့် မော်တာအပ်ချုပ်စက်သင်တန်းဖွင့်ပွဲတွင် မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးမျိုးကြည်နှင့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်တို့က အမှာစကားပြောကြားပြီး သထုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးက သင်ကြားမည့်ဘာသာရပ်များကို ရှင်းလင်းပြောကြားကာ သင်တန်းအထောက်အကူပြုပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

အဆိုပါသင်တန်းကို တစ်လခွဲကြာဖွင့်လှစ်မည်ဖြစ်ပြီး သထုံခရိုင်အတွင်းရှိ ကျိုက်ထို၊ ဘီးလင်း၊ သထုံနှင့် ပေါင်မြို့နယ်များမှ သင်တန်းသူ ၂၅ ဦးတို့အား သုံးလွှာစကတ်၊ လေးလွှာစကတ်၊ ချိတ်ထဘီ၊ ဘလောက်အင်္ကျီ၊ အော်တာရှပ်၊ မင်္ဂလာဆောင်ဝတ်စုံ၊ ထိုင်မသိမ်းပုံစံ ပွဲတက်ဝတ်စုံ၊ ဇာအင်္ကျီနှစ်ထပ်ပုံစံ၊ ကုတ်အင်္ကျီ၊ ရင်ဖုံးအင်္ကျီချုပ်နည်း စသည့် အဆင့်မြင့်စက်ချုပ်ပညာရပ်အမျိုးမျိုးကို အခမဲ့စရိတ်ငြိမ်း သင်ကြားပေးမည်ဖြစ်ကြောင်းနှင့် ကျေးလက်နေပြည်သူများအလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိစေရန်အတွက် အခြားသက်မွေးသင်တန်းများကိုလည်း ထပ်မံဖွင့်လှစ်ပေးသွားရန် စီစဉ်ထားကြောင်း သထုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**သက်ဦး(သထုံ)**

# ကျေးရွာသုံးထင်းစိုက်ခင်းမှ ထင်း၊ မျောနှင့် တိုင်များဖြန့်ဝေ

**ရမည်းသင်း ဒီဇင်ဘာ ၈**
ရမည်းသင်းမြို့နယ် သစ်ဆုံဆည် အဆိုပြုကာကွယ်တောအတွင်း၌ ရမည်းသင်းခရိုင် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနက စိုက်ပျိုးခဲ့သော ကျေးရွာသုံးစိုက်ခင်း ဧက ၅၀ မှ သစ်တောထွက်ပစ္စည်းများကို စိုက်ခင်းအနီးရှိ ကျောက်ဖူးကျေးရွာမှ ဒေသခံပြည်သူများထံသို့ ဒီဇင်ဘာ ၁ ရက်မှစ၍ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ရမည်းသင်းမြို့နယ် သစ်ဆုံဆည် အဆိုပြုကာကွယ်တောအတွင်း ၂၀၀၅ ခုနှစ်က တည်ထောင်ခဲ့သည့် စိုက်ခင်းအမှတ် (၁/ ၂၀၀၅) ကျေးရွာသုံးစိုက်ခင်းဧက ၁၀၀ အနက် ဧက ၅၀ မှထွက်ရှိသော ထင်း၊ တိုင်၊ မျော စသည့် သစ်တောထွက်ပစ္စည်းများကို စိုက်ခင်းအနီးရှိ ကျောက်ဖူးကျေးရွာမှ ဒေသခံပြည်သူ အိမ်ထောင်စု ၅၅၀ ထံသို့ အညီအမျှ ခွဲဝေပေးအပ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ စိုက်ခင်းအတွင်း သဘာဝပေါက်ပင်များအနေဖြင့် မြန်မာရှား၊ ဒဟတ်၊ သပေါက်၊ ဇီး၊ နဘဲ၊ အင် စသည့်အပင်များပါဝင်ပြီး စိုက်ပျိုးပင်များအနေဖြင့် ယူကလစ်သစ်မျိုး၊ ဆီနီဂေါ်ရှားသစ်မျိုးများ ပါဝင်ကာ ဆက်လက်၍ အဆိုပါစိုက်ခင်းမှ သစ်တောထွက်ပစ္စည်းများကို ဒေသခံများကို ထုတ်ယူခွင့်ပြုလိုက်ကြောင်း ရမည်းသင်းခရိုင် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ သိရသည်။

**(ခရိုင် ပြန်/ဆက်)**



# ယောဒေသိယစကားသုတေသနအဖွဲ့ဝင်များ လောင်းရှည်မြို့ရောက်ရှိ

**ဆော ဒီဇင်ဘာ ၈**
ဆော၊ လောင်းရှည်၊ ထီးလင်းနှင့် ကျောက်ထုမြို့နယ်များတွင် ယောဒေသိယစကား သုတေသနလုပ်ငန်းများဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံ တိုင်းရင်းသားဘာသာစကား ဦးစီးဌာနမှ မြန်မာစာအဖွဲ့ဝင် ဆရာကြီးဒေါက်တာသိန်းနိုင် ဦးဆောင်သည့် သုတေသနအဖွဲ့သည်ဒီဇင်ဘာ ၄ ရက်တွင် ဂန့်ဂေါခရိုင် ဆောမြို့နယ် လောင်းရှည်မြို့သို့ ရောက်ရှိခဲ့ပြီး သုတေသနလုပ်ငန်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါအဖွဲ့တွင် စာပေဆုများရှင် ကိုယော(ဘောဂဗေဒ)၊ မြန်မာနိုင်ငံ တိုင်းရင်းဘာသာစကားဦးစီးဌာနမှ စာတည်းမှူးချုပ် ဦးမြင့်ဆွေတို့နှင့် စာတည်းအဖွဲ့ဝင် ခုနစ်ဦးတို့ ပါဝင်ပြီး လောင်းရှည် အထက၌ ကျောင်းအုပ်ဆရာကြီး ဦးကျော်လင်းနှင့် လောင်းရှည်ဒေသ ရင်းကဲကျေးရွာနေ ဒေသကျွမ်းကျင်သူများအား တွေ့ဆုံကာ ယောဒေသနေ တိုင်းရင်းသားတို့၏ ဘာသာစကားများနှင့် ယောစကား ပြောဆိုပုံ၊ စကားလုံး အသုံးအနှုန်းနှင့် စကားပုံများကို ဆွေးနွေးကြကာ အသံဖိုင်များဖြင့် မှတ်တမ်းများ ရယူကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ပြင်ဦးလွင်တန်ဆောင်တိုင်ပွဲတော် ဖိတ်ခေါ်ရောင်စုံ ဓာတ်ပုံပြိုင်ပွဲ ဆုများချီးမြှင့်

**ပြင်ဦးလွင် ဒီဇင်ဘာ ၈**
၂၀၁၆ ခုနှစ် တန်ဆောင်တိုင်ပွဲတော်အတွင်း ကျင်းပခဲ့သော 'ပေါင်းစုယှဉ်ပြိုင် ပြင်ဦးလွင်တန်ဆောင်တိုင်ပွဲတော်' ဖိတ်ခေါ်ရောင်စုံ ဓာတ်ပုံပြိုင်ပွဲမှ ဆုရရှိသူများအား ပြင်ဦးလွင်မြို့ မဟာအံ့ထူးကံသာ ဆုတောင်းပြည့်ဘုရားကြီး(ပြည်ချစ်ဘုရားကြီး) ရင်ပြင်




အနီးရှိ မဟာဗေယျသိဒ္ဓိသာသနာ့ဗိမာန်တွင် ဒီဇင်ဘာ ၆ ရက်က ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

ဆုချီးမြှင့်ပွဲတွင် ဓာတ်ပုံပြိုင်ပွဲကျင်းပရေးကော်မတီအတွင်းရေးမှူးက အမှာစကားပြောကြားပြီး ဦးကျော်ဝင်း(လှုဂုဏ်ရည် )က ဓာတ်ပုံပြိုင်ပွဲတွင် ဆုရရှိသည့် ဓာတ်ပုံများနှင့်ပတ်သက်၍ အသေးစိတ်ရှင်းလင်းပြောကြားကာ မန္တလေးမြို့မှဆုများကို ရွေးချယ်ပေးသော မန္တလေး ဓာတ်ပုံပညာရှင်များအား မဟာအံ့ထူးကံသာဘုရားကြီး ဂေါပကဥက္ကဋ္ဌ ဗိုလ်မှူးကြီးဉာဏ်ထွန်း(ငြိမ်း)က ဂုဏ်ပြုလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ပြင်ဦးလွင်တန်ဆောင်တိုင်ပွဲတော် ဖိတ်ခေါ်ရောင်စုံဓာတ်ပုံပြိုင်ပွဲမှ နေ့အလှုပြိုင်ပွဲတွင် ပထမဆုရရှိသော ထက်သူ(ရွှေကျောင်းကြီး)၊ ဒုတိယဆု ဦးမြင့်နိုင်(ယမုံနာ)၊ တတိယဆု ဦးသူရနိုင်(ATG)၊ စတုတ္ထဆု အောင်ဇော်မိုး၊ ပဉ္စမဆု အောင်အောင် (နန်းတော်ရှေ့)၊ ဆဋ္ဌမဆု ဦးခင်မောင်ချို(KMC) ၊ သတ္တမဆု ဦးသီဟမျိုး(ချစ်စရာ)၊ အဋ္ဌမဆု အောင်ရဲနိုင်(အမရပူရ)နှင့် ညအလှ ဓာတ်ပုံပြိုင်ပွဲတွင် ပထမဆုရရှိသော ဇေဇေ(အောင်လံ)၊ ဒုတိယဆု ဇေမျိုးထက်၊ တတိယဆု ကျော်ဇောလေး၊ စတုတ္ထဆု ဒေါ်မိုးသီတာ၊ ပဉ္စမဆု ဗိုလ်မှူးလှမျိုးကျော်၊ ဆဋ္ဌမဆု ချမ်းမင်းသက်၊ သတ္တမဆု ပြည့်ဒီဇင်ကိုဦး၊ အဋ္ဌမဆု သူရနိုင်၊ နဝမဆု ဦးခင်မောင်ထွေး၊ ဒသမဆု ဘိုးတော်( အမရပူရ)တို့အား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**ဇော်မျိုးထိုက်(ပြင်ဦးလွင်)**

# လမ်းတံတားလုပ်ငန်းများစံချိန်စံညွှန်းပြည့်မီရေးစစ်ဆေး

**သံတွဲ ဒီဇင်ဘာ ၈**
ရခိုင်ပြည်နယ်သံတွဲမြို့နယ် ဆင်ခေါင်း-ညောင်ခြေထောက် လမ်း(၁/၄)မိုင် ကျောက်ချောလမ်းခင်းခြင်းနှင့် ရွှေလေ့-သဗြဲချိုင်လမ်းပေါ်တွင် ပြည်နယ်ရန်ပုံငွေကျပ် ၂၁ ဒသမ ၀၀ သန်းဖြင့် ဆောင်ရွက်လျက်ရှိသည့် ပေ(၂၀×၁၄×၁၀)ရှိ တံတားတစ်စင်း၊ ပေ(၁၀× ၁၄× ၁၀)တံတားတစ်စင်း၊ (၆×၁၈×၆)ပေ တံတားနှစ်စင်းဆောက်လုပ်ရန်အတွက် ပစ္စည်းစုဆောင်းမှုကို ခရိုင်ကျေးလက်ဦးစီးမှူးဦးလှကြည်နှင့်အဖွဲ့ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်မှုများကို ပြောကြားခဲ့သည်။

ဆက်လက်၍ သံတွဲမြို့နယ်အတွင်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ပြည်ထောင်စုရန်ပုံငွေကျပ် ၂၁၃ ဒသမ ၀၁ သန်းနှင့် ပြည်နယ်ရန်ပုံငွေကျပ် ၂၆၂ ဒသမ ၂ သန်းတို့ဖြင့် ရေပေးရေးလုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ပျဉ်းမနားမြို့နယ်အတွင်း နယ်မြေလုံခြုံရေးအတွက် ယာဉ်များစစ်ဆေးလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၈**
နေပြည်တော် ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ်အတွင်း နယ်မြေလုံခြုံရေးအတွက် တာဝန်ရှိသူများပူးပေါင်းကာ မော်တော်ယာဉ်နှင့် ဆိုင်ကယ်များကို ရပ်တန့်စေပြီး လူနှင့် ယာဉ်လိုင်စင်အပြင် မူးယစ်ဆေးဝါး၊ လက်နက်၊ ခဲယမ်းနှင့် အခြားမသင်္ကာဖွယ်ရာများကို စစ်ဆေးအရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ပျဉ်းမနားမြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူးများ၊ နေပြည်တော်အမှတ်(၁၇/၁၈)လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့က ဒီဇင်ဘာ ၅ ရက် ညပိုင်းက ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးရှေ့၌ အခြေပြု၍ ယာဉ်များကို စစ်ဆေးခဲ့ခြင်းဖြစ်သည်။

"လူစည်ကားရာနေရာများဖြစ်တဲ့ ရန်ကုန်-မန္တလေးကားလမ်းဟောင်း၊ ရာဇဌာနီလမ်းမ၊ ဆင်ရတနာ မြင်းရတနာ လမ်းဆုံ၊ မင်္ဂလာရှမ်းကန်၊ ဗိုလ်ချုပ်ကြေးရုပ်ရှေ့များမှာ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များကို ညစဉ်ညတိုင်း စစ်ဆေးမှုများ ဆောင်ရွက်ပါတယ်။ ယာဉ်လိုင်စင်၊ ယာဉ်မောင်းလိုင်စင်များကို စစ်ဆေးသလို မူးယစ်ဆေးဝါးနှင့် လက်နက်ခဲယမ်းများလည်း စစ်ဆေးပါတယ်။ စစ်ဆေးတွေ့ရှိသူများကို ၂၀၁၅ မော်တော်ယာဉ်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ပါတယ်"ဟု ပျဉ်းမနားမြို့နယ် မြို့မရဲစခန်းမှူး ဒုရဲမှူး တင်ဌေးက ပြောသည်။



ဒီဇင်ဘာလပထမပတ်က ရွာကောက်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးရှေ့တွင် စစ်ဆေးမှုများဆောင်ရွက်ရာ ယာဉ်မောင်းလိုင်စင် မပြသနိုင်မှု သုံးမှုကို စစ်ဆေးတွေ့ရှိခဲ့ပြီး ဥပဒေအရ အရေးယူခဲ့ကြောင်း သိရသည်။

**ရဲရဲ(ပျဉ်းမနား)**

# သံဃာတော်များအား တိုင်းရင်းဆေးဖြင့် ကွင်းဆင်းကုသပေး

**ရန်ကုန် ဒီဇင်ဘာ ၈**
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန အလုံမြို့နယ် တိုင်းရင်းဆေးကုဌာနက အလုံမြို့နယ် စောရန်ပိုင်တောင်ရပ်ကွက်၊ သစ်တောလမ်းနှင့် ကျောင်းလမ်းထောင့်ရှိ ဇောတနာရာမပရိယတ္တိစာသင်တိုက်မှ သံဃာတော်များအား ကွင်းဆင်းဆေးကုသမှုများ ဒီဇင်ဘာ ၆ ရက်က ဆောင်ရွက်ပေးခဲ့သည်။

အလုံမြို့နယ်တိုင်းရင်းဆေးကုဌာနမှ မြို့နယ်တိုင်းရင်းဆေးမှူးဒေါ်ညိုနှင့် ဝန်ထမ်းများက ကျောင်းထိုင်ဆရာတော်နှင့် သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးကာ ဆေးဝါးများလှူဒါန်းခဲ့ပြီး ဆေးဝါးကုသရာတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်ယဉ်မြင့်၊ စောရန်ပိုင်တောင်ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးသန်းထိုက်နှင့် ရပ်မိရပ်ဖများက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**တင်မောင်ဦး(အလုံ)**

## ယာဉ်အန္တရာယ် ကင်းရှင်းရေးစစ်ဆေးခြင်းနှင့် ပညာပေးမှုများ ကွင်းဆင်းဆောင်ရွက်

**အမ်း ဒီဇင်ဘာ ၈**

ရခိုင်ပြည်နယ် အမ်းမြို့နယ်အတွင်း ပြည်သူများ ယာဉ်အန္တရာယ် ကင်းရှင်းရေးအတွက် ယာဉ်မောင်းသူများအား စစ်ဆေးခြင်းနှင့် အသိပညာပေးလုပ်ငန်းများကို ကျောက်ဖြူမြို့ အမှတ်(၂၁)ယာဉ်ထိန်းတပ်ဖွဲ့မှ ခေတ္တတပ်ဖွဲ့စုမှူး ရဲအုပ်မောင်မောင်ထွန်း ဦးဆောင်သော ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များနှင့် အမ်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ အမ်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ ပါဝင်သော ပူးပေါင်းအဖွဲ့က ဒီဇင်ဘာ ၆ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပူးပေါင်းအဖွဲ့သည် ရန်ကုန်-စစ်တွေလမ်းမကြီး ပျဉ်းတောလမ်းဆုံတွင်အခြေပြု၍ ယာဉ်မောင်းသူများအား ထိုင်ခုံခါးပတ်ပတ်၍ မောင်းနှင်ရန် စစ်ဆေးခြင်းနှင့် လက်တွေ့သရုပ်ပြသခြင်း၊ အရက်သေစာသောက်စား၍ မောင်းနှင်ခြင်းမရှိရန် စစ်ဆေးခြင်းများ ပြုလုပ်ခဲ့ပြီး ယာဉ်မတော်တဆမှုကြောင့် လူထိခိုက်ဒဏ်ရာရမှုများအကြောင်းနှင့် အသက်သေဆုံးမှုလျော့နည်းရေး၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ရာ စုစုပေါင်း ယာဉ်စီးရေ ၁၅၀ ခန့်မှ ယာဉ်မောင်းသူများကို အသိပညာပေးနိုင်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ပူးပေါင်းအဖွဲ့သည် အမ်းမြို့ အထက(၂)ကျောင်း၌ ယာဉ်စည်းကမ်းပညာပေးဟောပြောပွဲကို ပြုလုပ်ခဲ့ပြီး ကျောင်းအုပ်ချုပ်မှုတာဝန်ခံအရာရှိ ဗိုလ်ကြီးမင်းဟန်စိုးနှင့် ခေတ္တယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူးတို့က ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာများကို ကျောင်းသားကျောင်းသူများနှင့် ဆရာဆရာမ စုစုပေါင်း ၅၅၀ ကျော်အား အသိပညာပေးဟောပြောခဲ့သည်။

**(မြို့နယ် ပြန်/ဆက်)**

## ဆောင်းဝင်လာသော်လည်း အနွေးထည်ဈေးကွက် အရောင်းအဝယ်အေး

**ရေး ဒီဇင်ဘာ ၈**

မွန်ပြည်နယ် ရေးမြို့နယ်တွင် ရာသီဥတုအကူးအပြောင်းကာလဖြစ်သည့် ဆောင်းရာသီဝင်ရောက်လာကာ နေ့အပူချိန်လျော့၍ ညပိုင်းတွင် စတင်အအေးပိုလာနေသော်လည်း ဆောင်းရာသီကာလ၏ လူအသုံးအဆောင်ဖြစ်သည့် အနွေးထည်များမှာမူ ဈေးကွက်အတွင်း အရောင်းအဝယ်အေးလျက်ရှိကြောင်း သိရသည်။

"အရင်နှစ်တွေမှာလည်း အေးတဲ့အချိန်က နည်းတယ်။ အခုလည်း ဒီဇင်ဘာလ အေးတဲ့အချိန်ဖြစ်နေပေမယ့် သိပ်ပြီးတော့လည်း မအေးသေးဘူး။ အနွေးထည်ကိုလည်း ထုတ်ဝတ်သူတွေ မရှိသလောက်ဘဲ။ ဝယ်ယူဖို့ စိတ်ဝင်စားတဲ့လူကလည်း အနည်းအကျဉ်းသာရှိတယ်"ဟု ရေးမြို့မြသီတာဈေးမှ အထည်ရောင်းချသူတစ်ဦးက ပြောသည်။

ရေးမြို့နယ်အတွင်း အဝတ်အထည်ဈေးကွက်တွင် အနွေးထည်များ ရောင်းချရာ၌ ပြည်တွင်းထုတ်အထည်များအပြင် ပြည်ပနိုင်ငံများဖြစ်သည့် ထိုင်း၊ တရုတ်၊ ကိုရီးယားနိုင်ငံထုတ် အထည်များကို အများဆုံးမှာယူတင်သွင်းရောင်းချကြကာ အနွေးထည်များအပြင် ခေါင်းစွပ်၊ ခြေစွပ်နှင့် လက်အိတ်များလည်း ရောင်းချရလေ့ရှိကြောင်း၊ ယခုနှစ်တွင် အဝတ်အထည်ရောင်းချသူများအနေဖြင့် ယခင်နှစ်များထက် အနွေးထည်ရောင်းအား ပိုကောင်းရန် မျှော်လင့်ထားကြသော်လည်း ယခုအချိန်အထိ အနွေးထည်အရောင်းအဝယ်မှာ အေးနေဆဲဖြစ်ကြောင်း သိရသည်။

**နေမျိုးထွဋ်(ရေး)**



## ဌာနဆိုင်ရာများနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ တွေ့ဆုံဆွေးနွေး

**ခနေ့ဖြူ ဒီဇင်ဘာ ၈**

ခနေ့ဖြူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအပါအဝင် ဌာနဆိုင်ရာများနှင့် မြို့နယ်အတွင်း ရပ်ကွက်၊ ကျေးရွာများမှ အုပ်ချုပ်ရေးမှူးများ တွေ့ဆုံဆွေးနွေးပွဲကို မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၌ ဒီဇင်ဘာ ၂ ရက်က ပြုလုပ်ခဲ့ရာ ရပ်ရွာအေးချမ်းရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ကျန်းမာရေးကဏ္ဍ၊ လယ်ယာမြေအငြင်းပွားမှုဆိုင်ရာများ၊ ပညာရေးလိုအပ်ချက်များ၊ ကမ်းပြိုမှုကြောင့် ကြုံတွေ့နေရသောအခက်အခဲများကို ရပ်/ကျေး အုပ်ချုပ်ရေးမှူးများက တင်ပြဆွေးနွေးကြပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းဇော်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောမင်းသူတို့က ပြန်လည်ရှင်းလင်းဆွေးနွေးကာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းစိုးသိန်းကလည်း ရဲလုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့သည်။

**ခင်သန္တာထွေး(ပြန်/ဆက်)**

## အမျိုးသမီးများအပေါ်အကြမ်းဖက်မှုပပျောက်ရေး လှုပ်ရှားမှုပြုလုပ်

**ကန့်ဘလူ ဒီဇင်ဘာ ၈**

ကန့်ဘလူမြို့တွင် ပြုလုပ်လျက်ရှိသော အမျိုးသမီးများအပေါ်အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာလှုပ်ရှားမှုအရ အသိပညာပေးဟောပြောပွဲများကို ကန့်ဘလူမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ မြို့မဈေးတောင်ဘက်နှင့် အမှတ်(၅)ရပ်ကွက်တို့၌ ဒီဇင်ဘာ ၆ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးလှုပ်ရှားမှုကို ဦးဆောင်ပြုလုပ်နေသော Triangle အဖွဲ့မှ ဒေါ်ခင်လေး ဦးဆောင်သည့်အဖွဲ့ဝင်များက ဟောပြောပွဲများကို လိုက်လံပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ဟောပြောပွဲများတွင် အမျိုးသမီးငယ်များအနေဖြင့် ညဥ့်အချိန်မတော်တွင် အဖော်မဲ့သွားလာခြင်းမပြုရေး၊ နေအိမ်တွင် တစ်ဦးတည်းနေထိုင်ခြင်းမပြုရေး၊ ငယ်ရွယ်မသိနားမလည်သူများအား အယုံသွင်း၍ လိမ်လည်ခေါ်ယူမှုများတွင် လိုက်ပါခြင်းမပြုရေး၊ စိတ်ကွယ်ရာတွင် တွေ့ဆုံခြင်းမပြုရေး၊ အမျိုးသမီးများအား စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်းမပြုရေး၊ အမျိုးသမီးများသည်လည်း အမျိုးသားများနှင့်တန်းတူ အခွင့်အရေးရှိပြီး ကဏ္ဍတိုင်းတွင်ခေါင်းဆောင်နိုင်သူများဖြစ်ကြောင်း စသည့် အချက်များကို ဇာတ်လမ်းဇာတ်ကွက်များဖြင့်သရုပ်ဖော်၍ ကျောင်းသားကျောင်းသူများနှင့် ဒေသခံပြည်သူများအား အသိပညာပေးဟောပြောမှုများ လိုက်လံပြုလုပ်ခဲ့ကြောင်း သိရသည်။



အမျိုးသမီးများအပေါ်အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာလှုပ်ရှားမှုမှာ နိုဝင်ဘာ ၂၅ ရက်မှ ဒီဇင်ဘာ ၁၀ ရက်အထိ စုစုပေါင်း ၁၆ ရက်ဖြစ်ကြောင်း၊ ထို ၁၆ ရက်တာကာလအတွင်း အမျိုးသမီးများအပေါ် အကြမ်းမဖက်ရေးကို ပညာပေးလှုံ့ဆော်ကြကြောင်း၊ ထို ၁၆ ရက်ထဲတွင် ပါဝင်သော အပြည်ပြည်ဆိုင်ရာနေ့များမှာ အမျိုးသမီးများအပေါ်အကြမ်းဖက်မှု ရပ်တန့်ရေးနေ့ (နိုဝင်ဘာ ၂၅ ရက်)၊ အရှေ့တောင်အာရှအမျိုးသမီးများနေ့(နိုဝင်ဘာ ၃၀ ရက်)၊ ကမ္ဘာ့ AIDS နေ့(ဒီဇင်ဘာ ၁ ရက်)၊ ကမ္ဘာ့မသန်စွမ်းသူများနေ့ (ဒီဇင်ဘာ ၃ ရက်)၊ မွန်ထရီရယ်မြို့လူသတ်ပွဲနှစ်ပတ်လည်နေ့(ဒီဇင်ဘာ ၆ ရက်)နှင့် ကမ္ဘာ့လူ့အခွင့်အရေးနေ့(ဒီဇင်ဘာ ၁၀ ရက်)တို့ဖြစ်ကြောင်း လှုပ်ရှားမှုကို ဦးဆောင်ပြုလုပ်နေသော Triangle အဖွဲ့မှ သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## ဆီအရောင်းဆိုင်များကို ကွင်းဆင်းစစ်ဆေး

**ပလောက် ဒီဇင်ဘာ ၈**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ပလောက်မြို့တွင်း၌ တရားမဝင်စက်သုံးဆီများ သိုလှောင်ရောင်းချခြင်း မရှိစေရေးအတွက် တာဝန်ရှိသူများက ဒီဇင်ဘာ ၆ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ပလောက်မြို့အုပ်ချုပ်ရေးမှူး ဦးမျိုးဝေ၊ စည်ပင်သာယာရေးအဖွဲ့တာဝန်ခံ ဦးမျိုးဝင်းလှိုင်၊ မီးသတ်ဦးစီးဌာန လက်ထောက်ဦးစီးမှူး ဦးသန်းဇော်ထွန်း၊ နယ်မြေရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များ၊ လျှပ်စစ်ဌာန ဦးစီးမှူး ဦးကြည်လွင်၊ အမှတ်(၁)ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဇာနည်လင်းနှင့် ရပ်မိရပ်ဖများပါဝင်သော အဖွဲ့က လိုက်လံစစ်ဆေးခဲ့ခြင်းဖြစ်ပြီး မြို့ပေါ်ရပ်ကွက်များရှိ စက်သုံးဆီရောင်းချသူများအနေဖြင့် စက်သုံးဆီများကို တရားမဝင် သိုလှောင်ရောင်းချခြင်းမပြုရန် အသိပညာပေးခြင်း၊ စက်သုံးဆီများ သိုလှောင်ရောင်းချရာမှ မီးဘေးအန္တရာယ်မဖြစ်ပေါ်စေရေးအတွက် အသိပညာပေးခြင်းများလည်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(ပလောက်မြို့ပြန်/ဆက်)**



## ကျေးရွာလူငယ်မောင်မယ်များ စကားရည်လုပြိုင်မည်

**မြင်းခြံ ဒီဇင်ဘာ ၈**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ဆီမီးခုံကျေးရွာမှ လူငယ်မောင်မယ်များ စကားရည်လုပြိုင်ပွဲကို ကျေးရွာရှိ ရွှေစည်းခုံစေတီတော်ရင်ပြင်ပေါ်၌ ဒီဇင်ဘာ ၁၀ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဆီမီးခုံကျေးရွာ စာပေအသိပညာစွမ်းရည်မြင့်မားရေးလုပ်ငန်းကော်မတီက ကြီးမှူး၍ ဒေသခံလူငယ်မောင်မယ်များ အသိပညာဗဟုသုတ တိုးပွားလာစေရန်နှင့် စကားပြောစွမ်းရည် မြင့်မားတိုးတက်လာစေရန်ရည်ရွယ်၍ စကားရည်လုပွဲကို ကျင်းပခြင်းဖြစ်ကြောင်း ကော်မတီဥက္ကဋ္ဌ ဦးမြသောင်းက ပြောသည်။ စကားရည်လုပြိုင်ပွဲတွင် အဆိုဘက်မှ "ဝန်ထမ်းလုပ်ခြင်းသည် ကောင်းသည်"ဟု အဆိုတင်မည်ဖြစ်ကာ အချေဘက်မှ "ဝန်ထမ်းလုပ်ခြင်းသည် မကောင်းပါ"ဟု ချေပယှဉ်ပြိုင်ကြမည်ဖြစ်ပြီး တစ်ဖက်လျှင် ကျေးရွာနေလူငယ်သုံးဦးစီ ပါဝင်ပြောဆိုယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

**ဆီမီးခုံ-နန်းရီ**

## မြန်မာ့အာမခံလုပ်ငန်းမှ အာမခံအကြောင်း သိကောင်းစရာများဟောပြော

**မော်လမြိုင် ဒီဇင်ဘာ ၈**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်ရှိ အမှတ်(၁၅) လုံခြုံရေးရဲတပ်ဖွဲ့အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၆ ရက်က မွန်ပြည်နယ် မြန်မာ့အာမခံလုပ်ငန်းမှ ပြည်နယ်တာဝန်ခံက မြန်မာ့အာမခံဥပဒေအကြောင်း ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ပြည်နယ်တာဝန်ခံက နိုင်ငံ့ဝန်ထမ်းများသည် အသက်အရွယ်နှင့် လစာနှုန်းထားများအရ မြန်မာ့အာမခံလုပ်ငန်း၌ အသက်အာမခံများကို မထားမနေရ၊ ထားရှိရမည့်အကြောင်း၊ သူတစ်ပါး ထိခိုက်မှုအာမခံလုပ်ငန်းနှင့် ခရီးသွားအာမခံ လုပ်ငန်းအကြောင်းတို့ကို ရှင်းလင်းပြောကြားကြောင်း သိရသည်။

အခမ်းအနားတွင်ရဲအရာရှိများနှင့် အခြားအဆင့်စုစုပေါင်း ၁၀၀ ခန့် တက်ရောက်၍ ၎င်းတို့၏ မေးမြန်းချက်များကို ပြည်နယ်တာဝန်ခံက အသေးစိတ်ရှင်းပြခဲ့ကြောင်း သိရသည်။

**တင်ထွဋ်(မော်လမြိုင်)**

# လမ်းမတော်မြို့နယ်အတွင်း ကမ်းနားလမ်းညဈေးတန်း၌ နံနက်ခင်း သား၊ ငါး၊ ဟင်းရွက်ရောင်းချခွင့်ပြု

**ရန်ကုန် ဒီဇင်ဘာ ၈**

လမ်းမတော်မြို့နယ်အတွင်းရှိ လမ်းသစ်လူကူးခုံးကျော်တံတားမှ ရွာသစ်ချောင်းကားလမ်း ဖြတ်တံတားအနီးအတွင်း ကမ်းနားလမ်း ညဈေးတန်းနေရာတွင် ဒီဇင်ဘာ ၇ ရက်မှစ၍ နံနက် ၆ နာရီမှ ၁၁ နာရီအထိ သား၊ ငါး၊ ဟင်းရွက်၊ သစ်သီးများ စတင်ရောင်းချခွင့်ပြုသည်ကို မြင်တွေ့ရသည်။

အနော်ရထာလမ်းမပေါ်ရှိ အထူးသဖြင့် ဝါးတန်းလမ်းဆုံ(ယခင်ဝင်းသူဇာကုန်တိုက်)အနီးနှင့် ကိုင်းတန်းလမ်းထောင့်တို့တွင်ရှိခဲ့သော ဈေးသည်များ အပါအဝင် လမ်းဘေး၊ ကားလမ်းမဘေးတို့တွင် ရောင်းချနေသာဈေးသည်များအား ကမ်းနားလမ်းညဈေးတန်းသို့ ပြောင်းရွှေ့ရောင်းချစေခြင်း ဖြစ်သည်။

ယခင် သွားလာရေးအဆင်မပြေဖြစ်ခဲ့သော အနော်ရထာလမ်းမ၏ တောင်ဘက်ခြမ်း လူသွားစင်္ကြံလမ်းများတွင် ဈေးသည်ရောင်းချမှု မရှိသဖြင့် လွယ်ကူစွာသွားလာနိုင်မှုရှိလာသည်။ သို့သော် ဈေးသည်များ ရောင်းချမှုမရှိချိန်တွင် တိုက်ခန်းများ အထူးသဖြင့် စားသောက်ဆိုင်များ၏ စားပွဲဝိုင်းများချထားရောင်းချနေမှုကို မြင်တွေ့နေရဆဲဖြစ်သည်ဟု လမ်းသွားလမ်းလာတစ်ဦးက ပြောသည်။

ဝါးတန်းလမ်းဆုံမှ ကျုံးကြီးမြောင်းထိပ်အထိ ဈေးရောင်းချမှုများမရှိသဖြင့် မော်တော်ယာဉ်များ ကားရပ်ရာနေရာများတွင် ရပ်နား၍ရလာသည်ဟု ယာဉ်ပိုင်ရှင်တစ်ဦးက ပြောသည်။ ဈေးမရောင်းချရန် ၈ လမ်းထိပ်(အနော်ရထာလမ်းထိပ်ခြမ်း)တွင် လမ်းဘေးနှစ်ဖက်တွင် ချထားသောအရံအတားများကို အနော်ရထာလမ်း ကတ္တရာအစပ်ရောက်သည်အထိ တိုးချဲ့ကာရံထားသည်ကို မြင်တွေ့ရသည်။

ကိုင်းတန်းလမ်းထိပ် အနော်ရထာလမ်းပေါ်ရောင်းချနေသော သား၊ ငါး၊ ဟင်းရွက်ဈေးသည်များကို နေ့စဉ်နီးပါး နံနက် ၇ နာရီဝန်းကျင်တွင် သက်ဆိုင်ရာမှ လာရောက်ဖယ်ရှား ရသည့်ဖြစ်စဉ်မျိုး ပပျောက်သွားသည်။ ကားလမ်းမဘေး လူသွားစင်္ကြံလမ်းပေါ် ပြန်လည်ခင်းကျင်းရောင်းချခြင်းမျိုး ရှိ မရှိကြည့်ရှုရန် သာလိုအပ်သဖြင့် နေ့စဉ် အနော်ရထာလမ်းပေါ်ရှိ လမ်းဘေးနံနက်ခင်းဈေးရောင်းချမှုအပေါ် ဝန်ထမ်းအများအပြား တာဝန်ပေးလုပ်ဆောင်ရခြင်းမျိုး လျော့ကျသွားသည်ကို တွေ့ရသည်။

ထို့အတူ ပုံမှန်ဈေးရောင်းချသူများ အနေဖြင့်လည်း သက်ဆိုင်ရာ၏လာရောက်တားမြစ်မှုမျိုးမရှိတော့ဘဲ တရားဝင်နေရာရောင်းချခွင့်ရသဖြင့် ကြီးလန့်စာစားဘဝဖြင့် ဈေးရောင်းချရခြင်းမျိုးမှ ကင်းလွတ်လာသဖြင့် ဝမ်းသာရသည်ဟု ဈေးရောင်းချသူတစ်ဦးက ပြောသည်။

လမ်းမတော်မြို့နယ်အတွင်း နံနက်ပိုင်းဈေးသည်မြင်ကွင်းများ အနော်ရထာလမ်းမပေါ်တွင် ရှင်းလင်းခြင်းကို ဒီဇင်ဘာ ၇ ရက်တွင် စတင်မြင်တွေ့လာရသည်။ ထို့အတူ လမ်းမတော်လမ်းဆုံဝန်းကျင်မှ လသာလမ်းဝန်းကျင်အထိ မဟာဗန္ဓုလလမ်း(မြောက်ဘက်ခြမ်း) လူသွားစင်္ကြံလမ်းပေါ်မှ နံနက်ခင်းဈေးသည်များကိုလည်း ကမ်းနားလမ်းညဈေးတန်းတွင် ပြောင်းရွှေ့ရောင်းချခွင့်ပြုခြင်းဖြင့် နံနက်ပိုင်းရှင်း၍မရသေးသော ဈေးတန်းများ မြင်ကွင်းပျောက်ကွယ်သွားနိုင်သည်ဟု လသာမြို့နယ်နေသူတစ်ဦးက ပြောသည်။ **ခင်ဆိုင်**



# ပုသိမ်မြို့ ဥမ္မာဒန္တီ အငှားအိမ်ရာတိုက်ခန်းများ မဲနှိုက်နေရာချထား

ပုသိမ် ဒီဇင်ဘာ ၈

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အမှတ်(၁၄)ရပ်ကွက် ဥမ္မာဒန္တီအငှားအိမ်ရာတိုက်ခန်းများ မဲနှိုက်နေရာချထားခြင်းကို ဒီဇင်ဘာ ၇ ရက်က ကိုးသိန်းအားကစားခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဥမ္မာဒန္တီ အငှားအိမ်ရာတိုက်ခန်းများနှင့် ပတ်သက်၍ တိုင်းဒေသကြီး မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနေမင်းထက်က အငှားအိမ်ရာတိုက်ခန်းများ မဲနှိုက်မှုနှင့်ပတ်သက်၍ စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး ငှားရမ်းမည့်တိုက်ခန်းများကို မဲနှိုက်၍ နေရာချထားပေးခဲ့ကြောင်း သိရသည်။

အဆိုပါ အငှားအိမ်ရာတိုက်ခန်းမှာ ၉၁ ခန်းရှိပြီး လျှောက်ထားသူ စုစုပေါင်း ၅၀၄ ဦးရှိကာ၊ တာဝန်ထမ်းဆောင်ဆဲ ဝန်ထမ်း ၂၅၈ ဦးအတွက် ၄၇ ခန်း၊ အငြိမ်းစားဝန်ထမ်း ၇၄ ဦးအတွက် ၁၃ ခန်း ၊ ကုမ္ပဏီဝန်ထမ်း ၂၆ ဦးအတွက် ငါးခန်း၊ အခြားဝင်ငွေနည်းပြည်သူ ၁၄၆ ဦးအတွက် ၂၆ ခန်းကို မဲနှိုက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အခန်းငှားရမ်းခနှုန်းထားများမှာ ၄၈၄ စတုရန်းပေ အခန်းအတွက် ငွေကျပ် ၃၂၅၀၀၊ ၂၅၂ စတုရန်းပေအခန်းအတွက် ငွေကျပ် ၃၅၀၀၀၊ ၆၅၀ စတုရန်းပေ အခန်းအတွက်ငွေကျပ် ၄၃၅၀၀ တို့ဖြစ်ပြီး ယခုငှားရမ်းမည့်တိုက်ခန်းများမှာ လေးခန်းတွဲ ငါးထပ် သုံးလုံး ၊ ရှစ်ခန်းတွဲ လေးထပ် တစ်လုံးဖြစ်ကြောင်းသိရသည်။ တိုက်ခန်းမဲပေါက်သူ ၉၁ ဦးအား ဒီဇင်ဘာ ၁၃ ရက်တွင် တိုက်ခန်းနေထိုင်ခွင့် အကြောင်းကြားစာထုတ်ပေးမည်ဖြစ်ပြီး ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစ၍ တိုက်ခန်းတက်ရောက်နေထိုင်ခွင့်ပြုသွားမည်ဖြစ်ကြောင်း သိရသည်။ **မောင်မောင်မြင့် (ပြန်/ဆက်)**



# မတ်ပဲသီးနှံမျိုး ယှဉ်ပြိုင်စမ်းသပ်ကွက်စိုက်ပျိုးသရုပ်ပြ

**ပြည် ဒီဇင်ဘာ ၈**

စိုက်ပျိုးရေးဦးစီးဌာန ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ် တွင်းပြည်းအုပ်စု ကွင်းအမှတ် (၈၀၁) တောင်သူ ဒေါ်ခင်လှ၏ လယ်မြေတွင် JICA နှင့် ပူးပေါင်းဆောင်ရွက်သည့် မတ်ပဲမျိုးယှဉ်ပြိုင်စမ်းသပ်ကွက် စိုက်ပျိုးခြင်းကို လက်တွေ့သရုပ်ပြပွဲ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် တိုင်းဒေသကြီးဒုတိယဦးစီးမှူး ဦးမြင့်လွင်၊ တိုင်းမျိုးစေ့တာဝန်ခံ ဒေါ်ခင်စန်းမြင့်၊ ခရိုင်မျိုးစေ့ တာဝန်ခံ ဒေါ်ခင်ထွေးလှ၊ မြို့နယ်ဦးစီးမှူး ဦးအောင်ဆန်းဝင်းနှင့် ဝန်ထမ်းများ၊ ဒေသခံတောင်သူ ၃၆ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြင့်နိုင်(ပြည်)**

# ယဉ်ကျေးလိမ္မာအပတ်စဉ်သင်တန်းဆင်း

**မလှိုင် ဒီဇင်ဘာ ၈**

မလှိုင်မြို့ ရွှေသိမ်တော် ဓမ္မစကူးယဉ်ကျေးလိမ္မာ အပတ်စဉ်သင်တန်းကျောင်း ပထမအကြိမ် သင်တန်းဆင်းပွဲကို ဒီဇင်ဘာလပထမပတ်က မလှိုင်မြို့ ရွှေသိမ်တော်မဟာစည်သာသနာ့ ရိပ်သာကျောင်းတိုက်၌ ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် လေသာကျောင်းတိုက်၊ ရှစ်မျက်နှာကျောင်းတိုက် နာယကဆရာတော်နှင့် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ သာယာကပ်ကျောင်းဆရာတော်တို့က သြဝါဒကထာ မိန့်ကြားတော်မူပြီး တာဝန်ခံဆရာတော်က ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်ဌေး(မလှိုင်)**



**ကရင်ပြည်နယ် ဘားအံမြို့တွင် အများပြည်သူစားသုံးသူများ လုံခြုံစိတ်ချရမှုရှိစေရန်အတွက် စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတင့်ဆန်း၊ ပြည်နယ်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန တာဝန်ခံ ဒေါက်တာ ဦးမောင်မောင်သီဟထွေးနှင့်အဖွဲ့သည် ဒီဇင်ဘာ ၆ ရက်တွင် ဘားအံမြို့အတွင်းရှိဈေးများ၌ စားသုံးရန်မသင့်သော မှိုအဆိပ် (Aflatoxin B¹) ပါရှိသောငရုတ်သီးမှုန့်အမှတ်တံဆိပ်များအား ကွင်းဆင်းစစ်ဆေးဆောင်ရွက်စဉ်**
စောမျိုးမင်းသိန်း(ပြန်/ဆက်)

# စပါးမျိုးစေ့သန့်စင်အရွယ်အစားရွေးစက် လွှဲပြောင်းပေးအပ်

**ပေါင်းတည် ဒီဇင်ဘာ ၈**

ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) မှ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်းအတွင်း အကျိုးအမြတ်ဖြစ်ထွန်းစေမည့် ရေသွင်းစိုက်ပျိုးရေးစနစ် ဖော်ဆောင်ရေးစီမံကိန်းနှင့် စပါးမျိုးစေ့ သန့်စင်အရွယ်အစားရွေးစက် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၇ ရက်က ပေါင်းတည်မြို့နယ် မျိုးသန့်ခြံ၊ မျိုးသန့် စက်ရုံခန်းမ၌ ကျင်းပသည်။

ထို့နောက် ဂျပန်ကျွမ်းကျင်ပညာရှင် Mr.AKUTSU Mr KANAMOTO နှင့် Mr. KIKUCHI တို့က လွှဲပြောင်းပေးအပ်ခြင်း ရည်ရွယ်ချက်နှင့် အနာဂတ်အစီအစဉ်အား ဆွေးနွေးတင်ပြပြီး စီမံကိန်းခေါင်းဆောင်နှင့် စီမံကိန်းမန်နေဂျာတို့က စက်လွှဲပြောင်းပေးအပ်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက လက်ခံယူခဲ့ကြောင်း သိရသည်။

**တင်ဝင်းဇော်(မင်းသားကြီး)**

# ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ဒုစရိုက်မှုများ မဖြစ်ပေါ်စေရေးဆောင်ရွက်

**မိုးနဲ ဒီဇင်ဘာ ၈**

ရှမ်းပြည်နယ်တောင်ပိုင်းလင်းခေးခရိုင် မိုးနဲမြို့နယ် နယ်မြေခံတပ်နယ်မှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးတို့၏ ကြီးကြပ်မှုဖြင့် ဌာနဆိုင်ရာများ၊ မြို့မရဲစခန်းမှူးနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့သည် နမ့်မော်လေကျေးရွာအနီး မြို့ဝင်ကြာဖူးနေရာ၌ ယာဉ်အန္တရာယ် ကင်းရှင်းရေး၊ လူမှောင်ခိုကူးခြင်း၊ မူးယစ်ဆေးဝါး သယ်ယူ ဖြန့်ဖြူးရောင်းဝယ်ခြင်း၊ သစ်တောထွက်ပစ္စည်း မှောင်ခိုသယ်ယူ ပို့ဆောင်ခြင်း၊ လူဝင်လူထွက်နှင့် ပေါက်ကွဲစေတတ်သော ဓာတုပစ္စည်းများ သယ်ဆောင်မှုရှိ မရှိဆောင်ရွက်ခြင်းကို ဒီဇင်ဘာ ၅ ရက်က အဝင်၊ အထွက် ယာဉ်အစီး ၅၀ အား ရှာဖွေစစ်ဆေးခြင်းနှင့် ပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

**(မြို့နယ် ပြန်/ဆက် )**

သစ်တောသစ်ပင် ဒို့ချစ်ခင်

# ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု နည်းပညာဖွံ့ဖြိုးရေးသင်တန်း ဖွင့်လှစ်ပို့ချ

**ငဖဲ ဒီဇင်ဘာ ၈**

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်အတွင်းမှ ကော်ဖီစိုက်ပျိုးထုတ်လုပ်သည့် ခြံရှင်များ၏ စိုက်ပျိုးထုတ်လုပ်မှုနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုသင်တန်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန (ကော်ဖီ)ရာသီသီးနှံဌာနခွဲက ငဖဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၅ ရက်က ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

သင်တန်းတွင် ကော်ဖီစိုက်ပျိုးရန် မြေနေရာရွေးချယ်ခြင်းနှင့် မြေယာပြုပြင်စိုက်ပျိုးခြင်း၊ အော်ဂဲနစ်ကော်ဖီအကြောင်း သိကောင်းစရာများ၊ ကော်ဖီကိုင်းဖြတ်ပြုပြင်ခြင်း၊ ပင်အိုတက်သစ်မွေးမြူခြင်းနှင့် ၎င်းတို့၏အကျိုးသက်ရောက်မှုများ၊ ကော်ဖီကိုင်းကူးကိုင်းဆက်ခြင်း၊ ကော်ဖီစိုက်ခင်းအတွက် အရွက်တွင်း အာဟာရဓာတ်စစ်ဆေးခြင်းနှင့် မြေဆီလွှာ ဓာတ်ခွဲစမ်းသပ်ခြင်း၊ ကော်ဖီစေ့ကြိတ်ခွဲထုတ်လုပ်ခြင်းနှင့် အရည်အသွေးထိန်းသိမ်းသိုလှောင်ခြင်း စသည့်အကြောင်းအရာများကို (ကော်ဖီ)ရာသီသီးနှံဌာနခွဲမှ နည်းပြဆရာသုံးဦးက သင်ကြားပို့ချမည်ဖြစ်ကာ နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ စာတွေ့သုံးရက်ပို့ချ၍ တောင်ပေါ်ဒေသ ကော်ဖီစိုက်ခင်းတွင် လက်တွေ့နှစ်ရက် ပို့ချမည်ဖြစ်ကြောင်း သိရသည်။

ငဖဲမြို့နယ် တောင်ပေါ်ဒေသတွင် အရှိုချင်းလူမျိုးများ အများဆုံးနေထိုင်ကြပြီး ငရုတ်၊ ငှက်ပျောသီး၊ ကမ္ဗလာ၊ ဂေါ်ရခါး၊ ရှောက်သီး၊ ကရဝေး၊ သစ်ကြပိုးခေါက်၊ လျှော်ဖြူနှင့် ကော်ဖီပင်များကို အဓိကထား၍ စိုက်ပျိုးကြသည်။ ငဖဲမြို့နယ်တွင် ကော်ဖီပင်များကို (ကော်ဖီ)ရာသီသီးနှံဌာနခွဲနှင့် ကျေးရွာများမှ တောင်သူများ ပူးပေါင်း၍ ၂၀၀၁ ခုနှစ်က စတင်စိုက်ပျိုးခဲ့ရာ ယခုအခါ ဌာနစိုက်ဧက ၃၇ ဧကရှိပြီး ပုဂ္ဂလိကတောင်သူများစိုက်ဧကမှာ ၈၈၀ ဧကအထိ ရှိနေပြီဖြစ်သည်။ ဌာနစိုက်ဧကများမှ တစ်ဧကလျှင် ကော်ဖီ ၀ ဒသမ ၂၅ တန်နှင့် ပုဂ္ဂလိကစိုက်ဧကများမှ တစ်ဧကလျှင် ၀ ဒသမ ၁၅ တန်နှုန်း ထွက်ရှိကာ တစ်တန်လျှင် ဒေါ်လာ ၄၀၀၀ နှုန်း(မြန်မာငွေကျပ် ၅၂ သိန်းခန့်)ဖြင့် ရေနံချောင်းမြို့နယ် ဘာမင်နီယာစက်ရုံသို့ တင်ပို့ရောင်းချနေရကြောင်း သိရသည်။

ကော်ဖီပင်စိုက်ရာတွင် ပျိုးပင်တစ်နှစ်သားအရွယ်တွင် မြေချစိုက်ပျိုးရပြီး လေးနှစ်ခန့်အကြာတွင် အသီးစတင်သီးကာ ကော်ဖီသီးဆွတ်ခူးရာတွင် အစိမ်းနှင့်အမှည့်ရော၍ မခူးရဘဲ လုံးဝရင့်မှည့်ပြီး အနီရောင်ရှိသည့် အသီးများကိုသာ ဆွတ်ခူးရသည်။ ခူးယူပြီးသော ကော်ဖီသီးများကို နေ့ချင်းအခွံချွတ်ခြင်း၊ အကျိအချွဲအလွှာကို ပြောင်စင်အောင်ဆေးကြောခြင်းတို့ကို ဆောင်ရွက်ကာ အစေ့ခွံပါကော်ဖီစေ့များကို သန့်ရှင်းသော တလင်းတွင် အခြောက်လှန်းပြီး ရောင်းချကြရသည်။



သင်တန်းဖွင့်ပွဲတွင် ငဖဲမြို့နယ်အုပ်ချုပ်ရေးမှူးဦးဆန်းထွန်းနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လွင်တို့က အမှာစကားပြောကြားပြီး မြို့နယ်ကော်ဖီခြံတာဝန်ခံ ဦးဇော်သိန်းက နိုင်ငံခြားဝင်ငွေရရှိသော သီးနှံတစ်မျိုးဖြစ်သည့် ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုနည်းပညာဖွံ့ဖြိုးစေရေးရည်ရွယ်၍ သင်တန်းဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ သင်တန်းသို့ ငဖဲမြို့နယ်အတွင်းမှ ကော်ဖီစိုက်ပျိုးနေသော တောင်သူ ၃၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

# လားရှိုးပြည်သူ့ဆေးရုံကြီး အဆင့်မြှင့်တင်စီမံကိန်း အဆောက်အအုံသစ် လွှဲပြောင်းပေးအပ်

**လားရှိုး ဒီဇင်ဘာ ၈**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနနှင့် JICA ဂျပန်စုပေါင်း အေဂျင်စီတို့ ပူးပေါင်းဆောင်ရွက်သည့် လားရှိုးမြို့ရှိ လားရှိုးပြည်သူ့ဆေးရုံကြီး အဆင့်မြှင့်တင်ခြင်းစီမံကိန်း၏ ပထမအဆင့်အရ ဆောက်လုပ်ပြီးစီးပြီဖြစ်သော အထူးကုပြင်ပလူနာဌာနနှင့်ပြင်ပလူနာဌာန၊ ဓာတ်ခွဲဌာန၊ သွေးလှူဘဏ်တို့ ပါဝင်သည့် အဆောက်အအုံသစ်ကြီးနှင့် ဆေးရုံသုံးပစ္စည်းများ လွှဲပြောင်းပေးအပ်ပွဲကို ဒီဇင်ဘာ ၆ ရက်က ကျင်းပခဲ့သည်။



ဆေးရုံအဆောက်အအုံသစ် လွှဲပြောင်းပေးအပ်ပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က လားရှိုးပြည်သူ့ဆေးရုံသည် ယခင်က သာမန်စစ်ဆေးရုံတစ်ခုဖြစ်ခဲ့ပြီး ၁၉၄၆ ခုနှစ်တွင် ပြည်သူ့ဆေးရုံအဖြစ် တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်လာခဲ့ရာမှ ယခုအခါတွင် ခုတင်(၅၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးအဖြစ် ဖွဲ့စည်းခွင့်ပြုခဲ့ပြီး ဖြစ်ပါကြောင်း၊ ထို့အပြင် သင်ကြားရေးဆေးရုံအဖြစ်လည်း အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးအတွင်းဝန် Mr.Hideaki Matsuo နှင့် JICA(မြန်မာ) ဌာနေကိုယ်စားလှယ် Mr.Keiichiro Nakazawa တို့က ဆေးရုံအဆောက်အအုံသစ် ဆောက်လုပ်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ကြသည်။ ထို့နောက် အဆောက်အအုံသစ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို JICA(မြန်မာ) ဌာနေကိုယ်စားလှယ်က ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မြင့်ဟန်ထံ လွှဲပြောင်းပေးအပ်ပြီး ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်း၊ ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဂျပန်သံရုံးအတွင်းဝန်၊ JICA (မြန်မာ) ဌာနေကိုယ်စားလှယ်နှင့် ဆေးရုံအုပ်ကြီးတို့က ဆေးရုံအဆောက်အအုံသစ်ကြီးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

လားရှိုးပြည်သူ့ဆေးရုံကြီး အဆင့်မြှင့်တင်ခြင်း စီမံကိန်းကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကုသရေးဦးစီးဌာနနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)တို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ စီမံကိန်း ပထမအဆင့်အရ ဆေးရုံအဆောက်အအုံသစ်ကြီးကို ၂၀၁၅ ဇွန် ၁ ရက်က စတင်ဆောက်လုပ်ခဲ့ပြီး ၂၀၁၆ စက်တင်ဘာ ၃၀ ရက်တွင် လုပ်ငန်းပြီးစီးခဲ့ကြောင်း၊ သံကူကွန်ကရစ် နှစ်ထပ်အဆောက်အအုံဖြစ်ပြီး ဆောက်လုပ်မှုအတွက် ကျပ် ၈၅၂၉ သန်းကျော် ကုန်ကျခဲ့ကြောင်း သိရသည်။

**ဟန်ငွေး(လားရှိုး)**

# ကျေးရွာဓာတ်အားပေးရေးအတွက် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာ(Mini-Grid)တပ်ဆင်ပြီးစီး

**ပေါက် ဒီဇင်ဘာ ၈**

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် အိုင့်ကိုင်းကျေးရွာအုပ်စု မုန်ကုန်းကျေးရွာ၌ ဓာတ်အားပေးရေးအတွက် ဂျပန်နိုင်ငံပြည်သူများမှ ပံ့ပိုးကူညီသော ရန်ပုံငွေဖြင့် အာရှဖွံ့ဖြိုးရေးဘဏ်(ADB)နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ ကြီးကြပ်မှုဖြင့် SolaRise Sys ကုမ္ပဏီက တာဝန်ယူဆောင်ရွက်ခဲ့ရာ ယခုအခါ ဆိုလာ (Mini-Grid)တပ်ဆင်ဆောင်ရွက်ပြီးစီး၍ တစ်ရွာလုံးမီးလင်းနေပြီဖြစ်ကြောင်း သိရသည်။



ကျေးလက်နေပြည်သူများ လျှပ်စစ်မီးကောင်းမွန်စွာသုံးစွဲနိုင်ရေးအတွက် ဆိုလာ (Mini-Grid)တပ်ဆင်ခြင်းလုပ်ငန်းအနေဖြင့် Solar Pannel များ၊ ဘက်ထရီများ၊ အင်ဗာတာများ တပ်ဆင်ခြင်း၊ လမ်းမီးများ၊ ဓာတ်တိုင်များ၊ မီးကြိုးများတပ်ဆင်ခြင်းတို့ကို ဓာတ်အားလိုင်းနှစ်လိုင်းခွဲ၍ ဆောင်ရွက်ထားကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးဝင်းဇော်ဦး၏ ပြောကြားချက်အရ သိရသည်။

ယခုအခါ ဆိုလာစနစ်မှ ဓာတ်အားစတင်ပေးနေပြီဖြစ်ရာ ကျေးရွာရှိအိမ်ခြေ ၁၅၅ အိမ်အနေဖြင့် တစ်အိမ်လျှင် တစ်ရက် 100W အထိ သုံးစွဲနိုင်ပြီး တစ်အိမ်ထောင်လျှင် Power limiter တစ်ခု၊ 5W LED မီးနှစ်လုံးနှင့် ပလပ်ခုံတစ်ခုတို့ တပ်ဆင်ပေးထားကြောင်း၊ 100W ၏ ကုန်ကျငွေမှာ ၅၀ ကျပ်ဖြစ်ပြီး တစ်လလျှင် 3000W အထိ သုံးစွဲနိုင်၍ တစ်လပျမ်းမျှကုန်ကျငွေမှာ ၁၅၀၀ ကျပ်သာ ကုန်ကျကြောင်း၊ ဆိုလာစနစ်ဖြင့် မီးလင်းရေးအတွက် ကျေးရွာနေပြည်သူများအနေဖြင့် ၂၀ ရာခိုင်နှုန်းသာ ငွေကြေးထည့်ဝင်ခဲ့ရ၍ ယခု မီးရရှိပြီဖြစ်သဖြင့် ပြည်သူများအနေဖြင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းစွာဖြင့် လျှပ်စစ်မီး ရရှိသုံးစွဲနိုင်ပြီဖြစ်ကြောင်း သိရသည်။

**ဉာဏ်တိုး(ပေါက်)**

## မှုခင်းသတင်းတိုများ

### ဘက်ဟိုးယာဉ်နှင့် ကမ်းပါးနံရံကြားညပ်မိ၍ လူတစ်ဦးသေဆုံး

မြိုင်မြို့နယ် ကျောင်းရပ်ကျေးရွာ၌ ရေမြောင်းတူးဖော်နေစဉ် ဘတ်ဟိုးယာဉ်နှင့် ကမ်းပါးနံရံကြားညပ်မိ၍ အမျိုးသားတစ်ဦးသေဆုံးမှု ဒီဇင်ဘာ ၅ ရက်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။ လင်းကတောနယ်မြေရဲစခန်းမှ ဒုရဲအုပ်ဝင်းကိုနှင့် တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးချက်အရ ကျေးရွာအနောက်ဘက်ရှိ စိုက်ပျိုးရေးသုံးရေကန်သို့ အဝင်ရေမြောင်းကို သူရအောင်(၂၃ နှစ်)မောင်းနှင်သော ဘက်ဟိုးယာဉ်ဖြင့် တူးဖော်ဆယ်ယူစဉ် ရေမြောင်းတူးဖော်ရေးအဖွဲ့မှ ကြီးကြပ်သူ ဦးတင်ဆယ်(၅၇ နှစ်)အား ယာဉ်၏ကိုယ်ထည်နောက်ပိုင်းနှင့် တိုက်မိ၍လဲကျရာမှ ယာဉ်၏ ချိန်းကြိုးဘီးနှင့် ကမ်းပါးနံရံကြားညပ်ကာ နေရာတွင် သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ဘက်ဟိုးယာဉ်မောင်း သူရအောင်အား လင်းကတောနယ်မြေရဲစခန်း၌ အမှုဖွင့်ထားကြောင်း သိရသည်။ **ကျော်ဇေယျ**

### ဘက်ထရီရှော့ခ်တိုက် ငါးဖမ်းသူနှစ်ဦးကို ဖမ်းဆီးရမိ

ဝိုင်ယာကြိုးတပ်ထားသော ပုစွန်ဖမ်းပိုက်တစ်လက်နှင့်အတူ တရားမဝင် ဘက်ထရီရှော့ခ်တိုက် ငါးဖမ်းသူနှစ်ဦးအား မြောင်မြို့နယ် ချောင်းဇင်ကျေးရွာအနီး ဧရာဝတီမြစ်အတွင်း၌ ဖမ်းထားသော ငါးမျိုးစုံတစ်ပိဿာခန့်နှင့်အတူ ဒီဇင်ဘာ ၄ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ စစ်ကိုင်းခရိုင် ငါးလုပ်ငန်းဦးစီးဌာန လက်ထောက်ဦးစီးမှူး ဦးသက်နိုင်ထွေးနှင့် ဝန်ထမ်းများပါဝင်သောအဖွဲ့က ဧရာဝတီမြစ်အတွင်း ကွင်းဆင်းစစ်ဆေးစဉ် ချောင်းဇင်ကျေးရွာအနီး၌ တရားမဝင် ဘက်ထရီရှော့ခ်တိုက်ငါးဖမ်းနေသော ကျော်နိုင်နှင့် သောင်းနိုင်တို့နှစ်ဦးအား ဖမ်းဆီးထားသော ငါးမျိုးစုံ တစ်ပိဿာခန့်နှင့်အတူ တွေ့ရှိရသောကြောင့် ဦးသက်နိုင်ထွေးက တရားလိုပြုလုပ်၍ မြောင်မြို့မရဲစခန်း၌ ရေချိုငါးလုပ်ငန်းဥပဒေအရ အမှုဖွင့်ထားကြောင်း သိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

### တရားမဝင်သစ်ခွဲသားများ ပိုင်ရှင်မဲ့သိမ်းဆည်းရမိ

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် ကျောက်အိုင်ကျေးရွာအုပ်စု ငှက်ပျောတောကျေးရွာအနီး၌ တရားမဝင် အင်သစ်ခွဲသားများကို ဒီဇင်ဘာ ၅ ရက်က ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးအောင်အောင်ဌေးနှင့် ဝန်ထမ်းများ၊ မြို့နယ်လွှတ်တော်ကိုယ်စားလှယ်ရုံးမှ တာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ ပူးပေါင်းအဖွဲ့က သတင်းအရ ငှက်ပျောတောကျေးရွာအရှေ့ဘက် ပဲစင်းငုံခင်းအတွင်း ဝင်ရောက်ရှာဖွေရာ တရားမဝင် အင်သစ်ခွဲသား ၃၅၈ ချောင်း(အလေးချိန် ၇ ဒသမ ၈၅၄၄ တန်)ကို သိမ်းဆည်းရမိခဲ့ခြင်းဖြစ်ပြီး သိမ်းဆည်းရမိသောအင်သစ်ခွဲသားများကို မြို့နယ်သစ်တောဦးစီးဌာနရုံးဝင်းသို့ သယ်ယူသိမ်းဆည်းထားကြောင်း သိရသည်။ **မျိုးဝင်းညို(ကျွန်းလှ)**

### ထရပ်ကားနှင့် ထော်လာဂျီတိုက်၍ လူခြောက်ဦးဒဏ်ရာရ

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် ကျွဲကောကြီးကျေးရွာအနီး ကသာ-ဗန်းမောက် ကားလမ်းပေါ်၌ ဒီဇင်ဘာ ၅ ရက်က ထရပ်ကားနှင့် ထော်လာဂျီတိုက်မိရာမှ ထော်လာဂျီတိမ်းမှောက်ကာ လူခြောက်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ ယာဉ်တိုက်မှု ဖြစ်ပွားရာသို့ ဗန်းမောက်မြို့မရဲစခန်းမှ ဒုရဲအုပ်အေးသန်းစိန်နှင့်အဖွဲ့က သွားရောက်စုံစမ်းရာ ဖိုးဖြူ(၁၉ နှစ်) မောင်းနှင်လာပြီး လမ်းဆောက်လုပ်ရေးအလုပ်သမား ၁၃ ဦးတင်ဆောင်၍ အလုပ်သိမ်းပြန်လာသည့် ထော်လာဂျီကို ဖြိုးဝေကျော်(၂၈ နှစ်) မောင်းနှင်လာသည့် Dump Truck ယာဉ်က ကျော်တက်စဉ် ထော်လာဂျီ၏ဘေးကို ချိတ်ဆွဲသွားသောကြောင့် ထော်လာဂျီတိမ်းမှောက်ကာ လိုက်ပါလာသော လမ်းဆောက်လုပ်ရေးအလုပ်သမား အမျိုးသမီး ငါးဦးနှင့် အမျိုးသားတစ်ဦးတို့တွင် ကျိုးပဲ့ပေါက်ပြဲ၊ ဖူးရောင်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ထရပ်ကားမောင်းသူ ဖြိုးဝေကျော်အား ဗန်းမောက်ရဲစခန်း၌ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ကျော်စွာ(ဗန်းမောက်)**

### ကားနှင့်ဆိုင်ကယ်တိုက်၍ နှစ်ဦးဒဏ်ရာရ

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့၌ ဒီဇင်ဘာ ၅ ရက်က ကားနှင့် ဆိုင်ကယ်တိုက်မိ၍ လူနှစ်ဦးဒဏ်ရာများရရှိခဲ့ကြောင်း မြို့သစ်မြို့မရဲစခန်းမှသိရသည်။ တောင်တွင်းကြီး-မြို့သစ်-နတ်မောက်ကားလမ်း မြို့သစ်ပြည်သူ့ဆေးရုံထောင့်တွင် ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ မြို့သစ်မြို့မရဲစခန်းမှ ဒုရဲအုပ်ညွန့်ဝင်းနှင့် ရဲတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ နတ်မောက်မြို့နယ်ဘက်မှ မြို့သစ်မြို့နယ်ဘက်သို့ ရင်မြင့်မောင်(၅၃ နှစ်)မောင်းနှင်လာသည့် ပါရာဒိုကားနှင့် နေအောင်(၃၅ နှစ်)မောင်းနှင်လာပြီး နောက်မှ မျိုးအောင်(၃၄ နှစ်)လိုက်ပါစီးနင်းလာသော ဆိုင်ကယ်တို့ တိုက်မိခဲ့ခြင်းဖြစ်ကာ ယာဉ်တိုက်မှုကြောင့် နေအောင်တွင် (စိုးရိမ်ရ)ဒဏ်ရာများနှင့် မျိုးအောင်တွင် ပွန်းပဲ့ဖူးရောင်ဒဏ်ရာများ(မစိုးရိမ်ရ) ရရှိခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ပါရာဒိုယာဉ်မောင်း ရင်မြင့်မောင်နှင့် ဆိုင်ကယ်မောင်းနှင်သူ နေအောင်တို့အား မြို့သစ်မြို့နယ် မြို့မရဲစခန်း၌ အမှုဖွင့်ထားကြောင်း သိရသည်။

**ကျော်ဇေယျ**

### စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းဆီးရမိ

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ်အတွင်း နမ့်စန်-ခိုလမ် ကားလမ်းပေါ်၌ ဒီဇင်ဘာ ၅ ရက်က ရှာဖွေစစ်ဆေးမှုများပြုလုပ်စဉ် ယာဉ်တစ်စီးပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၂၅၀ ပြားကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စု(၂၇)နမ့်စန်လူပ်ရှားအဖွဲ့က ဦးဆောင်သည့် ပူးပေါင်းအဖွဲ့က နမ့်စန်-ခိုလမ် ကားလမ်းပေါ်မှ မော်တော်ယာဉ်နှင့် ဆိုင်ကယ်များကို ရှာဖွေစစ်ဆေးစဉ် စိုင်းကျော်စွာဝင်း မောင်းနှင်သည့် SURF အမျိုးအစား မော်တော်ယာဉ်တွင် လိုက်ပါလာသူ စိုင်းမွမ်းလောင်ထံမှ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ ပြားပါ အထုပ် တစ်ထုပ်နှင့် ဆေးပြား ၅၀ ပြားပါ အထုပ်တစ်ထုပ် စုစုပေါင်းဆေးပြား ၂၅၀ပြား (အလေးချိန် ၂၅ ဂရမ်ခန့်)ကို ရှာဖွေတွေ့ရှိသဖြင့် ၎င်းတို့အား နမ့်စန်မြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။ **မြင့်မိုရ်(တာချီလိတ်)**

# နိုင်ပွဲပြန်ရှာဖို့ခက်နေမယ့် အဂူရိုမပါတဲ့ မန်စီးတီး



ပရီမီယာလိဂ်ပွဲစဉ် (၁၄) မှာ မန်စီးတီးကအိမ်ကွင်းမှာ ချယ်လ်ဆီးကို ဂိုးပြတ်ရှုံးတယ်။ ဒါကြောင့် မန်စီးတီးတို့ နစ်နာခဲ့ရသလို အဆိုပါပွဲမှာဖြစ်ပွားခဲ့တဲ့ဖြစ်ရပ်တွေကြောင့် အဓိကတိုက်စစ်မှူး အဂူရိုနဲ့ ဖာနန်ဒင်ညိုတို့လည်း ပွဲပယ်ပြစ်ဒဏ်တွေ ချမှတ်ခံခဲ့ရတယ်။ ဒါကြောင့် မန်စီးတီးအနေနဲ့ အခုကစားရမယ့် ပွဲစဉ်(၁၅)မှာအဂူရိုကို အသုံးပြုခွင့်ရမှာမဟုတ်သလို ပြိုင်ဘက်ကလည်းနိုင်ပွဲလိုအပ်နေတာကြောင့် အားစိုက်ကစားလာမယ့် လက်စတာ ဖြစ်နေတယ်။ ဒါကြောင့်လည်းဒီပွဲစဉ် ၁၅ မှာ မန်စီးတီးတို့ နိုင်ပွဲပြန်လည်ရယူနိုင်ပါ့မလားဆိုတာ စိတ်ဝင်စားဖို့ကောင်းနေတယ်။

## ဝက်ဖို့ဒ် vs အဲဗာတန်

| | | | | |
|---|---|---|---|---|
| ယမန်နှစ် | ဝက်ဖို့ဒ် | ၁ | ၁ | အဲဗာတန် |

ဝက်ဖို့ဒ်က နောက်ဆုံးအိမ်ကွင်းပွဲမှာ စတုတ်ကိုရှုံးနိမ့်ခဲ့သလို နောက်ဆုံးပွဲမှာလည်း ဝက်စ်ဘရွန်းကို ထပ်မံရှုံးနိမ့်ခဲ့ပါတယ်။ ခြေစွမ်းပိုင်းအကောင်းဆုံးပုံစံမရှိသလို တိုက်စစ်ကလည်း ပုံမှန်ဂိုးသွင်းခြေရဖို့ရုန်းကန်နေရလို့ အဲဗာတန်ခံစစ်ရဲ့အားနည်းမှုကိုအသုံးချနိုင်ဖို့ ခက်တယ်။ အဲဗာတန်က အဝေးကွင်းမှာ ရှုံးပွဲဆက်နေတယ်ဆိုပေမယ့် ခြေစွမ်းမကွာတဲ့အသင်းတွေကို အကောင်းဆုံး ရင်ဆိုင်နိုင်စွမ်းရှိတယ်။ သရေကျသွားနိုင်တယ်။

## ဘန်လေ vs ဘုန်းမောက်

| | | | | |
|---|---|---|---|---|
| ယမန်နှစ် | - | - | - | - |

ဘန်လေဟာခြေစွမ်းပိုင်းအနည်းငယ် အားနည်းပေမယ့် အိမ်ကွင်းမှာခြေစွမ်းပိုင်း ကောင်းမွန်တတ်သလို အဲဗာတန်ကိုတောင် အနိုင်ယူနိုင်ခဲ့ကာ တိုက်စစ်ကလည်းဂိုးသွင်းခြေရှိတယ်။ ဘန်လေခံစစ်ကအိမ်ကွင်းမှာ အားနည်းမှု ရှိတယ်ဆိုပေမယ့်ဘုန်းမောက်တိုက်စစ်ကလည်း နောက်ပိုင်းအဝေးကွင်းပွဲတွေမှာ အကောင်းဆုံးပုံစံရဖို့ရုန်းကန် နေရတယ်။ အိမ်ကွင်းအားနဲ့နိုင်ပွဲရဖို့ အားစိုက်လာမယ့် ဘန်လေပဲကပ်နိုင်မယ်။

## လက်စတာ vs မန်စီးတီး

| | | | | |
|---|---|---|---|---|
| ယမန်နှစ် | လက်စတာ | ၀ | ၀ | မန်စီးတီး |

ချယ်လ်ဆီးကို ရှုံးနိမ့်ခဲ့ရတာကြောင့် မန်စီးတီးအနေနဲ့နိုင်ပွဲပြန်လည်ရယူနိုင်ဖို့အားစိုက်လာမှာ သေချာနေပါတယ်။ ဒါပေမယ့်မန်စီးတီးအနေနဲ့ အဓိကတိုက်စစ်မှူးအဂူရိုကပွဲပယ်ပြစ်ဒဏ်ကြောင့် ပါဝင်နိုင်မှာ မဟုတ်လို့တိုက်စစ်ပိုင်းအားနည်းလာနိုင်တယ်။ အထူးသဖြင့်လက်စတာကလည်း တန်းဆင်းဇုန်နဲ့နီးကပ်လာတာကြောင့် အိမ်ကွင်းမှာနိုင်ပွဲပြန်ရဖို့ အားစိုက်လာမှာသေချာနေတယ်။ မန်စီးတီးအခက်တွေ့နိုင်ပြီး သရေကျသွားဖို့များတယ်။

## ဆောက်သမ်တန် vs မစ်ဒယ်ဘရော့

| | | | | |
|---|---|---|---|---|
| ယမန်နှစ် | - | - | - | - |

ပဲလေ့စ်ကို ဂိုးပြတ်ရှုံးနိမ့်ခဲ့တာကြောင့် ဆောက်သမ်တန်တို့ နိုင်ပွဲရဖို့အားစိုက်လာမှာ ဖြစ်ပေမယ့် ဒီပွဲမတိုင်ခင် ယူရိုပါလိဂ်ပွဲကစားခဲ့ရလို့ ပွဲပန်းလာနိုင်တယ်။ ဒါပေမယ့် ဆောက်သမ်တန်ဟာ အိမ်ကွင်းပွဲတွေမှာတော့ အဲဗာတန်ကိုအနိုင်ရခဲ့သလိုလီဗာပူးကိုလည်း သရေကစားနိုင်ခဲ့တဲ့အထိခြေစွမ်းကောင်းခဲ့တယ်။ မစ်ဒယ်ဘရော့ကလည်း လက်ရှိအချိန်မှာ ခြေစွမ်းကောင်းနေတာကြောင့် ဆောက်သမ်တန်တို့ အခက်တွေ့နိုင်ကာ သရေကျသွားနိုင်တယ်။

## အာဆင်နယ် vs စတုတ်

| | | | | |
|---|---|---|---|---|
| ယမန်နှစ် | အာဆင်နယ် | ၂ | ၀ | စတုတ် |

အာဆင်နယ်က ဒီပွဲမတိုင်ခင် ချန်ပီယံလိဂ်ပွဲကစားခဲ့ရပေမယ့် ပရီမီယာလိဂ်အိမ်ကွင်း နိုင်ပွဲပြန်ရဖို့ အားစိုက်လာမှာပါ။ ဆန်းချက်ဇ်၊ ဝေါလ်ကော့သ်၊ ဂျရူးတို့ကဦးဆောင်တဲ့ တိုက်စစ်ကဂိုးသွင်းခြေရှိတာမို့ စတုတ်ခံစစ်ကို အခက်တွေ့စေနိုင်တယ်။ ဒါပေမယ့် စတုတ်ကလည်း ခြေစွမ်းပိုင်းကောင်းမွန်နေသလို အဝေးကွင်းမှာ တိုက်စစ်နဲ့ ခံစစ်ကစားပုံမဆိုးဘူး။ အာဆင်နယ်တို့ အနည်းငယ်ရုန်းကန်ရနိုင်ကာ ကပ်ပြီးသာနိုင်ခြေရှိပါတယ်။

## ဟားလ် vs ပဲလေ့စ်

| | | | | |
|---|---|---|---|---|
| ယမန်နှစ် | - | - | - | - |

ဟားလ်စီးတီးက တန်းမဆင်းရဖို့အားစိုက်နေပေမယ့်လည်း ခြေစွမ်းပိုင်းကအားနည်းမှုတွေများနေတယ်။ နောက်ဆုံးအိမ်ကွင်းပွဲမှာတောင် ဝက်စ်ဘရွန်းကို သရေသာကစားနိုင်ခဲ့တယ်။ ဒီပွဲမှာလည်း အိမ်ကွင်းဖြစ်တာကြောင့် နိုင်ပွဲရယူနိုင်ဖို့အားစိုက်လာမှာဖြစ်ပေမယ့်လည်း နောက်ဆုံးပွဲမှာ ဆောက်သမ်တန်ကိုတောင် အနိုင်ရခဲ့တဲ့ ပဲလေ့စ်ကို အသာရဖို့ ခက်တယ်။ ပဲလေ့စ်ကအဝေးကွင်းအားနည်းတတ်ပေမယ့်ဒီပွဲမှာ ဟားလ်တို့ သရေလောက်ပဲရမယ်။

## ဆွမ်ဆီး vs ဆန်းဒါးလန်း

| | | | | |
|---|---|---|---|---|
| ယမန်နှစ် | ဆွမ်ဆီး | ၂ | ၄ | ဆန်းဒါးလန်း |

ဆွမ်ဆီးကနောက်ဆုံးပွဲမှာစပါးကို ဂိုးပြတ်ရှုံးနိမ်ခဲ့ပေမယ့် အိမ်ကွင်းခြေစွမ်းပိုင်းကောင်းမွန်နေပြီး ဆီဂတ်ဆန်၊ လော်ရန်တီတို့လို တိုက်စစ်ကစားသမားတွေလည်း ဂိုးသွင်းခြေရနေတာကြောင့် ပဲလေ့စ်နဲ့ပွဲမှာ ငါးဂိုးအထိသွင်းယူ နိုင်ခဲ့တယ်။ ဆန်းဒါးလန်းကတော့ လက်စတာကို အနိုင်ရခဲ့ပေမယ့် အဝေးကွင်းပွဲတွေမှာ အကောင်းဆုံးပုံစံရဖို့ရုန်းကန်နေရတာမို့ ဆွမ်ဆီးကို ဖိအားပေးနိုင်ဖို့ခက်တယ်။ အိမ်ကွင်းမှာ ဆွမ်ဆီးပဲနိုင်ပွဲရမှာပါ။

## မန်ယူ vs စပါး

| | | | | |
|---|---|---|---|---|
| ယမန်နှစ် | မန်ယူ | ၁ | ၀ | စပါး |

မန်ယူက အိမ်ကွင်းမှာ ရလဒ်ကောင်းရဖို့ အားစိုက်လာမှာဖြစ်ပေမယ့် ဒီပွဲမတိုင်ခင် ယူရိုပါလိဂ်ပွဲကစားခဲ့ရတာကြောင့် ပွဲပန်းမှုတွေရှိလာ နိုင်ပါတယ်။ ဒါပေမယ့်ဆွမ်ဆီးကို အနိုင်ကစားနိုင်ခဲ့တဲ့စပါးကလည်း ချန်ပီယံလိဂ်ပွဲကစားခဲ့ရလို့ ပွဲပန်းလာနိုင်တယ်။ စပါးအနေနဲ့ အဝေးကွင်းမှာ အသင်းလိုက်ကစားပုံမဆိုးပေမယ့် ခံစစ်ပိုင်း အားနည်းတတ်လို့ မန်ယူတိုက်စစ်ကို ခက်ခက်ခဲခဲထိန်းချုပ်ရနိုင်တယ်။ အိမ်ကွင်းမှာ မန်ယူပဲကပ်နိုင်မယ်။

## ချယ်လ်ဆီး vs ဝက်စ်ဘရွန်း

| | | | | |
|---|---|---|---|---|
| ယမန်နှစ် | ချယ်လ်ဆီး | ၂ | ၂ | ဝက်စ်ဘရွန်း |

မန်စီးတီးကို အနိုင်ကစားနိုင်ခဲ့တဲ့ပွဲမှာ ချယ်လ်ဆီးရဲ့ခြေစွမ်းပိုင်းက အကောင်းဆုံးအခြေအနေမှာရှိခဲ့ပါတယ်။ ဒီပွဲမှာလည်း အိမ်ကွင်းဖြစ်တာကြောင့် နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာသေချာနေပါတယ်။ ဝက်စ်ဘရွန်းကတော့ လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းကောင်းမွန်မှုရှိတယ်ဆိုပေမယ့် ချယ်လ်ဆီးကိုတော့တုံ့ပြန်ကစားနိုင်ဖို့ခက်ခဲနိုင်ပါတယ်။ ဝက်စ်ဘရွန်းခံစစ်ကလည်း အားနည်းမှုတွေရှိနေတာကြောင့် ဒီပွဲမှာ ချယ်လ်ဆီးကသာ နိုင်ပွဲရယူသွားနိုင်ပါတယ်။

## လီဗာပူး vs ဝက်စ်ဟမ်း

| | | | | |
|---|---|---|---|---|
| ယမန်နှစ် | လီဗာပူး | ၀ | ၃ | ဝက်စ်ဟမ်း |

ဝက်စ်ဟမ်းက အာဆင်နယ်ကိုရှုံးနိမ့်ခဲ့ရတာကြောင့် နိုင်ပွဲပြန်လည်ရယူနိုင်ဖို့အားစိုက်လာမှာ သေချာနေပါတယ်။ ဒါပေမယ့်လည်း ဝက်စ်ဟမ်းခြေက အားနည်းမှုတွေများလွန်းနေကာ ခံစစ်ပိုင်းကလည်း တည်ငြိမ်မှုမရှိပါဘူး။ လီဗာပူးကတော့ ကော်တင်ညိုပါဝင်နိုင်မှာ မဟုတ်ပေမယ့်လည်း နိုင်ပွဲရယူနိုင်ဖို့အားစိုက်လာမှာ ဖြစ်သလို အိမ်ကွင်းလည်း ဖြစ်နေပါတယ်။ ဒါကြောင့်လည်း ဝက်စ်ဟမ်းတို့ အခက်တွေ့နိုင်ကာ လီဗာပူးပဲနိုင်ပွဲရမယ်။

## ပရီမီယာလိဂ်ပွဲစဉ်(၁၆)

| အင်္ဂါနေ့ (၁၃-၁၂-၁၆) | | | |
|---|---|---|---|
| နံနက် ၂း၁၅ | ဘုန်းမောက် | - | လက်စတာ |
| နံနက် ၂း၁၅ | အဲဗာတန် | - | အာဆင်နယ် |

| ဗုဒ္ဓဟူးနေ့ (၁၄-၁၂-၁၆) | | | |
|---|---|---|---|
| နံနက် ၂း၁၅ | မစ်ဒယ်ဘရော့ | - | လီဗာပူး |
| နံနက် ၂း၁၅ | ဆန်းဒါးလန်း | - | ချယ်လ်ဆီး |
| နံနက် ၂း၁၅ | ဝက်စ်ဟမ်း | - | ဘန်လေ |
| နံနက် ၂း၃၀ | ပဲလေ့စ် | - | မန်ယူ |
| နံနက် ၂း၃၀ | ဝက်စ်ဘရွန်း | - | ဆွမ်ဆီး |
| နံနက် ၂း၃၀ | မန်စီးတီး | - | ဝက်ဖို့ဒ် |
| နံနက် ၂း၃၀ | စတုတ် | - | ဆောက်သမ်တန် |
| နံနက် ၂း၃၀ | စပါး | - | ဟားလ် |

## ပရီမီယာလိဂ်ပွဲစဉ်(၁၅)

| စနေနေ့ (၁၀-၁၂-၁၆) | | | |
|---|---|---|---|
| ည ၇း၀၀ | ဝက်ဖို့ဒ် | - | အဲဗာတန် |
| ည ၉း၃၀ | အာဆင်နယ် | - | စတုတ် |
| ည ၉း၃၀ | ဘန်လေ | - | ဘုန်းမောက် |
| ည ၉း၃၀ | ဟားလ်စီးတီး | - | ခရစ္စတဲလ်ပဲလေ့စ် |
| ည ၉း၃၀ | ဆွမ်ဆီး | - | ဆန်းဒါးလန်း |
| နံနက် ၀၀း၀၀ | လက်စတာ | - | မန်စီးတီး |
| **တနင်္ဂနွေနေ့ (၁၁-၁၂-၁၆)** | | | |
| ည ၆း၃၀ | ချယ်လ်ဆီး | - | ဝက်စ်ဘရွန်း |
| ည ၈း၄၅ | မန်ယူ | - | စပါး |
| ည ၈း၄၅ | ဆောက်သမ်တန် | - | မစ်ဒယ်ဘရော့ |
| ည ၁၁း၀၀ | လီဗာပူး | - | ဝက်စ်ဟမ်း |

## စီးရီးအေပွဲစဉ်(၁၆)


| စနေနေ့ (၁၀-၁၂-၁၆) | | | |
|---|---|---|---|
| ည ၁၁း၃၀ | ခရိုတိုနီ | - | ပက်စ်ကာရာ |
| နံနက် ၂း၁၅ | ဆမ်ဒိုးရီးယား | - | လာဇီယို |
| **တနင်္ဂနွေနေ့ (၁၁-၁၂-၁၆)** | | | |
| ည ၆း၀၀ | ကယ်ဂလီယာရီ | - | နာပိုလီ |
| ည ၈း၃၀ | အတလန်တာ | - | အူဒီးနီစ် |
| ည ၈း၃၀ | ဘိုလော့နာ | - | အမ်ပိုလီ |
| ည ၈း၃၀ | ပါလာမို | - | ချီယေဗို |
| ည ၈း၃၀ | တိုရီနို | - | ဂျူဗင်တပ်စ် |
| နံနက် ၂း၁၅ | အင်တာမီလန် | - | ဂျီနိုအာ |
| **တနင်္လာနေ့ (၁၂-၁၂-၁၆)** | | | |
| နံနက် ၀၀း၃၀ | ဖီယိုရင်တီးနား | - | ဆက်ဆူအိုလို |
| နံနက် ၂း၃၀ | ရိုးမား | - | အေစီမီလန် |

## စပိန်လာလီဂါပွဲစဉ်(၁၅)

| သောကြာနေ့ (၉-၁၂-၁၆) | | | |
|---|---|---|---|
| နံနက် ၂း၁၅ | မာလာဂါ | - | ဂရန်နာဒါ |
| **စနေနေ့ (၁၀-၁၂-၁၆)** | | | |
| ည ၆း၃၀ | အိုဆာစူနာ | - | ဘာစီလိုနာ |
| ည ၉း၄၅ | ဆိုစီဒက် | - | ဗလင်စီယာ |
| နံနက် ၀၀း၀၀ | လက်ပဲလ်မက်စ် | - | လီဂါနက်စ် |
| နံနက် ၂း၁၅ | ရီးရဲမက်ဒရစ် | - | ဒီပို့တီဗို |
| **တနင်္ဂနွေနေ့ (၁၁-၁၂-၁၆)** | | | |
| ည ၅း၃၀ | အီဘာ | - | အလာဗက်စ် |
| ည ၉း၄၅ | ဆယ်တာဗီဂို | - | ဆီဗီလာ |
| နံနက် ၀၀း၀၀ | အက်စ်ပန်ညို | - | ဂီဂျွန် |
| နံနက် ၂း၁၅ | ဘက်တစ် | - | ဘီလ်ဘာအို |
| **တနင်္လာနေ့ (၁၂-၁၂-၁၆)** | | | |
| နံနက် ၂း၁၅ | ဗီလာရီးရဲ | - | အက်သလက် |

## ဘွန်ဒက်စ်လီဂါပွဲစဉ်(၁၄)

| သောကြာနေ့ (၉-၁၂-၁၆) | | | |
|---|---|---|---|
| နံနက် ၂း၀၀ | ဖရန့်ဖွတ် | - | ဟော့ဖန်ဟိန်း |
| **စနေနေ့ (၁၀-၁၂-၁၆)** | | | |
| ည ၉း၀၀ | ဘိုင်ယန် | - | ဝုဖ်ဘတ် |
| ည ၉း၀၀ | ကိုလုံး | - | ဒေါ့မွန် |
| ည ၉း၀၀ | ဟမ်းဘတ် | - | အော့ဘတ် |
| ည ၉း၀၀ | အင်ဂိုစတတ် | - | လိုက်ပဇစ် |
| ည ၉း၀၀ | ဖရိုင်းဘတ် | - | ဒရမ်စတတ် |
| နံနက် ၀၀း၀၀ | ဟာသာဘာလင် | - | ဝါဒါဘရီမင် |
| **တနင်္ဂနွေနေ့ (၁၁-၁၂-၁၆)** | | | |
| ည ၉း၀၀ | ဂလာဘတ်ချ် | - | မိန့်ဇ် |
| ည ၁၁း၀၀ | ရှော်လ်ကေး | - | လေဗာကူဆင် |



ချာလီအော်စတင်၊ ဗန်ဒစ်တို့လို လူသတိထားမိလောက်တဲ့ ကစားသမားတစ်ဦးမဟုတ်ပေမယ့် သူ့ရဲ့လက်ရှိ ခြေစွမ်းတွေကတော့ အသင်းအတွက် အဓိကကျတဲ့ကစားသမား တစ်ဦးအဖြစ်ရှိနေတယ်ဆိုတာ ကတော့. . .

# ဆောက်သမ်တန်ရဲ့ အောင်မြင်မှုနဲ့ တိုက်ရိုက်အချိုးကျနေတဲ့ ရိုမီယူ ရဲ့ ခြေစွမ်း

● အောင်က

ပြီးခဲ့တဲ့လိဂ်ဖလားပြိုင်ပွဲမှာတော့ ဆောက်သမ်တန်အသင်းဟာ အာဆင်နယ်အသင်းကို ၂-၀ နဲ့အနိုင်ကစားပြီး ၁၉၈၇ နောက်ပိုင်း ပထမဦးဆုံး လိဂ်ဖလားပြိုင်ပွဲရဲ့ဆီမီးဖိုင်နယ်ကို တက်ရောက်သွားနိုင်ခဲ့ပါတယ်။ ဆောက်သမ်တန်အသင်းအနေနဲ့ အခုလိုလိဂ်ဖလားပြိုင်ပွဲမှာ အာဆင်နယ်အသင်းကို အနိုင်ရရှိခဲ့ပေမယ့် အသင်းရဲ့ ၁၈ ယောက်လူစာရင်းမှာတော့ အဓိက ကစားသမားတစ်ဦးမပါဝင်ခဲ့ပါဘူး။ သူကတော့ ရိုမီယူဖြစ်ပါတယ်။ သူဟာ ဒီနှစ်ရာသီမှာတော့ ဆောက်သမ်တန်အသင်းရဲ့ ပွဲထွက်လူစာရင်းမှာတော့ အမြဲတမ်းတွေ့မြင်နေရတဲ့ ကစားသမားတစ်ဦးလည်း ဖြစ်ပါတယ်။ သူဟာ ၂၀၁၅-၁၆ ရာသီက ဆောက်သမ်တန်အသင်းကို ဗန်ဒစ်၊ ဂျောဒီကလာဆေးတို့နဲ့အတူ ပြောင်းရွှေ့ရောက်ရှိခဲ့သူလည်းဖြစ်ပါတယ်။ သူဟာ ဆောက်သမ်တန်အသင်းကို စတင်ပြောင်းရွှေ့ခဲ့ပြီး နောက်ပိုင်းမှာတော့ မန်နေဂျာကလိုဒီပူးလ်ရဲ့ကစားကွက်နဲ့အတူ တစ်သားတည်းရှိနေခဲ့ပြီး ပုံမှန်ပွဲထွက် ကစားခွင့် ရရှိထားခဲ့သူဖြစ်ပါတယ်။

ဘာစီလိုနာနဲ့ ချယ်လ်ဆီးအသင်းတို့မှာ ကစားခဲ့ဖူးတဲ့ ရိုမီယူကာ ဒီနှစ်ရာသီမှာတော့ မန်နေဂျာကလိုဒီပူးလ်ရဲ့လက်အောက်မှာ ပွဲတိုင်းပါဝင်ကစားခွင့် ရရှိထားခဲ့သလို အသင်းနဲ့အတူ ယူရိုပါလိဂ်မှာလည်းလေးပွဲပါဝင်ကစားခွင့် ရရှိထားခဲ့သူဖြစ်ပါတယ်။ ပြီးခဲ့တဲ့ နွေရာသီက ဆောက်သမ်တန်အသင်းဟာ ငွေကြေးအမြောက်အမြားအသုံးပြုပြီး ဒိန်းမတ်ကစားသမား ဟော့ဂျက်၊ ရက်မွန်၊ဘိုဖဲလ်တို့ကို ခေါ်ယူထားခဲ့ပေမယ့် ရိုမီယူကတော့ မန်နေဂျာကလိုဒီပူးလ်ရဲ့လက်အောက်မှာတော့ ပုံမှန်ပွဲထွက်ကစားခွင့် ရရှိနေပါသေးတယ်။ ရိုမီယူလိုကစားသမားမျိုးဟာ အသင်းတိုင်းက လိုအပ်တဲ့ကစားသမားမျိုးလည်းဖြစ်ပါတယ်။

မော်ဒန်ဘောလုံးလောကမှာက ဘောလုံးပိုင်ဆိုင်မှု အားကောင်းကောင်းနဲ့ကစားတဲ့နေရာမှာ ကွင်းလယ်ပိုင်းဟာ အဓိကကျတာမို့ ရိုမီယူရဲ့ အခန်းကဏ္ဍဟာ ပိုမိုအရေးပါလာခဲ့ပါတယ်။ အသက် ၂၅ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ရိုမီယူဟာ အသင်းအတွက်တော့ ကွင်းလယ်ခံစစ်မှူးတစ်ဦးဖြစ်တာကြောင့် ပြိုင်ဘက်အသင်းရဲ့ တိုက်စစ်ထိုးဖောက်မှုတွေကို ကာကွယ်ရာမှာတော့ အဓိကကျတဲ့ကစားသမားအဖြစ် ရှိနေခဲ့ပါတယ်။ ဒီနှစ်ရာသီမှာတော့ မန်နေဂျာ ကလိုဒီပူးလ်ဟာ ၄-၃-၁-၂ ကစားကွက်ကို အသုံးပြုတာကြောင့် ရိုမီယူရဲ့အရေးပါမှုဟာ ပိုမိုကျယ်ပြန့်ခဲ့တယ်လို့ပြောရမှာပါ။

ဒါကြောင့်လည်း ဆောက်သမ်တန်အသင်းရဲ့ ကွင်းလယ်နဲ့ခံစစ်ပိုင်းမှာတော့ ရိုမီယူဟာ အဓိကကျတဲ့ကစားသမားအဖြစ် ရှိနေခဲ့ပါတယ်။ ယခုနှစ်ရာသီ ပရီမီယာလိဂ်မှာတော့ ကွင်းလယ်ခံစစ်ကစားသမားတွေထဲမှာတော့ လက်စတာအသင်းကစားသမား ဒရင့်ဝါးတားပြီးရင် ဘောလုံးပိုင်ဆိုင်မှု အားအကောင်းဆုံးကစားသမားဟာ ရိုမီယူဖြစ်ပါတယ်။ ဒါ့အပြင် သူ့ရဲ့ခြေစွမ်းပိုင်းကိုကြည့်မယ်ဆိုရင်လည်း ဗန်ဒစ်၊ ချာလီအော်စတင်တို့ ပြီးရင် ဆောက်သမ်တန်အသင်းရဲ့ အကောင်းဆုံးကစားသမားအဖြစ်ရှိနေပါတယ်။ ဒါကြောင့် ဒီနှစ်ရာသီမှာ မန်နေဂျာကလိုဒီပူးလ်ရဲ့ဆောက်သမ်တန်အသင်းအောင်မြင်မှုဟာ ရိုမီယူရဲ့ ခြေစွမ်းတွေပေါ်မှာလည်း များစွာမှုတည်နေတယ်လို့ဆိုရမှာပါ။

ဒီနှစ်ရာသီမှာ ဆောက်သမ်တန်အသင်းဟာ ပရီမီယာလိဂ်အမှတ်ပေးဇယားရဲ့အဆင့် ၁၂ မှာရှိနေပေမယ့် သူ့ရဲ့ပေးဂိုးအနေနဲ့ ၁၅ ဂိုးသာရှိပြီး ချယ်လ်ဆီး၊ အာဆင်နယ်၊ စပါးတို့ပြီးရင် ပေးဂိုးအနည်းဆုံးအသင်းအဖြစ် ရပ်တည်နေတာလည်းဖြစ်ပါတယ်။ ဒီနှစ် ရာသီမှာ ရိုမီယူရဲ့ဘောလုံးဖြတ်ထုတ်နိုင်မှုနဲ့ လုယူနိုင်မှုဟာ ၇၅ ကြိမ်ရှိခဲ့ပြီး လက်ရှိပရီမီယာလိဂ်ကစားသမားတွေထဲမှာတော့ အဲဗာတန်ကွင်းလယ် ခံစစ်မှူးအစ်ဒရီဆာဂိုက် (၈၄ကြိမ်)၊ ချယ်လ်ဆီးကွင်းလယ်ခံစစ်မှူးကန်တီ (၇၇ကြိမ်) ပြီးရင်တော့ တတိယ ဘောလုံး လုယူဖြတ်ထုတ်နိုင်ဆုံးကစားသမားလို့ ပြောရမှာပါ။ ဒါကြောင့်လည်းသူ့ရဲ့အခန်းကဏ္ဍဟာ ဆောက်သမ်တန်အသင်းရဲ့ နောက်တန်းခံစစ်ပိုင်းအတွက်တော့ အဓိကအရေးပါသူလို့ပြောနိုင်ပါတယ်။

ရိုမီယူကစားရတဲ့နေရာဟာ အသင်းရဲ့ အဓိကဘောလုံးဖြန့်ဝေမှုပိုင်းကို အကောင်းဆုံးလုပ်ဆောင်နိုင်တဲ့နေရာဖြစ်သလို သူကိုယ်တိုင်ကလည်း အသင်းအတွက် အကောင်းဆုံး စွမ်းဆောင်ပေးထားနိုင်သူ ဖြစ်ပါတယ်။ ရိုမီယူဟာ ချာလီအော်စတင်၊ ဗန်ဒစ်တို့လို လူသတိထားမိလောက်တဲ့ကစားသမားတစ်ဦးမဟုတ်ပေမယ့် သူ့ရဲ့လက်ရှိ ခြေစွမ်းတွေကတော့အသင်းအတွက် အဓိကကျတဲ့ကစားသမားတစ်ဦးအဖြစ် ရှိနေတယ်ဆိုတာကတော့ သံသယဝင်စရာတောင်မလိုပါဘူး။

ဒါကြောင့်လည်း ဒီနှစ်ရာသီမှာ ထင်သလောက်ရလဒ်တွေမကောင်းသေးတဲ့ ဆောက်သမ်တန်အသင်းအတွက်တော့ ကွင်းလယ်ခံစစ်မှူး ရိုမီယူဟာ အဓိကကျတဲ့ကစားသမားတစ်ဦးအဖြစ် ရှိနေတယ်ဆိုတာကတော့ အမှန်ပါပဲ။ ဒါကြောင့် အောင်မြင်မှုတွေနဲ့ တိုက်ရိုက်သက်ဆိုင်နေတဲ့ ရိုမီယူရဲ့ ခြေစွမ်း ဆက်လက်စောင့်ကြည့်ရဦးမှာ ဖြစ်ပါတယ်။

## ယခုနှစ်ရာသီတွင် အာဆင်နယ်အသင်း ပရီမီယာလိဂ်ချန်ပီယံ မဖြစ်နိုင်ဟု အီရန်ရိုက် သုံးသပ်

အာဆင်နယ်အသင်းသည် ယခုနှစ် ပရီမီယာလိဂ်ပြိုင်ပွဲတွင် ချန်ပီယံဆုရရှိရန် အလားအလာများသည့် အသင်းများအနက်မှ တစ်သင်းဟု ယူဆခြင်းမရှိကြောင်း အာဆင်နယ်တိုက်စစ်မှူးဟောင်း အီရန်ရိုက်က မှတ်ချက်ပြုပြောဆိုလိုက်သည်။



၂၀၁၆-၁၇ ခုနှစ် ပရီမီယာလိဂ် ပွဲစဉ် ၁၄ ကစားပြီးချိန်တွင် အာဆင်နယ်အသင်းသည် ရမှတ် ၃၁ မှတ်ဖြင့် ဒုတိယနေရာတွင် ရပ်တည်နေပြီး အမှတ်ပေးဇယား ထိပ်ဆုံးမှ ချယ်လ်ဆီးအသင်းထက် ရမှတ် သုံးမှတ်သာလျော့နည်းနေသည့်အသင်းဖြစ်သည်။ သို့သော်လည်း အင်္ဂလန်တိုက်စစ်မှူးဟောင်း အီရန်ရိုက်(၅၃နှစ်)က အာဆင်နယ်၏ လန်ဒန်မြို့ခံပြိုင်ဘက် ချယ်လ်ဆီးအသင်းသည် ယခုနှစ် ပရီမီယာလိဂ်ပြိုင်ပွဲတွင် ချန်ပီယံဖြစ်ရန် အလားအလာကောင်းသည့် အသင်းဖြစ်သည်ဟု ယူဆထားကြောင်း ပြောဆိုခဲ့သည်။

အာဆင်နယ်အသင်းအနေဖြင့် ယခုနှစ် ပရီမီယာလိဂ်ပြိုင်ပွဲ၌ ချန်ပီယံဖြစ်နိုင်မည်လားဟု မေးမြန်းမှုကို အီရန်ရိုက်က "ကျွန်တော်ကတော့ အဲဒီလိုမထင်ဘူး။ အထူးသဖြင့် ချယ်လ်ဆီးအသင်းဘယ်လို ကစားတယ်ဆိုတာကို မြင်တွေ့ပြီးနောက်ပိုင်းမှာပေါ့။ ချယ်လ်ဆီးက လက်ရှိအချိန်မှာ အရှိန်အဟုန် ကောင်းကောင်းနဲ့ကစားနေတယ်။ အာဆင်နယ်အသင်း နောက်ဆုံးကစားခဲ့တဲ့ အမှတ်ပေးပွဲသုံးလေးပွဲကို ကြည့်ရှုပြီးတဲ့နောက်မှာအာဆင်နယ်အနေနဲ့ အခုနှစ်ပရီမီယာလိဂ်ချန်ပီယံ ဖြစ်နိုင်တယ်လို့ ကျွန်တော် ထင်မြင်မိခြင်းမရှိဘူး" ဟု ဖြေဆိုသွားသည်။

၁၉၉၁ ခုနှစ်မှ ၁၉၉၈ ခုနှစ်အထိ အာဆင်နယ်အသင်းတွင် ပါဝင်ကစားခဲ့ပြီး စုစုပေါင်း ၁၈၅ ဂိုး သွင်းယူပေးနိုင်ခဲ့ကာ ကလပ်သမိုင်းတစ်လျှောက် ဒုတိယမြောက် ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် ရပ်တည်နေသူ တိုက်စစ်မှူးဟောင်း အီရန်ရိုက်သည် အာဆင်နယ်နှင့်အတူ ပရီမီယာလိဂ်၊ ချန်ပီယံလိဂ်ဆုဖလားတစ်ကြိမ် အပါအဝင် ဆုဖလား ငါးလုံး ရယူထားသူ ဖြစ်သည်။

## ဝီလ်ရှီးယားအနေဖြင့် အာဆင်နယ်သို့ မပြန်သင့်ဟု ကာရာဂါ မှတ်ချက်ပြု

အင်္ဂလန်ကွင်းလယ်ကစားသမား ဂျက်ဝီလ်ရှီးယားအနေဖြင့် အာဆင်နယ်အသင်းသို့ ပြန်လည်မပြောင်းရွှေ့သင့်ကြောင်း Sky Sports ရုပ်သံတွင် ဘောလုံးရေးရာ ကျွမ်းကျင်သူအဖြစ် လုပ်ကိုင်နေသူ ကာရာဂါက ပြောဆိုလိုက်ပြီး အာဆင်နယ်သို့ ပြန်လည်ပြောင်းရွှေ့မည်ဆိုပါက ဝီလ်ရှီးယားအတွက် မှားယွင်းသည့် လမ်းကြောင်း ရွေးချယ်မှုဖြစ်လာလိမ့်မည် ဖြစ်ကြောင်း သတိပေး ပြောဆိုလိုက်သည်။



အသက် ၂၄ နှစ်အရွယ်ရှိ ဝီလ်ရှီးယားသည် ပြီးခဲ့သည့် ဩဂုတ် ၃၁ ရက်တွင် အာဆင်နယ်မှ ပရီမီယာလိဂ်ပြိုင်ဘက် ဘုန်းမောက်အသင်းသို့ တစ်ရာသီ အငှားစာချုပ်ဖြင့် ပြောင်းရွှေ့ခဲ့သူဖြစ်သည်။ ကွင်းလယ်ကစားသမား ဝီလ်ရှီးယားသည် ဒဏ်ရာပြဿနာများ မကြာခဏ ကြုံတွေ့ရ လေ့ရှိသူဖြစ်ခြင်းကြောင့် အာဆင်နယ်အသင်းမန်နေဂျာ အာဆင်ဝင်းဂါးက ဝီလ်ရှီးယားအား အငှားချထားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ် သည်။

လီဗာပူးအသင်းတွင် ၁၉၉၆ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ ပါဝင်ကစားခဲ့သူ အင်္ဂလန်ခံစစ်မှူးဟောင်း ကာရာဂါက "ဝီလ်ရှီးယားဟာပွဲတွေမှာ ပါဝင်ကစားဖို့ ဆန္ဒရှိသူတစ်ဦး ဖြစ်ပါတယ်။ အာဆင်နယ်အသင်းမှာတော့ ပွဲကစားခွင့်ရရှိရေးအတွက် ပြိုင်ဆိုင်ရမှု ပြင်းထန်တာကြောင့် သူ့အနေနဲ့ အာဆင်နယ်မှာ သီတင်းပတ်တိုင်း ကစားခွင့်ရဖို့ မသေချာဘူး။ ဝီလ်ရှီးယားအနေနဲ့ သူ့ရဲ့အနာဂတ်နဲ့ ပတ်သက်ပြီး အလေးအနက်ဆုံးဖြတ်ရမှာပါ။ ကျွန်တော်သာ ဝီလ်ရှီးယားရဲ့နေရာမှာ ဆိုရင်တော့ အာဆင်နယ်အသင်းကို ပြန်သွားမှာမဟုတ်ပါဘူး။ အာဆင်နယ်ဟာ သူ့အတွက် သင့်တော်တဲ့ အသင်းလို့ ကျွန်တော်မမြင်ဘူး။ ဘုန်းမောက်အသင်းမှာ ဝီလ်ရှီးယား ကစားနေတဲ့နေရာမျိုးမှာ အိုဇေးလ်က အာဆင်နယ်အသင်းအတွက် ခြေစွမ်းပြကစားနေသူဖြစ်တယ်။ ဒါကြောင့် ဝီလ်ရှီးယားအနေနဲ့ အာဆင်နယ်မှာ နေရာမရနိုင်ဘူး" ဟု ပြောဆိုခဲ့သည်။

## အင်တာမီလန်အသင်းနည်းပြအဖြစ် တာဝန်ယူဖြစ်လိမ့်မည်ဟု သားဖြစ်သူ ပြောဆိုခဲ့ခြင်းသည် ပြဿနာမဟုတ်ဟု ဒီယေဂိုဆီမွန်နီ ပြောဆို

စပိန်ကလပ် အက်သလက်တီကို အသင်းနည်းပြ ဒီယေဂိုဆီမွန်နီက မိမိသည် အနာဂတ်တွင် အင်တာမီလန် အသင်းနည်းပြအဖြစ် တာဝန်ယူဖြစ်လိမ့်မည်ဟု သားဖြစ်သူ ဂျီယိုဗန်နီဆီမွန်နီက ထုတ်ဖော်ပြောဆိုခဲ့ခြင်းသည် ပြဿနာတစ်ခုမဟုတ်ကြောင်း၊ အဘယ့်ကြောင့်ဆိုသော် မိမိကိုယ်တိုင်က အင်တာမီလန် အသင်းနည်းပြအဖြစ် တစ်ချိန်ချိန်တွင် တာဝန်ယူရန် ဆုံးဖြတ်ထားသည်ဟု မကြာခဏ ဖွင့်ဟ ပြောဆိုခဲ့ခြင်းကြောင့်ဖြစ်ကြောင်း ထုတ်ဖော် ပြောဆိုလိုက်သည်။



နည်းပြ ဒီယေဂိုဆီမွန်နီ၏ သားဖြစ်သူ ဂျီနိုအာအသင်း တိုက်စစ်မှူး ဂျီယိုဗန်နီဆီမွန်နီ (၂၁နှစ်)က "ကျွန် တော့်ရဲ့ ဆီမွန်နီဟာ အနာဂတ်မှာ အင်တာမီလန်အသင်း နည်းပြအဖြစ် စာချုပ်ချုပ်ဆိုဖြစ်ပါလိမ့်မယ်။ ကျွန်တော်ကတော့ အဲဒီလိုပဲ မျှော်လင့်မိတယ်။ သူဟာ လက်ရှိအချိန်မှာ အက်သလက်တီကိုအသင်းနည်းပြအဖြစ် တာဝန်ယူရတာကို ပျော်ရွှင်နေပေမယ့် အနာဂတ်မှာတော့ အင်တာမီလန်အသင်းနည်းပြဖြစ်လာပါလိမ့်မယ်"ဟု မကြာသေးမီ ရက်ပိုင်းအတွင်းက ပြောဆိုခဲ့ခြင်း ဖြစ်သည်။

ထိုသို့ ပြောဆိုမှုနှင့်ပတ်သက်၍ နည်းပြ ဆီမွန်နီ (၄၆နှစ်)က ဘိုင်ယန်မြူးနစ် နှင့် ကစားခဲ့သည့် ချန်ပီယံလိဂ် အဝေးကွင်းပွဲမတိုင်မီ ပြုလုပ်ခဲ့သော သတင်းစာရှင်းလင်းပွဲ၌ "ကျွန်တော်ဟာ အနာဂတ်မှာ အင်တာမီလန်အသင်း နည်းပြအဖြစ် တာဝန်ယူဖြစ်လိမ့်မယ်လို့ ကျွန်တော့်သား၊ ကျွန်တော့်ဖခင်၊ ကျွန်တော့် ညီမ၊ ကျွန်တော့်ဇနီးတို့ ဖွင့်ဟပြောဆိုခြင်းဟာ သာမန်ဖြစ်ရပ်သာဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်ဟာ တစ်နေ့နေ့မှာ အင်တာမီလန်အသင်းနည်းပြအဖြစ် တာဝန်ယူဖြစ်လိမ့်မယ်ဆိုတာကို သူတို့ သိရှိနေတာကြောင့်ဖြစ်ပါတယ်"ဟု ပြောဆိုခဲ့သည်။

ထက်အောင်

## (၃-၁၂-၂၀၁၆) ပြန်လည်ရောက်ရှိ ခရီးသည်များမှ ခင်နန္ဒာ သို့ ပို့သမေတ္တာ မုဒိတာများ

- ထင်မြင်ထားတာနှင့်ပို၍ အဆင်ပြေပါသည်။ ဦးဇာနေယျ (ငါးသိုင်းချောင်း ၀၉-၂၆၂၅၂၆၈၈၃)
- စေတနာပါကြပါသည်။ ဒေါ်ငွေလိုင် (ဝါးခယ်မ ၀၉-၂၅၀၃၁၆၆၆၁)
- ခင်နန္ဒာခရီးသွားလုပ်ငန်း အမြဲတည်တံ့ပါစေ။ ဒေါ်လှညွန့် (သန်လျှင် ၀၅၆-၂၁၈၉၆)
- ဝန်ဆောင်မှုအပြည့်ရှိပါသည်။ ဒေါ်မော်မော်ဦး (တောင်ငူ ၀၅၄-၂၄၃၃၆)
- ကောင်းမွန်သောခရီးစဉ်လေးဖြစ်ပါသည်။ မခင်ဆွေလင်း (ထန်းတပင် ၀၉-၄၂၈၀၃၈၀၈၃)
- စနစ်ကျပါသည်။ ဒေါ်ခင်ဝင်းကြည် (သုဝဏ္ဏ ၀၁-၂၂၂၅၂၆)
- ဇော်မင်းထွေး ၊ ပပ နှင့်အဖွဲ့ အထူးတာဝန်ကျေကြပါသည်။ ကိုမျိုးမင်းအောင် (ပဲခူး ၀၉-၄၂၀၂၀၄၆၆၀)
 ဒေါ်သန်းမြ (ဒဂုံ/အရှေ့ ၀၉-၅၁၆၇၅၆၅)
 ဒေါ်သန်းလှ (လှိုင်သာယာ ၀၉-၇၉၈၀၃၅၆၃၂)
- စိတ်ချမ်းသာပါသည်။ ဦးစိန်အောင် (ဒိုက်ဦး ၀၉-၂၅၃၀၂၃၈၃၇)
- ကောင်းသထက်ကောင်းအောင်စွမ်းဆောင်ပေးပါ။ ဦးဝင်းကြည် (ဇီးကုန်း ၀၅၁-၃၄၄၄၇)
- ဝန်ဆောင်မှုအထူးကောင်းမွန်ပါသည်။ ဒေါ်အေးသိန်း (မင်းကင်း ၀၉-၂၆၅၆၃၄၉၃၈)
- မုဒ္ဓဂုဏ်တန်ခိုးဖြင့်ချမ်းသာပါစေ။ ဦးတိက္ခဉာဏ (ညောင်လေးပင် ၀၉-၇၉၄၄၅၃၀၂၂)
- ကိုယ်ကျန်းမာ ၊ စိတ်ချမ်းသာစွာဖြင့် အားရအောင်ဖူးမျှော်ရပါသည်။ ဒေါက်တာသက်သက်တင် (သဃ်န်းကျွန်း ၀၉-၅၁၆၆၁၃၉)
- မောင်အာကာသည် လမ်းစဉ်တလျှောက်မှာ ဂရုစိုက်ပြီး အားကိုးရတဲ့ ခေါင်းဆောင်ဖြစ်ပါသည်။ ဒေါ်စိန်အေး (ဘားအံ ၀၉-၇၉၃၆၂၉၂၁၀)
- ဝန်ဆောင်မှုကျေနပ်နှစ်သက်ပါသည်ရှင့်။ ဒေါ်ခင်စန်း (ငါးသိုင်းချောင်း ၀၉-၄၂၁၁၃၃၄၀၄)
- အရာရာပြည့်စုံပါသည်။ ဦးဉာဏ်လင်း (ရန်ကင်း ၀၉-၅၁၆၆၁၃၉)
- ယခုထက်ကောင်းလျှင် ထို့ထက်ကောင်းမည်။ ဦးဝင်းထိန် (မ/ဥက္ကလာ ၀၁-၉၆၉၉၈၇၆)
- ကျေးဇူးအထူးတင်ပါသည်။စန်းယုမော် (လှိုင် ၀၉-၅၁၆၆၁၂၃၉)
- ရှိသေဂရုစိုက်သူဖြစ်ပါသည်။ ဒေါ်နန်းနု (မိုင်းကိုင် ၀၉-၇၉၃၆၂၉၂၁၀)
- ခရီးသွားဝန်ဆောင်မှု ကောင်းမွန်ပါသည်။ ဦးမောင်လှဖြူ (အရှေ့/ဒဂုံ ၀၉-၃၀၂၁၁၀၃၁)
 ဦးစိုးဝင်း (ကမာရွတ် ၀၉-၇၃၀၇၆၃၆၇)
- စေတနာ အနစ်နာခံကာ ပြည့်စုံကောင်းမွန်စွာ ဆောင်ရွက်ပေးနိုင်သောသူ။ မယမင်းမြတ် (အမရပူရ ၀၉-၄၀၂၆၇၂၅၇၅)

**အမည်မှန်**

ကျိုက်မရောမြို့နယ်၊ ကျုံဝမ်းကျေးရွာအုပ်စု၊ ကျုံမနင်းရပ်ကွက်နေ ဦးသန်းဦး ၁၀/ကမရ(နိုင်)၀၅၈၈၉၈ နှင့် ဒေါ်ခင်စိုး ၁၄/ရကန(နိုင်)၀၁၉၈၃၉ တို့၏သမီး မဝင်းဝင်းထက်၏ အမည်မှန်မှာ မရွှေယမင်းဦး ဖြစ်ပါကြောင်း။

မရွှေယမင်းဦး

**ဖခင်အမည်မှန်**

ပျော်ဘွယ်မြို့နယ်၊ ရှမ်းစုကျေးရွာ (အလက) တတိယတန်းမှ မခင်သက်မွန်၏ ဖခင်အမည်မှန်မှာ ဦးသိန်းနိုင် ၉/ပဘန(နိုင်)၁၅၆၇၄၁ ဖြစ်ပါကြောင်း။

ဦးသိန်းနိုင်

## ၁၉၇၈ခုနှစ် ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်၊ ဘူမိဗေဒကျောင်းသားဟောင်းများ၏ (၂၀)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ပြန်လည်တွေ့ဆုံပွဲဖိတ်ကြားခြင်း

အာစရိယပူဇော်ပွဲနှင့် ကျောင်းသားဟောင်းများ တွေ့ဆုံပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ သူငယ်ချင်းများအားလုံး မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**နေ့ရက်** - ၇-၁-၂၀၁၇ ရက် (စနေနေ့)
**အချိန်** - ညနေ ၅ နာရီ
**နေရာ** - JASMINE PALACE HOTEL အမှတ် ၃၄၁၊ ပြည်လမ်း(ဟံသာဝတီအဝိုင်းအနီး)၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့

ဦးမြထူး၊ ဦးကျော်ထူး ဖုန်း-၀၁-၈၆၀၃၂၁၁၊ ဦးအေးကိုကို ဖုန်း-၀၉-၄၂၁၁၁၉၉၉၀၊ ဦးတင်အောင်မြင့် ဖုန်း-၀၉-၄၃၀၈၃၉၂၂၊ ဦးအောင်မြင့်ကျော် ဖုန်း-၀၉-၂၅၀၂၃၀၅၅၈၊ ဦးမြင့်ဖုန်း ဖုန်း-၀၉-၂၅၄၁၁၂၅၈၃၊ ဦးဟံငြိမ်း ဖုန်း-၀၉-၂၅၈၅၈၇၃၇၇၊ ဦးမင်းအောင် ဖုန်း-၀၉-၅၀၅၅၅၅၂၊ ဒေါက်တာလှငွေး ဖုန်း-၀၉-၅၀၉၂၆၁၆၊ ဦးဦးဘစံ ဖုန်း-၀၉-၅၁၀၃၈၀၆၊ ဦးတင်ဦး ဖုန်း-၀၉-၂၅၄၁၇၈၈၈၇၊ ဦးလောရင့်သာထွန်း ဖုန်း-၀၉-၅၀၀၁၅၅၇၊ ဦးဇေယျ ဖုန်း-၀၉-၄၃၁၅၈၂၀၉၊ ဦးအောင်မြ ဖုန်း-၀၉-၄၂၀၀၅၉၇၉၊ ဦးဇေမျိုးလှိုင် ဖုန်း-၀၉-၅၁၃၄၄၆၄၊ ဦးအောင်ကြိုင် ဖုန်း-၀၉-၅၀၀၂၉၇၄၊ ဦးသောင်းလွင် ဖုန်း-၀၉-၈၆၅၁၀၉၃၊ ဦးစည်အောင် ဖုန်း-၀၉-၅၀၁၉၁၄၀၊ ဦးခင်ထွေး ဖုန်း-၀၉-၇၈၂၅၁၆၉၇၂

(ပညာရည်ချွန်ဆုချီးမြှင့်ရန်အတွက် ၂၀၁၆ခုနှစ် ၁၀တန်းအောင် သားသမီးများ အမည်ပေးပို့ပါ။)

## ပွဲတော်အုပ်ဆန်ဆိုင်

ဖျာပုံဆန်နူးနူးအီအီလေး-အရောက်ပို့ ၄၀၀၀၀ကျပ်နော်
(အဟောင်းစစ်စစ်ပါ)
☎:01512443, 0973017656, 095055574,

## "အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်း"

FAMOUS Traveller EXPRESS




၂၀၁၆ ခုနှစ် ၊ ဒီဇင်ဘာလ(၆) ရက်နေ့တွင် **Famous Traveller International Co.,Ltd.** ၏ **Famous Traveller Express** ယာဉ်လိုင်း ဖွင့်လှစ်နိုင်ခြင်းအတွက် အထူးပင် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် လုပ်ငန်းများ တိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

Taw Win Garden Hotel
အုပ်ချုပ်ရေးအဖွဲ့

intexpo MYANMAR
AN EXHIBITION OF INDIAN TEXTILES

## EXCLUSIVE INDIAN TEXTILE EXHIBITION

## အိန္ဒိယချည်မျှင်နှင့်အထည်ပြပွဲ



**နေရာ** - Park Royal Hotel (ရတနာခန်းမ)၊ အလံပြဘုရားလမ်း၊ ရန်ကုန်မြို့
**နေ့ရက်** - ၁၁.၁၂.၂၀၁၆ မှ ၁၂.၁၂.၂၀၁၆
**အချိန်** - နံနက် ( ၉း၃၀ )နာရီ မှ ညနေ (၅း၃၀)နာရီ

ဝင်ကြေးအခမဲ့



- ပိုလီယက်စတာအထည်
- ချည်ထည်
- နိုင်လွန်
- ချည်တွဲပိုလီယက်စတာအထည်
- ဗီကိုပိုလီအထည်
- သိုးမွှေးပိုလီအထည်
- ပီဗီဝတ်စုံနှင့် ပီစီရှပ်ထည်
- လီနင်ဝတ်စုံနှင့် လီနင်ရှပ်ထည်
- လက်ပန်းထိုးအထည်
- ပုံနှိပ်ထည်
- ဂျာကွာထည်
- ကြေးထည်
- အမျိုးသမီးဝတ်စုံပစ္စည်း
- ချည်မျှင်
- ပိုလီ/ဗီကိုနှင့် အခြားတွဲချည်မျှင်များ

srtepc THE SYNTHETIC & RAYON TEXTILES EXPORT PROMOTION COUNCIL, INDIA

# ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၅၁)လမ်းနေ
ဦးဖေကြိုင်(ဒုတိယညွှန်ကြားရေးမှူး၊ အကောက်ခွန်ဦးစီးဌာန)-ဒေါ်ကြူကြူဆိုင် တို့၏သားကြီး၊
မောင်သီဟဆိုင်၊ မောင်ကြိုင်သူဟိန်း တို့၏အစ်ကို

## ဒေါက်တာကြိုင်သွင်မင်း

**M.B.,B.S(Ygn)**

**လက်ထောက်ဆရာဝန်၊ ဗဟိုအမျိုးသမီးဆေးရုံကြီး၊ ရန်ကုန်**

**နှင့်**

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေပုလ္လအိမ်ရာ(၂)နေ
ဒေါက်တာကျော်ဦး(လူမှုရေးဝန်ကြီး၊ ငြိမ်း)-ဒေါ်ခိုင်ခိုင်ထွန်း တို့၏သမီးလတ်၊
ဒေါက်တာဇေရီဦး၏ ညီမ၊ မကောင်းမွန်ဦး၊ မောင်ဇင်မိုးယံတို့၏အစ်မ

## ဒေါက်တာအိမ့်အိမ့်ဖူး

**M.B.,B.S(Ygn)**

**Medical officer၊ Yangon Aerodrome Co.,Ltd.၊ Yangon International Airport**

တို့၏ ၂၀-၁၁-၂၀၁၆ရက် (တနင်္ဂနွေနေ့)တွင် တောင်ငူမြို့၊ ရွှေနှင်းဆီဓမ္မဗိမာန်၌ကျင်းပသော မင်္ဂလာဦးဆွမ်းကျွေးပွဲအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ၂၇-၁၁-၂၀၁၆ရက် (တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့ Chatrium Hotel (Grand Ballroom)၌ကျင်းပသော စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာဧည့်ခံပွဲအခမ်းအနား၌ ရေစင်သွန်းလက်ထပ်မင်္ဂလာပြုပေးပါသော သီရိပုံချီ ဦးဉာဏ်ဝင်းနှင့် ဒေါ်မြင့်မြင့်စိုးအားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးဆင်မြန်းပေးပါသော သီရိပုံချီ ဦးအောင်မင်းနှင့်ဇနီး ဒေါက်တာဝေဝေသောအားလည်းကောင်း၊ မင်္ဂလာလက်ထပ် လက်စွပ်ဆင်မြန်းပေးပါသော အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင်နှင့်ဇနီးအားလည်းကောင်း၊ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးပါသော ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးဇော်သိန်းနှင့်ဇနီး ဒေါ်ရွှေဝါတင်အုံး၊ CB ဘဏ်ဥက္ကဋ္ဌ ဦးခင်မောင်အေးနှင့်ဇနီး ဒေါ်ဝင့်ရည်တို့အားလည်းကောင်း၊ စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများနှင့် ဇနီးများအားလည်းကောင်း၊ ပါမောက္ခဆရာဝန်ကြီးများ၊ သွားဘက်ဆိုင်ရာ ဆရာဝန်ကြီးများနှင့် ဇနီးများအားလည်းကောင်း၊ ဝန်ကြီး(ငြိမ်း)များနှင့် ဇနီးများအားလည်းကောင်း၊ နှစ်ဖက်မိဘ ဆွေမျိုးမိတ်ဆွေများအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ မလာရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များပေးပို့ချီးမြှင့်ကြပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးမောင်မောင်သန်း၊ မင်္ဂလာအခါတော်တေး သီဆိုပေးပါသော ဒေါ်ခိုင်ဝါ၊ မင်္ဂလာပန်းကြဲပေးပါသော သမီးလေး အိမ့်သီရိသော်၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ကိုင်ဆောင်ပေးပါသော ဒေါက်တာဇေရီဦး၊ မင်္ဂလာအောင်လက်ထပ်လက်စွပ်ကလပ်ကိုင်ဆောင်ပေးပါသော ဒေါက်တာချိုဇင်ဝင်းသူ၊ မင်္ဂလာသတို့သားအရံ မောင်သီဟဆိုင်၊ မောင်ကြိုင်သူဟိန်း၊ မင်္ဂလာသတို့သမီးအရံ ဒေါက်တာငုဝါထွန်း၊ ဒေါက်တာအိမ့်မိုကို၊ မင်္ဂလာဝတ်စုံဖန်တီးပေးပါသော Designer အောင်မြတ်သူနှင့်အဖွဲ့အားလည်းကောင်း၊ မိတ်ကပ်၊ ဆံပင်အလှ၊ မင်္ဂလာလက်ဝတ်ရတနာများ၊ ပန်းအလှ၊ ဓာတ်ပုံနှင့် ဗီဒီယိုများအား မေတ္တာစေတနာထား၍ စီစဉ်ဆောင်ရွက်ပေးပါသော Aroma Zulu Studio၊ Wedding dress & photo, video အဖွဲ့သားများအားလည်းကောင်း၊ ညနေပိုင်း Vintage Luxury Yacht Hotel ၌ကျင်းပသော မင်္ဂလာညစာစားပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဆွေမျိုးမိတ်ဆွေ၊ သူငယ်ချင်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားအစီအစဉ်များ အစစအရာရာအဆင်ပြေချောမွေ့အောင် ဝိုင်းဝန်းကူညီပေးခဲ့ကြပါသော နှစ်ဖက်သောဆွေမျိုးများ၊ သူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးအား လှိုက်လှဲစွာကျေးဇူးဥပကာရအထူးတင်ရှိပါသည်။

**နှစ်ဖက်သောမိဘများနှင့် ဒေါက်တာကြိုင်သွင်မင်း-ဒေါက်တာအိမ့်အိမ့်ဖူး**

# ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဗိုလ်မှူးကြီးညိုသိန်း(ငြိမ်း)နှင့်ဇနီး ဒေါ်စိန်ရင် တို့၏သားငယ်

## Capt. အေးမြ

**B.Sc.(Physics), Master Mariner(F.G)**

**နှင့်**

ဖြူးမြို့နေ (ဦးထွန်းဝင်း-ဒေါ်စန်းတင့်)တို့၏ သမီးငယ်

## Dr. အိချောထွန်း

**B.C.Sc(Hons:), M.C.Sc.(Credit), Ph.D.(IT)**

**တွဲဖက်ပါမောက္ခ(သတင်းအချက်အလက် နည်းပညာတက္ကသိုလ်၊ ရန်ကုန်)**

တို့၏ ၄-၁၁-၂၀၁၆ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်ရုံး၌ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ် ဦးဟန်ထူးအားလည်းကောင်း၊ အသိသက်သေများအဖြစ် လက်မှတ်ရေးထိုးပေးပါသော ဒေါ်မိမိဝေ (ဒုတိယပြည်နယ်ဥပဒေအရာရှိ၊ မွန်ပြည်နယ်)နှင့် Dr. ကျော်ဇာဇာဖြူ(တွဲဖက်ပါမောက္ခ၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာသုတေသနဌာန)၊ ၂၆-၁၁-၂၀၁၆ ရက်တွင် NOVOTEL YANGON MAX HOTEL(Yangon Ballroom)၌ ကျင်းပပြုလုပ်သည့် ထိမ်းမြားမင်္ဂလာအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးဆင်မြန်းပေးပါသော ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ ပြည်ထောင်စုဝန်ကြီး(ငြိမ်း)၊ ယဉ်ကျေးမှုဝန်ကြီးဌာနနှင့်ဇနီး ပါမောက္ခ Dr. ခင်ဆွေမြင့်(ငြိမ်း)၊ ရန်ကုန်တက္ကသိုလ်၊ မြန်မာစာဌာနအားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ်ချီးမြှင့်ပေးပါသော ဦးအေးကြူ၊ ပြည်ထောင်စုဒုတိယဝန်ကြီး(ငြိမ်း)၊ ပညာရေးဝန်ကြီးဌာနနှင့်ဇနီး ဒေါ်စိန်စိန်ငွေအားလည်းကောင်း၊ လူကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ချီးမြှင့်ပေးပါသော ဦးဟင်နရီဗန်ထီးယူ၊ နိုင်ငံတော်ဒုတိယသမ္မတနှင့်ဇနီး ဒေါက်တာအဲန်နာရွှေလွှမ်းအားလည်းကောင်း၊ မင်္ဂလာပွဲသို့ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ စစ်တက္ကသိုလ်အမှတ်စဉ်(၈) ကျောင်းဆင်းဘက်များနှင့်မိသားစုများအားလည်းကောင်း၊ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်(ရန်ကုန်၊ မန္တလေး)နှင့် သတင်းအချက်အလက်နည်းပညာတက္ကသိုလ်တို့မှ ပါမောက္ခချုပ်များနှင့် ဆရာကြီး ဆရာမကြီးများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးပါသော ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်ပေး သီဆိုပေးပါသော ဒေါ်ချိုပြုံး၊ မင်္ဂလာတေးသံသာများဖြင့်သီဆိုဧည့်ခံပေးပါသော The ACES တေးဂီတဝိုင်း၊ မင်္ဂလာပန်းကြဲ မစုရည်ငြေး၊ မင်္ဂလာပန်းကုံးဗန်းကိုင် မမိုးသူဇာခိုင်၊ မင်္ဂလာလက်စွပ်ဗန်းကိုင် မလှယမင်းအိမ်၊ မင်္ဂလာသတို့သားအရံ Dr. အောင်ချမ်းမြေ့နှင့် Dr. ဝဏ္ဏ၊ မင်္ဂလာသတို့သမီးအရံ Dr. ဆုမွန်ကြည်နှင့် Dr.အေးမြတ်မြတ်ပိုင်၊ မိတ်ကပ်၊ ဆံပင်နှင့် အလှဖန်တီးဆင်မြန်းပေးပါသော မေဦးမောင်နှင့်အဖွဲ့၊ NOVOTEL YANGON MAX HOTEL ဝန်ထမ်းများ၊ Wedding Planner ဦးသန်းနိုင်(My Dream)နှင့်အဖွဲ့၊ မင်္ဂလာဖိတ်စာရိုက်နှိပ်ပေးပါသော Dagon ပုံနှိပ်တိုက်၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟအားလုံးနှင့် ကျေးဇူးတင်ထိုက်သည့်ပုဂ္ဂိုလ်များအားလည်းကောင်း လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘဆွေမျိုးများနှင့် Capt. အေးမြနှင့် Dr. အိချောထွန်း**

## အဝေးရောက် ဓာတုဗေဒဆရာဖြစ် သင်တန်း ပါမောက္ခ ဦးတင်ရွှေ (ဓာတု-မန္တလေး)

၉ တန်း၊ တက္ကသိုလ်ဝင်တန်း ဓာတုဗေဒပညာများကို အဝေးသင်စနစ်ဖြင့် Lecture Guide များ၊ Teaching Method များ၊ Instruction များပေးပို့၍ သင်ကြားနေပါသည်။ သင်တန်းကြေးကို ဘဏ်မှတစ်ဆင့် ပေးပို့ပြီးသူများထံသို့ စာစဉ်အထုပ်များကို ပြန်လည်ပေးပို့လျက်ရှိပါသည်။

ဘဝတစ်သက်တာအတွက် ဓာတုဗေဒပညာများကို အခြေခံကျကျ အဆင့်မြင့်မြင့် သင်ကြားနိုင်သော ဆရာတစ်ဦးဖြစ်လိုပါက ဆက်သွယ်ပါ။

**ဆက်သွယ်ရန် ဖုန်း-၀၉-၄၃၁၁၂၁၂၃**

## ရွှေကမ္ဘာ

**အိမ်ပြောင်း/ အိမ်ရွှေ့လုပ်ငန်း**

14' ကားများဖြင့် လုပ်သားအပါတာဝန်ယူ ဆောင်ရွက်ပေးသည်။(မြို့တွင်း/နယ်ဝေး)

Ph : 09-5097001
09-49259491
09-421177464

## ဖခင်အမည်မှန်

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ အမှတ်(၅)ရပ်ကွက်နေ မခင်စောဝင်း ၁၁/ရဗန(နိုင်)၀၈၀၀၈၈ ၏ ဖခင်အမည်မှန်မှာ ဦးထွန်းဝင်း ၁၁/ရဗန(နိုင်)၀၁၈၀၆၇ ဖြစ်ပါသည်။

## အမည်မှန်

ချင်းပြည်နယ်၊မင်းတပ်မြို့နယ်၊ ဖွေ့ရှိကျေးရွာနေ (ဘ) ဦးနိုင်းတိန် ၄/မတန(နိုင်)၀၀၆၄၆၃ ၏သမီး မမသဲ(ခ)မတင်သိန်း ၄/မတန(နိုင်)၀၃၄၇၈၆ ၏အမည်မှန်မှာ မတင်သိန်း ဖြစ်ပါကြောင်း။

**မတင်သိန်း**

## ဒဂုံမြို့သစ်

**အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ် တောင်ပိုင်း၊ မြောက်ပိုင်းများရှိ မြေကွက်များကို ဈေးကောင်းပေးဝယ်သည်။**

ဖုန်း-၀၉-၈၆၂၃၁၈၈
ဖုန်း-၀၉-၅၀၈၄၁၂၉

## အောင်ပြည့်စုံ

**အိမ်ပြောင်းအိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း**

မြို့တွင်း/နယ်ဝေးများအတွက် 10',14',16' Box ကားများဖြင့် အလုပ်သမားစီစဉ်ပေးသည်။

**09-421041338**
**09-73224763**
**09-250095114**



## ရွှေကျင်မြို့ မဟာပညာဗိမာန်စာသင်တိုက်ဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညာဝရ ရာပြည့်ပူဇော်ပွဲ၊ ရုပ်တုတော်ဖွင့်ပွဲနှင့် သာသနာ့အာဇာနည်အရှင်မြတ်တို့အား ဂုဏ်ပြုပူဇော်ပွဲ ဖိတ်ကြားစာ

ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့ မဟာပညာဗိမာန် စာသင်တိုက်ဆရာတော်ကြီး နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညာဝရ သက်တော်ရာပြည့်အထိမ်းအမှတ်ပူဇော်ပွဲ၊ ဆရာတော်ကြီး၏ ရုပ်တုတော်ဖွင့်ပွဲနှင့် သာသနာ့အာဇာနည် (၁၃)ပါးတို့အား ချီးကျူးဂုဏ်ပြုပူဇော်ပွဲကို ရွှေကျင်မြို့ မဟာပညာဗိမာန်ကျောင်းတိုက်၌ ၂၀၁၆ခုနှစ် ဒီဇင်ဘာ ၂၆ ရက် မှ ၂၈ ရက်အထိ ကျင်းပမည်ဖြစ်ပါ၍ တပည့် ဒါယကာ၊ ဒါယိကာမများ တက်ရောက်ကြည်ညိုနိုင်ပါရန်နှင့် အလှူငွေများကို အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်အပ်ပါသည်။

ဦးသိန်းလွင် ဖုန်း-၀၉-၄၅၈၀၀၀၃၈၄
ဦးမောင်ပုံ ဖုန်း-၀၉-၅၃၀၀၆၉၅
ဦးစိုးရည် ဖုန်း-၀၉-၄၂၈၁၄၅၁၅၅
ဦးမြင့်နိုင် ဖုန်း-၀၉-၅၀၈၃၆၃၂

**ဦးစီးကျင်းပရေးအဖွဲ့၊ ရွှေကျင်မြို့**

## မန္တလေးစက်မှုတက္ကသိုလ်/မန္တလေးနည်းပညာတက္ကသိုလ် (၁၉၉၁-၂၀၁၆) (၂၅)နှစ်ပြည့် ငွေရတုအခမ်းအနားဖိတ်ကြားခြင်း

မန္တလေးစက်မှုတက္ကသိုလ် (MIT/MTU) ကျောင်းတော်ကြီး၏ (၂၅)နှစ်ပြည့် ငွေရတု အထိမ်းအမှတ် အခမ်းအနားကို ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာ (၁၇-၁၈)ရက်များတွင် မန္တလေးနည်းပညာ တက္ကသိုလ်ကျောင်းဝင်းအတွင်း ခမ်းနားစွာကျင်းပပြုလုပ်မည်ဖြစ်ပါ၍ (MIT/MTU) ကျောင်းတော်ကြီးတွင် ပညာသင်ပေးခဲ့ကြသော ဆရာကြီး/ဆရာမကြီးများ၊ ပညာသင်ယူခဲ့ကြသော အင်ဂျင်နီယာ နှင့် ဗိသုကာ ကျောင်းသူ/ကျောင်းသားဟောင်းများ၊ ညနေပိုင်း ဒီပလိုမာ သင်တန်းသူ/သားများ၊ ယခုပညာသင်ကြားနေသော ကျောင်းသူ/ကျောင်းသားများ၊ ဝန်ထမ်းဟောင်း နှင့် ဝန်ထမ်းများ အားလုံး တက်ရောက်ပါဝင်ဆင်နွှဲကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**နေ့ရက် - ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ (၁၇-၁၈)ရက်**
**နေရာ - မန္တလေးစက်မှုတက္ကသိုလ် (ယခုနည်းပညာတက္ကသိုလ်)၊ ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းတောင်အနီး။**

**အသေးစိတ်ဆက်သွယ်ရန်**

| | | | | | |
|---|---|---|---|---|---|
| ကိုတင်ထွန်းအောင် | ၀၉-၇၉၆၈၀၃၂၇၀ | ကိုမိုးနိုင်ဦး | ၀၉-၂၀၁၅၆၉၄ | ကိုဥာဏ်ကျယ် | ၀၉-၄၃၁၀၃၇၃၃ |
| ကိုကျော်မင်း | ၀၉-၂၅၉၅၇၇၈၈၅ | မစုစုမာ | ၀၉-၄၄၄၀၂၃၀၂ | ကိုစိုင်းလှဝင်း | ၀၉-၄၂၁၃၇၁၀၆၃ |
| ကိုစိုင်းအုန်းကျော် | ၀၉-၉၇၃၂၃၆၆၈၈ | ကိုကျော်ဇင်ထွန်း(ကျီးကင်) | ၀၉-၂၅၀၅၃၂၀၀၆ | ကိုအောင်ခန့်ဇော် | ၀၉-၄၂၀၇၄၀၇၃၅ |
| ကိုကျော်သူရ(ရွှေငါး) | ၀၉-၅၀၉၇၂၄၈ | မယဉ်မင်းမျိုး | ၀၉-၂၀၂၅၀၄၇ | ကိုထွန်းထွန်းမင်း | ၀၉-၂၀၀၂၄၂၄ |
| မယဉ်မာသိန်း | ၀၉-၅၀၉၂၂၀၅ | ကိုဗိုက်ဆယ် | ၀၉-၅၁၃၆၁၃၈၁ | | |

**ပြန်ကြားရေးကော်မတီ**

## မိတ္ထီလာ (GTI/GTC/TU) မြတ်ဆရာပူဇော်ပွဲ ဖိတ်ကြားလွှာ

မိတ္ထီလာမြို့နည်းပညာကျောင်းတွင် ပညာသင်ကြားခဲ့သော ကျောင်းသား ကျောင်းသူဟောင်းများမှ မိမိတို့၏ ဆရာ ဆရာမ ၂၅၁ ဦးအား ပထမအကြိမ်အဖြစ် ၁၈-၁၂-၂၀၁၆ ရက် နံနက် ၉း၀၀ နာရီမှ ၁၁း၀၀ နာရီအထိ မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကျောင်းသား/သူဟောင်းများအား မြတ်ဆရာပူဇော်ပွဲသို့ တက်ရောက်ကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

**မြတ်ဆရာပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ**

**အောက်ပါဖုန်းနံပါတ်များသို့ အလှူငွေများ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။**

၁။ ကိုထွန်းလင်းဦး ဖုန်း-၀၉-၂၀၅၃၂၇၁
၂။ ကိုညီညီဟန် ဖုန်း-၀၉-၂၅၈၈၉၉၆၆၇

## (၁၉၉၅-၉၆) ရန်ကုန်စက်မှုတက္ကသိုလ်ဝင်ခွင့်ရ ကျောင်းသား ကျောင်းသူများ၏ ပထမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ ဖိတ်ကြားလွှာ

၁၉၉၅-၉၆ ခုနှစ် ရန်ကုန်စက်မှုတက္ကသိုလ်ဝင်ခွင့်ရ ကျောင်းသား ကျောင်းသူဟောင်းများ၏ မေဂျာပေါင်းစုံ ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ ၁၉၉၅ ခုနှစ်မှ ၂၀၀၃ ခုနှစ်အထိ ပညာသင်ကြားပေးခဲ့ပါသော Major - Minor ဆရာ ဆရာမအပေါင်းနှင့် ကျောင်းနေဖက် သူငယ်ချင်းမိတ်ဆွေအပေါင်းအား ကြွရောက်ပါရန် ရိုသေလေးမြတ်စွာ ဖိတ်ကြားအပ်ပါသည်။ ဆရာ ဆရာမများအား ဖိတ်စာ သီးသန့်ပို့ပါမည်။

**ကျင်းပမည့်အစီအစဉ်**

**နေ့ရက်** - ၁၇-၁၂-၂၀၁၆ ရက် (စနေနေ့)
**အချိန်** - နံနက် ၈း၀၀ နာရီမှ ၁၂း၀၀ နာရီထိ
**နေရာ** - ရန်ကုန်နည်းပညာတက္ကသိုလ်စုဝေးခန်းမ

**ဆရာကန်တော့ပွဲဖြစ်မြောက်ရေးကော်မတီ**
**မမြတ်မြတ်မျိုး ဖုန်း-၀၉-၇၃၀၀၉၇၁၆၊ ကိုဇင်မင်းလတ် ဖုန်း-၀၉-၉၇၉၆၁၃၅၉၁**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သပြေကုန်းဈေး ကုန်စိမ်း/ကုန်စုံဆိုင်ခန်း၊ ရုံအမှတ်(၁၅)၊ ဆိုင်ခန်းအမှတ် (၁၇၄)အား ကျောက်ဆည်မြို့၊ ရှားပင်ရွာ၊ အိမ်အမှတ် ၃၁ နေ ဦးဇော်မင်းသန့် ၉/ကဆန(နိုင်)၁၂၀၂၈၃ အမည်ပေါက်ပိုင်ဆိုင်ပြီး ကျောက်ဆည်မြို့၊ ရှားပင်ရွာနေ ဒေါ်သန္တာအောင် ၉/ကဆန(နိုင်)၁၄၄၃၆၇ သို့ အခွန်ထမ်းအမည် ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်ရက်မှ ၁၄ ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် ဈေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဈေးများဌာန**
**နေပြည်တော် စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သပြေကုန်းဈေး ကုန်စိမ်း/ကုန်စုံဆိုင်ခန်း ရုံအမှတ်(၅)၊ ဆိုင်ခန်းအမှတ် (၀၅၄)အား ပျဉ်းမနားမြို့နယ်၊ အုတ်ကျင်းရပ်ကွက်နေ ဒေါ်ကျော့မွန်ခိုင် ၉/ပမန(နိုင်)၁၂၆၆၅၃ အမည်ပေါက်ပိုင်ဆိုင်ပြီး ပျဉ်းမနားမြို့နယ်၊ ပန်းခင်း(၁)ရပ်ကွက်၊ စံပယ်လမ်း၊ အိမ်အမှတ် ၈/၉၆ နေ ဒေါ်တင်နီလာဝင်း ၉/ပမန(နိုင်)၁၉၆၉၁၃ သို့ အခွန်ထမ်းအမည် ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် ဈေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဈေးများဌာန**
**နေပြည်တော် စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သပြေကုန်းဈေး ကုန်စိမ်း/ကုန်စုံဆိုင်ခန်း ရုံအမှတ်(၅)၊ ဆိုင်ခန်းအမှတ် (၀၅၃)အား ပျဉ်းမနားမြို့၊ ကံဦးအုပ်စု၊ သပြေလုရွာနေ ဒေါ်မေသကြိန်လွင် ၉/ပမန(နိုင်) ၂၃၇၈၅၄ အမည်ပေါက်ပိုင်ဆိုင်ပြီး ပျဉ်းမနားမြို့၊ ပန်းခင်း (၁)ရပ်ကွက်၊ စံပယ်လမ်း၊ အိမ်အမှတ် ၈/၉၆ နေ ဒေါ်တင်နီလာဝင်း ၉/ပမန(နိုင်)၁၉၆၉၁၃ သို့ အခွန်ထမ်းအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် ဈေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဈေးများဌာန**
**နေပြည်တော် စည်ပင်သာယာရေးကော်မတီ**

## မတ္တရာ အထက မြတ်ဆရာပူဇော်မည်

မတ္တရာ အထကတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် အသက်(၆၀)ပြည့် ဆရာကြီး ဆရာမကြီးများအား တပည့်များမှ (၁၉)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၈-၁၂-၂၀၁၆ ရက် နံနက် ၁၀ နာရီတွင် အထက မတ္တရာမြို့ အောင်ဆန်းခန်းမ၌ ကျင်းပမည်ဖြစ်ပါ၍ ကန်တော့ခံ ဆရာကြီး ဆရာမကြီးများအား အပူဇော်ခံ ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

တပည့်ကျောင်းသူ ကျောင်းသားများအားလုံးလည်း မပျက်မကွက်တက်ရောက် ဂါရဝပြုကြပါရန်နှင့် ကန်တော့ငွေနှင့် ကန်တော့ခံပစ္စည်းများကို (၁)ဦးကျော်ဇော (တရားလွှတ်တော်ရှေ့နေ၊ မတ္တရာမြို့) ဖုန်း-၀၉-၇၉၇၈၉၉၆၁၀၊ (၂)ဆရာမကြီး ဒေါ်ရီ(အထပြ- ငြိမ်း၊ မတ္တရာမြို့) ဖုန်း-၀၉-၃၃၂၈၃၆၈၇၊ (၃)ဆရာကြီးဦးမြစိန် (ပညာရွှေပြည်နည်းပြ၊ မတ္တရာမြို့)ဖုန်း-၀၉-၇၉၆၉၁၄၉၀၅၊ (၄)ဆရာမဒေါ်စန်းစန်းကြီး အထပြ(ငြိမ်း)၊ မတ္တရာမြို့ ဖုန်း-၀၉-၂၅၆၄၉၀၃၄၅၊ (၅)ဦးကျော်ငွေ (ထွန်းတောက်နည်းပြ၊ မတ္တရာမြို့) ဖုန်း-၀၉-၇၉၇၉၇၇၉၁၀၊ (၆)ဆရာခိုင်မင်းစိုး (အထပြ၊ မတ္တရာ အထက) ဖုန်း-၀၉-၇၉၉၁၅၄၅၄၃ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ရပ်ဝေးမှ ဆရာကြီး ဆရာမကြီးများ သွားလာရေးအဆင်ပြေစေရန် အကြို/အပို့ ကားများ စီစဉ်ထားပါသည်။

မန္တလေးမြို့ ဦးထွန်းမြိုင် ဖုန်း-၀၂-၃၃၉၇၀၊ အောင်ကြီးကဖေးစုရပ်မှ အကြိုကားများ ၂၈-၁၂-၂၀၁၆ ရက် နံနက် ၈ နာရီတွင် အထက မတ္တရာမြို့သို့ ထွက်ခွာမည် ဖြစ်ပါသည်။ အကြိုအပို့တာဝန်ခံစာရေးကြီး ဦးအောင်ကျော် ဖုန်း-၀၉-၇၉၃၇၄၇၈၆၁ နှင့် ဦးအောင်မော် (နေပုညသင်္ဂဟ၊ မတ္တရာ) ဖုန်း-၀၉-၄၀၂၅၇၉၆၁၆ တို့ထံ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီ**

## ကျေးဇူးတင် ဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်း

၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၃ ရက်တွင် ရန်ကုန်မြို့တော်ခန်းမ၌ ကျင်းပခဲ့သော မြန်မာနိုင်ငံစာရေးဆရာအသင်းက ကြီးမှူးကျင်းပခဲ့သည့် ၁၃၇၈ ခုနှစ် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြသော နိုင်ငံတော်သမ္မတရုံး ဦးဝင်းမြင့် (ဥက္ကဋ္ဌ) ပြည်သူ့လွှတ်တော်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ(ဗဟို)၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ (ရန်ကုန်တိုင်းဒေသကြီး)၊ မြို့နယ်စာရေးဆရာအသင်းများနှင့် အခြားအသင်းအဖွဲ့များ၊ ပုဂ္ဂလိကအလှူရှင်များ၊ အခမ်းအနားကျင်းပခွင့်ပြုခဲ့သော ရန်ကုန်မြို့တော်ဝန်နှင့် မြို့တော်စည်ပင်သာယာရေးကော်မတီဝင်များ၊ အနွေးထည်၊ ဆေး၊ ပြက္ခဒိန်၊ စာအုပ်၊ ယပ်တောင်စသည့် ပစ္စည်းအလှူရှင်များ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသူများအားလုံးကို မြန်မာနိုင်ငံစာရေးဆရာအသင်းက အထူးပင် ကျေးဇူးတင်ဝမ်းမြောက်ဂုဏ်ယူပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

**မြန်မာနိုင်ငံစာရေးဆရာအသင်း**


ချောင်းသာကမ်းခြေ ရောက်ပြီဆို ချောင်းသာယာကို စီးဖို့လို့ . . .

**ချောင်းသာယာ အပျော်စီးသင်္ဘော**

**အထူးအစီအစဉ် — (ကြို/ပို့) ပါပြီး၊ တစ်ဦးလျှင် (5,000) ကျပ်**

**ခနေ့ (2:00)နာရီ ကြို၊ (3:30)နာရီကမ်းခြေ ပြန်ရောက် / တနင်္ဂနွေ (9:30)နာရီ ကြို (11:00)နာရီကမ်းခြေ ပြန်ရောက်**

**လက်မှတ်များကို ဥတိုတံတား (ရုံး) နှင့် ချောင်းသာလမ်းမတစ်လျှောက်ရှိ အရောင်းဆိုင်များတွင်ဝယ်ယူရရှိနိုင်ပါသည်။**

စုံတွဲများ၊ မိသားစုများနှင့် Group များအတွက် "Promotion Rate" ဖြင့် "ဗော်တော်အရှယ်စားစုံ" ငှားရမ်းနိုင်ပါသည်။ Tours Company များလည်းဆက်သွယ်နိုင်ပါသည်။ ရန်ကုန်ဖုန်း - 09 49709415

ချောင်းသာယာဆိပ်ကမ်း (ဥတိုတံတားထိပ်) ချောင်းသာကမ်းခြေ။
ဆက်သွယ်ရန် - 09 452 955 661 မှ (5) အထိ။





## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5B/3918 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန (ရွာသာကြီး)

မိုး သတိပြု

# ရခိုင်ပြည်နယ် ဖြစ်စဉ်များနှင့်ပတ်သက်၍ တုံ့ပြန်ချက်များကို မြန်မြန်ဆန်ဆန်ဆောင်ရွက်နိုင်မှ ပြည်သူလူထုနှင့် နိုင်ငံတကာ၏ စိုးရိမ်ပူပန်မှုများကို လျှော့ချပေးနိုင်မည်



ဒုတိယသမ္မတ ဦးမြင့်ဆွေ ရခိုင်ပြည်နယ် စုံစမ်းစစ်ဆေးရေးကော်မရှင် ပထမအကြိမ်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ် (သတင်းစဉ်)

**နေပြည်တော် ဒီဇင်ဘာ ၈**

ရခိုင်ပြည်နယ် ဘူးသီးတောင်နှင့် မောင်တောဒေသဖြစ်စဉ်များနှင့်ပတ်သက်၍ လူထုနှင့်နိုင်ငံတကာက စိတ်ဝင်စားစွာ စောင့်ကြည့်လျက်ရှိပါကြောင်း၊ ထို့ကြောင့် မိမိတို့ကော်မရှင်အနေဖြင့် တုံ့ပြန်ချက်များကို မြန်မြန်ဆန်ဆန်ဆောင်ရွက်နိုင်မှ ပြည်သူလူထုနှင့် နိုင်ငံတကာ၏ စိုးရိမ်ပူပန်မှုများကို လျှော့ချပေးနိုင်မည်ဖြစ်ပါကြောင်း ရခိုင်ပြည်နယ် စုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက ပြောကြားသည်။

*စာမျက်နှာ ၅ ကော်လံ ၁* ❖


အဆိုးမြင်ရင် အကောင်းမဖြစ်ပါ
စာမျက်နှာ-၆

မောင်တောမြို့နယ်၌ သိန်း ၉၀၀၀ ခန့် တန်ဖိုးရှိ စိတ်ကြွဆေးပြားများ ဖမ်းဆီးရမိ
စာမျက်နှာ-၈

ရှမ်းပြည်နယ် အရှေ့မြောက်ဒေသသို့ အင်အားသုံး တိုက်ခိုက်လာသည့် လက်နက်ကိုင် ပူးပေါင်းအဖွဲ့များအား တပ်မတော်က တန်ပြန်တိုက်ခိုက်ချေမှုန်း
စာမျက်နှာ-၉

အလက်ပိုကို ပြန်လည်ရယူနိုင်တော့မည့် ဆီးရီးယားတပ်မတော်နှင့် အပစ်အခတ်ရပ်စဲရန် သူပုန်အဖွဲ့ကြိုးပမ်းလာ
စာမျက်နှာ-၁၀


# ဗြိတိန်နိုင်ငံမှ Daily Mail သတင်းဌာန၏ မဟုတ်မမှန်သတင်း Twitter တွင် ပျံ့နှံ့နေ ကလေးတစ်ဦးအား မြန်မာ့တပ်မတော်က ကျဉ်စက်ဖြင့်တို့၍ ညှဉ်းပန်းနှိပ်စက်နေကြောင်း ဖော်ပြခဲ့

## သတင်းမှားဖော်ပြခဲ့မှုနှင့် ပတ်သက်၍ ထိုက်သင့်သည့် တုံ့ပြန်မှုများ ပြုလုပ်သွားမည်-

**နေပြည်တော် ဒီဇင်ဘာ ၈**

ဗြိတိန်နိုင်ငံမှ Daily Mail သတင်းဌာန၏ ဒီဇင်ဘာလ ၇ ရက် ဒေသစံတော်ချိန် ညနေ ၆ နာရီ ၃၂ မိနစ် Online စာမျက်နှာ၌ ကလေးငယ်တစ်ဦးအား မြန်မာ့တပ်မတော်က ရက်စက်စွာ နှိပ်စက်ညှဉ်းပန်းနေကြောင်း သတင်းမှားတစ်ပုဒ်ကို ဓာတ်ပုံများနှင့်အတူ ဖော်ပြခဲ့ခြင်းနှင့်ပတ်သက်၍ ဥပဒေကြောင်းအရလည်းကောင်း၊ စာနယ်ဇင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရလည်းကောင်း ထိုက်သင့်သည့်တုံ့ပြန်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီက သတင်းထုတ်ပြန်ထားသည်။

Dave Burke ရေးသားသော Heartbreaking images show 'Rohingya toddler tortured with a stun gun by laughing Burmese soldier' as Burma continues crackdown on the country's Muslim minority သတင်းခေါင်းစဉ်ဖြင့် ဖော်ပြထားသည့် ယင်းသတင်းတွင် ကြောက်လန့်ငိုယိုနေသည့် ကလေးငယ်တစ်ဦးအား ကျဉ်စက်ဖြင့်တို့၍ နှိပ်စက်ညှဉ်းပန်းကာ ရယ်မောလျက်ရှိသည့်ဓာတ်ပုံများကို Daily Mail က အွန်လိုင်းစာမျက်နှာတွင် အချိန်အတန်ကြာလွှင့်တင်ခဲ့ပြီးနောက် ဖတ်ရှုသူအချို့က ယင်းသတင်းမှာ ကမ္ဘောဒီးယားနိုင်ငံ၊ Mondulkiri ပြည်နယ်တွင် ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်ဖြစ်ကြောင်း၊ ထိုသို့ ကလေးငယ်အား ညှဉ်းပန်းနှိပ်စက်သူများကို ဖမ်းဆီးထားပြီးဖြစ်ပြီး တစ်ဦး ထွက်ပြေးလွတ်မြောက်လျက်ရှိကြောင်း၊ ထွက်ပြေးလွတ်မြောက်သွားသူမှာ သတင်းဗီဒီယိုဖိုင်ပျံ့နှံ့ပြီးနောက် ကမ္ဘောဒီးယားနိုင်ငံမှ ထွက်ပြေးသွားခြင်းဖြစ်ကြောင်း ယင်းသတင်းအောက်တွင် မှတ်ချက်များ ဝင်ရောက်ရေးသားခဲ့သည်ကို တွေ့ရှိရခြင်းဖြစ်သည်။

*စာမျက်နှာ ၅ ကော်လံ ၁* ✻

**❑ ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားခဲ့သော လုံခြုံရေးတပ်ဖွဲ့ဝင်များအား အကြမ်းဖက် စီးနင်းတိုက်ခိုက်ခံရမှုများ ဖြစ်ပွားပြီးနောက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိသော်လည်း မောင်တောဒေသတွင် ဖြစ်ပွားခဲ့ခြင်းမဟုတ်သည့် အခြားနေရာဒေသများမှ ဓာတ်ပုံများ၊ ဗီဒီယို မှတ်တမ်းများ၊ လုပ်ကြံဖန်တီးထားသည့် သတင်းမှားများ အမြောက်အမြား ပျံ့နှံ့လျက်ရှိ**